# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၃၂]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏နှစ် (၇၀)ပြည့်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမစ္စတာကျုံးသန်စန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

# အနာဂတ်အတွက် တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်

**နိုင်ငံတော်သမ္မတ ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**(၁-၉-၂၀၁၅)**

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ နိုင်ငံရဲ့လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဩဂုတ်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း ပြည်နယ်နဲ့တိုင်းဒေသကြီးအချို့မှာ ရေကြီးရေလျှံတဲ့အန္တရာယ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အခုရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ရေလွှမ်းမိုးမှုဖြစ်စဉ်တွေကို ရင်ဆိုင်တုံ့ပြန်ရာမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အတွေ့အကြုံနဲ့ အရင်းအမြစ်မလုံလောက်မှုတွေကြားကပဲ ပြည်သူလူထုတစ်ရပ်လုံးရဲ့ စိတ်ဓာတ်ခွန်အားနဲ့ အကောင်းဆုံးရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါတယ်။ တိုင်းပြည်မှာ အခက်အခဲကြုံတဲ့အခါ နိုင်ငံသားအချင်းချင်းကူညီရိုင်းပင်းမှုဆိုတဲ့ မြန်မာ့ဓလေ့ကို ဒီဖြစ်စဉ်မှာ ဂုဏ်ယူစွာတွေ့မြင်ခဲ့ရပါတယ်။ အထူးသဖြင့်တော့ တိုင်းပြည်အပေါ်မှာ အစဉ်တာဝန်ကျေခဲ့တဲ့ လူငယ်ထုတွေရဲ့အခန်းကဏ္ဍကို တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံ ရင်ဆိုင်ခဲ့ရတဲ့ ရေကြီးရေလျှံမှုဖြစ်စဉ်မှာ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ နိုးကြားစွာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက်သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၈၄ ဒသမ ၄၄၄ ဘီလီယံသုံးစွဲပြီးဖြစ်

သတင်း၊ စာမျက်နှာ-၈




ကလေးမြို့အရေးပေါ် လျှပ်စစ်ဓာတ်အားပေးမည့် မီးစက်များကို ဝန်ချီစက်ဖြင့်သယ်ချနေစဉ်။

## ယနေ့ မာတိကာ


မြန်မာသတင်းစာဆရာများ ဥရောပသို့ သွားရောက်နိုင်မည့် အခွင့်အရေး စာ ၂

ပန်ကောက်ဗုံးခွဲ သံသယရှိသူ အမျိုးသမီး အာဏာပိုင်များနှင့် အဆက်အသွယ် ပြုလုပ် စာ ၄

ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ဖြစ်နေသည့် တောင်ဆူဒန် ပြည်တွင်းစစ် ပဋိပက္ခ စာ ၅





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အတုအပများ သတိပြု

နည်းပညာများတိုးတက်လာမှုနှင့်အတူ အတုအပပြုလုပ်မှုများ များပြားလာသည်ကိုတွေ့ရသည်။ ကွန်ပျူတာကဲ့သို့သော နည်းပညာကို အသုံးချပြီး ဥပဒေနှင့်မလွတ်ကင်းသော စာရွက်စာတမ်းနှင့် ထောက်ခံချက်အမျိုးမျိုးကို အတုအပပြုလုပ်လာကြသည်။ နည်းပညာတိုးတက်မှုကိုအခွင့်ကောင်းယူပြီး အတုအပ ပြုလုပ်လာကြသည်။ နည်းပညာသည် တုပမှုတစ်ခုခုပြုလုပ်ရန် အထောက်အကူပြုလာသည့်အလျောက် တုပမှုများ ပိုမိုပြုလုပ်လာကြသည်။

မကြာသေးမီက ကွန်ပျူတာနည်းပညာအသုံးချပြီး ရန်ကုန်မြို့တွင် ရဲစခန်းထောက်ခံစာအတု၊ အိမ်ထောင်စုစာရင်းအတု၊ မှတ်ပုံတင်အတုများ ပြုလုပ်သူများကို လဝကနှင့်ပြည်သူ့ ရဲတပ်ဖွဲ့တို့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ထိုအတောအတွင်း ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ဖုံးအတုပြုလုပ်သည့် သတင်းတစ်ပုဒ်ကိုလည်း ကြားသိလိုက်ရသည်။ အတုအပများပြုလုပ်လာသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

မည်သည့်အတွက်ကြောင့် ဤသို့အတုအပများပြုလုပ်နေသည်ကို စဉ်းစားရန် အချက်နှစ်ချက်ရှိပါသည်။ လဝကနှင့် ရဲစခန်းတို့၌ မှတ်ပုံတင်အိမ်ထောင်စုစာရင်း၊ ရဲစခန်းထောက်ခံစာတို့ကို ပြုလုပ်ရန် အခက်အခဲများရှိနေ၍လား၊ ယင်းတို့ကိုပြုလုပ်ရန် ငွေကြေးများစွာ လာဘ်ပေးနေ၍လား၊ သို့မဟုတ် အတုအပများကိုအသုံးချပြီး တစ်စုံတစ်ခုသော မကောင်းမှုဒုစရိုက်လုပ်ငန်းများ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင် လို၍လား ဆိုသည်ကို စဉ်းစားစရာပင်ဖြစ်ပါသည်။

သို့ရာတွင် ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်(နိုင်ငံသားစိစစ်ရေးကတ်ပြား)များကို အခမဲ့ပြုလုပ်ပေးနေခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာ မှန်ကန်မှုဖြစ်ရန်သာ အရေးကြီးပါသည်။ ငွေကြေးတစ်စုံတစ်ရာ ပေးစရာမလိုဘဲ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းနှင့်မှတ်ပုံတင်တို့ကို ပြုလုပ်နိုင်ပါသည်။ မှန်ကန်အောင်စစ်ဆေးမှုအရ အချိန်အနည်းငယ်ပေးရသည်သာရှိပါသည်။ ထောက်ခံချက်အများစုကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤသို့ အတုအပများပြုလုပ်လာခြင်းသည် ပြဿနာများ ရှိလာနိုင်ပါသည်။ ဥပမာအားဖြင့် မှတ်ပုံတင်အတုကိုကိုင်ဆောင်ပြီး မကောင်းမှုဒုစရိုက်အလုပ်များ ပြုလုပ်လာနိုင်ပါသည်။ ရဲစခန်းထောက်ခံချက်အတုကို အသုံးချပြီး အလွဲသုံးစားမှုများပြုလုပ်လာနိုင်ပါသည်။ ဤသို့အတုအပများပြုလုပ်၍ အသုံးပြုနေခြင်းသည် မကောင်းမှုဒုစရိုက်များပြုလုပ်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ဖွယ်ရှိပါသည်။

သို့ရာတွင် မည်သည့်အတုအပပြုလုပ်မှုမဆို အစစ်ဖြစ်မလာနိုင်ပါ။ အစစ်ပစ္စည်းတိုင်းသည် တုပမှုမပြုလုပ်နိုင်အောင် လျှို့ဝှက်ချက်များစွာဖြင့် ပြုလုပ်ထားခြင်းကြောင့် အတုအပပြုလုပ်ရန် မဖြစ်နိုင်ပါ။ အမှန်အားဖြင့် အတုအပပြုလုပ်သူများသည် အလွန်ဦးနှောက်အသိဉာဏ်နည်းသူများသာ ဖြစ်သည်။ ယင်းတို့၏ အတုအပပြုလုပ်မှုကို သာမန်ပြည်သူများက အလေးထားမှုနည်း၍ မသိနိုင်သော်လည်း ကျွမ်းကျင်သူများက သိပါသည်။ သို့ဖြစ်၍ အတုအပများပြုလုပ်၍ ဥပဒေဘောင်နှင့်မလွတ်ကင်းသော အလုပ်များ ပြုလုပ်နေခြင်းကို ရပ်တန်းက ရပ်သင့်ရန် အသိပေးအပ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# မြန်မာသတင်းစာဆရာများ ဥရောပသို့ သွားရောက်နိုင်မည့်အခွင့်အရေး

**နေပြည်တော် စက်တင်ဘာ ၁**

နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ လေးရက်ကြာကျင်းပမည့် ဆွေးနွေးပွဲသို့ စရိတ်ငြိမ်းတက်ရောက်နိုင်ရေးအတွက် ၂၀၁၅ခုနှစ် သတင်းစာဆရာပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ အီးယူက ယနေ့သတင်းထုတ်ပြန်သည်။ အာရှတိုက်ရှိနိုင်ငံများမှ သတင်းစာဆရာများနှင့် ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ သတင်းစာဆရာနှစ်ဦးကို ရွေးချယ်မည်ဖြစ်သည်။

ဥရောပသမဂ္ဂနှင့်ပတ်သက်၍ ပိုမိုနားလည်ပြီး ဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်၍စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါဆွေးနွေးပွဲသည် သတင်းစာဆရာများ ၎င်းတို့၏လုပ်ငန်းခွင်တွင် ပိုမိုနားလည်တတ်ကျွမ်းလာပြီး ဥရောပသမဂ္ဂ၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်စေရေး အထောက်အကူပြုမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ကြား နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကအချက်များကို ဆွေးနွေးနိုင်မည့်အပြင် ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခွင့်ရရှိမည်ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေးတွင် စိတ်ပါဝင်စားပြီး မြန်မာနိုင်ငံ၏ မိတ်ဖက်ဖြစ်သော ဥရောပသမဂ္ဂအကြောင်း စိတ်ပါဝင်စားသည့် မြန်မာသတင်းစာဆရာနှစ်ဦးရွေးချယ်မည်ဖြစ်၍ မြန်မာပတ်စ်ပို့ကိုင်ဆောင်သူ၊ အင်္ဂလိပ်စာကျွမ်းကျင်သူများ လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးမှတ်တမ်းနှင့်အတူ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ၏ဆက်ဆံရေး၊ ဥရောပသမဂ္ဂအကြောင်းများကို စာတစ်စောင်ရေးသား၍ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် Kristian. MOLLER-DANIELSEN @ eeas.europa.eu သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ခြူးစန္ဒီနွေး**

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ထားဝယ် စက်တင်ဘာ ၁**



ထားဝယ်ခရိုင် နဘူးလည်ဒေသရှိ ထားဝယ်အထူးစီးပွားရေး ဇုန်ကနဦးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဩဂုတ်လ စတုတ္ထပတ်က ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်သည် ပန်းတင်အင်းချောင်းအတွင်း ဆိပ်ကမ်းငယ် တည်ဆောက်ထားရှိမှု၊ ဘဝါကျောက် ထုတ်လုပ်ငန်းများ ဆောင်ရွက်မည့်နေရာ၊ ပြန်လည်နေရာချထားမည့် အိမ်ရာစီမံကိန်း တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် အီတာလျံ-ထိုင်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကနဦးစီမံကိန်းလုပ်ငန်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ ရှိသကဲ့သို့ အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီမှ ဆောင်ရွက်ရမည့် လုပ်ငန်းများလည်းရှိကြောင်း၊ ထို့ကြောင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ဒေသခံလုပ်သားများအား ယခင်ထက်ပို၍ အလုပ်အကိုင်များ ဖန်တီးပေးစေလိုကြောင်းစသည်ဖြင့် ဆွေးနွေးသည်။

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော အလုပ်သမားများနေထိုင်ရန် ငါးထပ်အဆောက်အအုံ တည်ဆောက်နေမှု၊ ကနဦးစက်မှုဇုန်အတွင်း ပထမအဆင့် မြေနေရာပြင်ဆင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကွန်ကရစ်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။ ထားဝယ် အထူးစီးပွားရေးဇုန် ကနဦး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ အီတာလျံ-ထိုင်း စုပေါင်းကုမ္ပဏီအဖွဲ့နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့အကြား လုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်အား ဩဂုတ် ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အီတာလျံ-ထိုင်း ကုမ္ပဏီမှ ကနဦးစီမံကိန်းလုပ်ငန်းများအား စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၁-၉-၂၀၁၅

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၅၀၀ |

**စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၃ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၉.၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ |

ခင်ရတနာ-စုစည်းသည်။

*✱ ရှေ့ဖုံးမှ*

ပါဝင်လာဖို့အတွက် လူငယ်တွေဟာ သူတို့တတ်နိုင်တဲ့ အတိုင်းအတာအတွင်းကနေ စိတ်ကူးစိတ်သန်းအသစ်တွေနဲ့ မမောနိုင်မပန်းနိုင် ကြိုးပမ်းလှုံ့ဆော်ခဲ့ကြပါတယ်။ တစ်ဆက်တည်းမှာပဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အစိုးရအဖွဲ့အစည်းများဟာလည်း ကယ်ဆယ်ထောက်ပံ့ရေးမှာ အင်အားများကို အစွမ်းကုန်အသုံးချခဲ့တာ ချီးကျူးဂုဏ်ပြုရမှာဖြစ်ပါတယ်။ ကူညီထောက်ပံ့ခဲ့ကြတဲ့ နိုင်ငံရပ်ခြားမိတ်ဆွေတိုင်းပြည်များနဲ့ အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

လက်ရှိမှာ ကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေးကိစ္စတွေအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တစ်ပြိုင်နက် စတင်ရတော့မှာ ဖြစ်ပါတယ်။ ဒီလို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်တဲ့အခါမှာလည်း ပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုတွေကို ဆက်လက်လိုအပ်မှာဖြစ်ပါတယ်။

ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ရေတို၊ ရေရှည်အစီအမံများနဲ့ ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စရပ်များအဖြစ်ခွဲခြားပြီး အလုံးစုံခြုံငုံတဲ့ လုပ်ငန်းစဉ်တွေအဖြစ် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူများရဲ့ ဘက်စုံလူမှုစီးပွားရေးဘဝတွေ ပြန်လည်ဖွံ့ဖြိုးရှင်သန်လာဖို့လည်း ရေရှည်အစီအမံများ ချမှတ်ပြီး ထိရောက်စွာ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လတ်တလောအတွက် သင့်တင့်လျောက်ပတ်တဲ့ စားစရာ၊ နေစရာ၊ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေးနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ပညာပြန်လည်သင်ကြားခွင့်ရရှိနိုင်ဖို့ ဦးစားပေးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေကြီးမှုကြုံတွေ့ခဲ့ရတဲ့ဒေသတွေကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး အားပေးမှု၊ လိုအပ်တဲ့ညွှန်ကြားမှုတွေကို အစဉ်ပြုလုပ်လျက်ရှိပါတယ်။ ပြည်သူလူထုများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ လက်တွဲကြိုးပမ်းရမယ့် ကိစ္စရပ်များမှာလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့ အစိုးရအဖွဲ့အစည်းများထံ ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။

အလားတူ အထူးအခြေအနေလိုအပ်ချက်တစ်ခုအနေနဲ့ ရေကြီးမှုကိုရင်ဆိုင်ခဲ့ရတဲ့ ပြည်သူများရဲ့ အရေးကြီးတဲ့ နိုင်ငံသားအခွင့်အရေးဖြစ်တဲ့ မဲပေးခွင့် မဆုံးရှုံးစေဖို့ပဲဖြစ်ပါတယ်။ ရေကြီးမှုကြောင့် ဆုံးရှုံးသွားခဲ့ရတဲ့ မဲစာရင်းများ ပြန်လည်ပြုစုနိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဆောင်ရွက်နေပြီးတော့ ကျွန်တော်တို့အစိုးရအနေနဲ့လည်း အုပ်ချုပ်ရေးကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်မှုတွေထဲမှာ သန်းခေါင်စာရင်းများ ပြန်လည်ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်ထုတ်ပေးခြင်းများလည်း ပါဝင်ပါတယ်။

မကြာမီ ကျင်းပတော့မယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် အလွန်ကြီးမားတဲ့ အဆင့်တစ်ဆင့်၊ ဖြစ်စဉ်တစ်ရပ်ဖြစ်ပါတယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေဖို့ အထူးအရေးကြီးတယ်လို့ မှတ်ယူပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြည်သူများ မြင်တွေ့လိုတဲ့ အနာဂတ်နိုင်ငံတော်သစ်တစ်ရပ်ကို ဖန်တီးတည်ဆောက်ခြင်းအတွက် အရေးကြီးတဲ့အဆင့်လည်းဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူလူထုအနေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ကိုယ်စီကျေပွန်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့်တော့ အခြေခံကျတဲ့ နိုင်ငံသားတာဝန်ဖြစ်တဲ့ ဆန္ဒမဲပေးခြင်းဆိုတဲ့ တာဝန်ကို မပျက်မကွက်ထမ်းဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီလို ဆန္ဒမဲပေးတဲ့အခါမှာလည်း မိမိတို့ကို အမှန်တကယ်ကိုယ်စားပြုမယ့်၊ ပြည်သူလူထုရဲ့ လိုလားချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်တဲ့၊ အရည်အသွေးရှိတဲ့ လူထုကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပေးကြဖို့ အထူးအရေးကြီးပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့အားလုံးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားပြီး ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကနေ ဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ ရက်ပိုင်းအတွင်းမှာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ စတင်ရတော့မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ပြိုင်ဆိုင်ကြတော့မယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကချမှတ်ထားတဲ့ မူဘောင်၊ စည်းမျဉ်းစည်းကမ်းများအတွင်းမှ ဒီမိုကရေစီနည်းလမ်းကျ မဲဆွယ်စည်းရုံးမှုအားလုံးကို လက်ခံကြိုဆိုသွားမှာ ဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံဟာ ဓလေ့ထုံးတမ်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံရှိတဲ့ လူမျိုးစုများစွာ နေထိုင်တဲ့တိုင်းပြည်ဖြစ်တဲ့အတွက် မိမိတို့ရဲ့ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရဲ့ လူမှုသဟဇာတဖြစ်မှုနဲ့ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုများအပေါ် ထိခိုက်နစ်နာစေမယ့်ကိစ္စရပ်တွေ မပေါ်ပေါက်စေဖို့ အထူးသတိပြုကြရမှာ ဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေမယ့် လှုံ့ဆော်ဟောပြောမှုတွေ မပေါ်ပေါက်စေဖို့ နိုင်ငံရေးပါတီများအနေနဲ့ အထူးတာဝန်ယူစောင့်စည်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံရေးအင်အားစုအချင်းချင်း ပြစ်တင်ဝေဖန်ရှုတ်ချစွပ်စွဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပျက်ပြားစေမယ့် ဟောပြောစည်းရုံးမှုတွေအစား မိမိတို့ ကိုယ်စားပြုမယ့် ပြည်သူများရဲ့

■ မကြာမီ ကျင်းပတော့မယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလွန်ကြီးမားတဲ့ အဆင့်တစ်ဆင့်၊ ဖြစ်စဉ်တစ်ရပ်ဖြစ်

■ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေဖို့ အထူးအရေးကြီး

အနာဂတ်အိပ်မက်တွေဖြစ်တဲ့ မြန်မာနိုင်ငံသစ်အတွက် ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေပါဝင်တဲ့ မဲဆွယ်စည်းရုံးမှုများဖြစ်စေဖို့ ထပ်မံတိုက်တွန်းလိုပါတယ်။ အထူးသဖြင့်တော့ ကိုယ်စားပြုမှုကိုယ်စီ အခိုင်အမာရှိကြတဲ့ နိုင်ငံရေးအင်အားစုအသီးသီးဟာ စေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှု ဆက်လက်ရှင်သန်နေစေဖို့ ကြိုးပမ်းရမှာ ဖြစ်ပါတယ်။

အစိုးရအဖွဲ့အနေနဲ့လည်း အုပ်ချုပ်ရေးကဏ္ဍရဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းကနေ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲများဖြစ်စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီနဲ့ ရွေးကောက်ပွဲအပြီး ကြားကာလများရဲ့ နိုင်ငံရေးတည်ငြိမ်မှုရှိစေပြီး ပြည်သူလူထုရဲ့ ဆန္ဒမဲများနဲ့အညီ ပေါ်ပေါက်လာမယ့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ်ကို ညင်သာစွာ အသွင်ကူးပြောင်းနိုင်စေဖို့လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့အစည်းများကိုလည်း ရွေးကောက်ပွဲဖြစ်စဉ်များ လေ့လာစောင့်ကြည့်နိုင်ဖို့ ဆောင်ရွက်ထားကြောင်းလည်း တစ်ဆက်တည်း အသိပေးပြောကြားအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ခေါင်းနဲ့ပန်းလို ဒွန်တွဲနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး ဖြစ်စဉ်ဟာလည်း ကြီးမားတဲ့ ထူးခြားတိုးတက်မှုတွေ ရရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်မှာ အဆင့်အမြင့်ဆုံးနဲ့ အကျယ်ပြန့်ဆုံးလို့ဆိုရမယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အတည်ပြုမှုကြမ်းပြီးစီးကြောင်း ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်ခေါင်းဆောင်များဟာ ဩဂုတ်လ ၇ ရက်နေ့မှာ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။

ဒီစာချုပ်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးအတွက် အဓိက ကတိကဝတ်ကြီးနှစ်ခုဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးအရအဖြေရှာဖို့နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးဆိုတဲ့ သဘောတူညီချက်နှစ်ခုကိုလည်း ထည့်သွင်းချုပ်ဆိုထားတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့တဲ့ လိုလားချက်များနဲ့ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အာမခံချက်များ၊ အစီအမံများကို ဒီစာချုပ်က ခိုင်ခိုင်မာမာ ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။

ဒီစာချုပ်မှာ လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် လက်ငင်းရမယ့် အကျိုးကျေးဇူးကတော့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများက ပြည်သူများအနေနဲ့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်ကို လက်တွေ့ခံစားနိုင်ခြင်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်ကာလမှာပင်လျှင် လက်နက်ကိုင်ပဋိပက္ခများ လျော့ပါးမှုကြောင့် ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုတွေ များစွာတိုးတက်ခဲ့တာကိုလည်း သိရှိကြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည် ခေတ်နောက်ကျကျန်ခဲ့ရတဲ့ အကြောင်းအရင်းများစွာထဲမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဟာ ကြီးမားတဲ့ အကြောင်းအရာတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံတစ်ဝန်းလုံးက ပြည်သူတစ်ဦးတစ်ယောက်ချင်းစီရဲ့ ဘဝများကို ရိုက်ခတ်နေတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်သည် မြန်မာနိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ရှုမြင်ပါတယ်။ ဒါကြောင့် ပြည်သူလူထု တစ်ဦးချင်းစီရဲ့ဘဝနဲ့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို ကျွန်တော်တာဝန်ယူတဲ့ကာလအတွင်းမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ကတိပြုပြောကြားအပ်ပါတယ်။ လက်ရှိအခြေအနေမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံးစတင်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံ ဒီစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးကြဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ အမြန်ဆုံး လက်မှတ်ရေးထိုးကြဖို့လည်း ဒီနေရာကနေတစ်ပါတည်း ထပ်မံဖိတ်ခေါ်အပ်ပါတယ်။

ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဟာ ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်ချိန်တည်းက ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါတယ်။ ဒီရည်မှန်းချက် ပြည့်မီဖို့အတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုတွေနည်းတူ လိုအပ်တဲ့ခေတ်စနစ်နဲ့လျော်ညီတဲ့ ဥပဒေတွေကိုပါ ဆောင်ရွက်ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ လျော်ညီတဲ့ အနိမ့်ဆုံးလုပ်ခလစာကို ၃၆၀၀ ကျပ် သတ်မှတ်နိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့မှာ စတင်အသက်ဝင်တော့မှာဖြစ်တဲ့အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၉ /၂၀၁၅**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)
**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်-

(၁) ဗိုလ်မှူးကြီး ဇော်လင်းအောင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး မောင်မောင်ဝင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၀/ ၂၀၁၅**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)
**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ( ခ)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ပုဒ်မခွဲ (ဂ) ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (ဂ) ၊ပုဒ်မ ၈၂ ၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) ၊ပုဒ်မခွဲငယ်(၂) ၊ ပုဒ်မခွဲ(ခ) ၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆ ၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး နိုင်ဦး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး ကျော်စွာလှိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဗန်ကောက်ဗုံးခွဲသံသယရှိ အမျိုးသမီး အာဏာပိုင်များနှင့် အဆက်အသွယ်ပြုလုပ်

**ဗန်ကောက် စက်တင်ဘာ ၁**

မကြာသေးမီက ဗန်ကောက်ဗုံးဖောက်ခွဲ သံသယရှိသူ အမျိုးသမီးတစ်ဦးက ထိုင်းအာဏာပိုင်များထံ စုံစမ်းစစ်ဆေးမှုကို အထောက်အကူ ဖြစ်စေရန် ဆက်သွယ်မှု ပြုလုပ်ခဲ့ကြောင်း အမျိုးသားတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောသည်။

ဖမ်းဝရမ်းထုတ်မှုကို ရင်ဆိုင်နေရသော ထိုင်းနိုင်ငံသူ ဝမ်နာဆွမ်ဆန်း ဆိုသူသည် ယခုအခါ အခြားနိုင်ငံ၌ နေထိုင်လျက်ရှိပြီး ထိုင်းအာဏာပိုင်များနှင့် အဆက်အသွယ် ပြုလုပ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဝင်ထိုင်းဆူဝါရီက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဩဂုတ် ၁၇ ရက်က ဗန်ကောက်မြို့လယ် ဘုရားကျောင်း ဗုံးဖောက်ခွဲမှုတွင် ပါဝင်သည်ဟု ယူဆရသော ရုပ်အကျီ အဝါရောင်ဝတ်ဆင်သည့် အမျိုးသားတစ်ဦးအပါအဝင် သံသယရှိသူ လေးဦးကို ထိုင်းတရားရုံးတစ်ရုံးက ဖမ်းဝရမ်းထုတ်ခဲ့သည်။

အင်္ကျီအပြာရောင်ဝတ် အမျိုးသားတစ်ဦးသည်လည်း နောက်တစ်ရက်ဗုံးပေါက်ကွဲမှုနှင့် ဆက်စပ်ဖွယ်ရှိကြောင်း ဝင်ထိုင်းက ပြောသည်။

ဗန်ကောက်မြို့လယ် ဘုရားကျောင်း၌ ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံးလူ ၂၀ သေဆုံးကာ ၁၂၀ ကျော် ဒဏ်ရာရခဲ့သည်။ **(ဆင်ဟွာ)**

## အကျဉ်းထောင်မီးလောင်မှုကြောင့် လူ ၁၇ ဦးသေဆုံး

**ကရာကက်(စ်) စက်တင်ဘာ ၁**

ဗင်နီဇွဲလားနိုင်ငံမြောက်ပိုင်း အကျဉ်းထောင်တစ်ခုတွင် မီးလောင်ကျွမ်းမှုကြောင့် လူ ၁၇ ဦးသေဆုံးခဲ့သည်။ သေဆုံးသူထဲမှ ကိုးဦးမှာ အကျဉ်းသားများဖြစ်ပြီး အခြား ၁၆ ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်ဟု တနင်္လာနေ့တွင် သက်ဆိုင်ရာအာဏာပိုင်များက အတည်ပြုခဲ့သည်။

ကာရာဘိုဘိုပြည်နယ်ရှိ Tocuyito အကျဉ်းထောင်တွင် ရှစ်နာရီကြာ မီးလောင်ကျွမ်းမှုကြောင့် အမျိုးသမီးရှစ်ဦးနှင့် အမျိုးသားကိုးဦး သေဆုံးခဲ့သည်ဟု ရှေ့နေချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။



သေဆုံးသူ ၁၇ ဦး၏ သေဆုံးမှုကိုစစ်ဆေးရန် အစိုးရ ရှေ့နေများအား ညွှန်ကြားထားပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကြောင့် မီးလောင်ကျွမ်းရခြင်းဖြစ်သည်ဟု လူမှုမီဒီယာများတွင် ဖော်ပြကြသည်။

ဒဏ်ရာရသူများနှင့်သေဆုံးသူများ၏ ကိုယ်ရေးအချက်အလက်များကို အတိအကျမသိရသေးပေ။ ဒဏ်ရာရသူများကို အနီးစပ်ဆုံးဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်ဟု မီဒီယာများက ပြောသည်။

အဆိုပါအကျဉ်းထောင်သည် ၂၀၁၄ ခုနှစ်တွင် အစိုးရက ပြန်လည်ပြုပြင်ပေးခဲ့သော အကျဉ်းထောင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အကျဉ်းသားများ များပြားနေသည့်အတွက် အကျဉ်းသား ၂၀၀၀ ကို နေရာရွှေ့ပြောင်းခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဗင်နီဇွဲလားသမ္မတက အကျဉ်းထောင်အဆောက်အအုံများကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး အကျဉ်းဦးစီးဝန်ကြီးဌာနကို အကျဉ်းထောင်များအသစ်ပြန်လည်တည်ဆောက်ရန် တိုက်တွန်းခဲ့သည်။ **(ဆင်ဟွာ)**

## ဂါဇာအဓိကနယ်စပ်ဖြတ်ကျော်ဂိတ် အစ္စရေးပိတ်၊ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့်ဟုဆို



**ဂါဇာ စက်တင်ဘာ ၁**

အစ္စရေးတောင်ပိုင်းသို့ ကမ်းရိုးတန်းဒေသဘက်မှ ဒုံးကျည်တစ်စင်းနှင့်ကျရောက်ခဲ့ပြီးနောက် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း အီရက်ဇ် နယ်စပ်ဒေသကို အင်္ဂါနေ့နံနက်ပိုင်းတွင် အစ္စရေးတို့က ပိတ်ထားလိုက်သည်။

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတောင်ပိုင်းသို့ စစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ခတ်လိုက်ပြီးနောက် ဂါဇာနယ်စပ်ဖြတ်ကျော်ဂိတ်ကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ကိုးကားလျက် အစ္စရေးမီဒီယာက ဖော်ပြသည်။ အဆိုပါဒုံးကျည်ဖြင့် ပတ်ခတ်ခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် ပျက်စီးမှု တစ်စုံတစ်ရာမရှိဟု ဆိုသည်။

အစ္စရေးတို့အနေဖြင့် နောက်ထပ် သတိပေးမှု တစ်စုံတစ်ရာမရသည့်တိုင်အောင် အီရက်ဇ်၏နယ်စပ်ဖြတ်ကျော်ဂိတ်ကို ပိတ်ထားလိမ့်မည်ဖြစ်ကြောင်း၊ ဟားမားစ်အဖွဲ့၏ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းကြေညာချက် တစ်ရပ်ထုတ်ပြန်ထားသည်။

လူသားချင်းစာနာမှုအကူအညီ၊ အထူးသဖြင့်အစ္စရေးနှင့် အနောက်ဘက်ကမ်းဒေသရှိ ဆေးရုံများသို့ ဆေးကုသရန် လူနာများကို ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အင်္ဂါနေ့က အမည်မသိ စစ်သွေးကြွများက ဂါဇာမှအစ္စရေးသို့ ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ရာ ဒုံးကျည်မှာ နယ်စပ်ခြံစည်းရိုးအနီး ကျရောက်ခဲ့ကြောင်း ဆိုသည်။ **(ဆင်ဟွာ)**

## ဆိုမာလီတောင်ပိုင်းရှိ အာဖရိကသမဂ္ဂ၏ စစ်အခြေစိုက်စခန်းကို အယ်လ်ရှာဘတ်စစ်သွေးကြွများက တိုက်ခိုက်မှုကြောင့် အများအပြားသေဆုံး

**မိုဂါဒစ်ရှူး စက်တင်ဘာ ၁**

ဆိုမာလီတောင်ပိုင်းရှိ အာဖရိကသမဂ္ဂ (အေယူ) အခြေစိုက်စခန်းတစ်ခုကို အင်္ဂါနေ့အစောပိုင်းတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ကြောင်း အဆိုပါ စစ်သွေးကြွအုပ်စုနှင့် ဒေသခံများက ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် များစွာသော အေယူ တပ်ဖွဲ့ဝင်များ သေဆုံးသွားခဲ့ကြောင်း အတည်မပြုနိုင်သောသတင်းများက ဆိုသည်။



ယင်းအခြေစိုက်စခန်းကို အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားတစ်ဦးက ကားဗုံးခွဲတိုက်ခိုက်ပြီး သေနတ်သမားများက စခန်းအတွင်းရှိ တပ်ဖွဲ့ဝင်များကို ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း အယ်လ်ခိုင်ဒါမဟာမိတ်စစ်သွေးကြွများက ပြောသည်။

မြို့တော်မိုဂါဒစ်ရှူးတောင်ဘက် ၅၅ မိုင်အကွာ ဂျာနေးလ်အခြေစိုက်စခန်း တိုက်ခိုက်မှုအတွင်း ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၅၀ ခန့် သေဆုံးသွားကြောင်း အယ်လ်ရှာဘတ်အဖွဲ့က ပြောသည်။ "ဒီအခြေစိုက်စခန်းက ကျုပ်တို့ရဲ့ထိန်းချုပ်မှုအောက်မှာ ရောက်သွားခဲ့ပါပြီ"ဟု အယ်လ်ရှာဘတ် ပြောရေးဆိုခွင့်ရှိသူ အဘူမူဆက်က ပြောသည်။

စစ်သွေးကြွများအနေဖြင့် အခြေစိုက်စခန်းအနီး တံတားကို ဖျက်ဆီးလိုက်သဖြင့် စစ်အခြေစိုက်စခန်းမှာ အကြီးအကျယ်ထိခိုက်မှုရှိခဲ့ကြောင်း ဂျာနေးလ်မြို့အနီး ဆိုမာလီစစ်ဘက်အရာရှိ ဗိုလ်ကြီးဘီလိုအိုင်ဒိုက ပြောသည်။ **(ရိုက်တာ)**

## လော့စ်အိန်ဂျလိစ်မှ ရဲများ ပတ္တရောင်လှည့်သည့်အခါ ကင်မရာတပ်ဆင်အသုံးပြု

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁**

လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့ဝင်များ ပတ္တရောင်လှည့်သည့်အခါ ခန္ဓာကိုယ်များတွင် ကင်မရာတပ်ဆင်မည်ဖြစ်ပြီး ကင်မရာအသစ်များကို ရဲဌာနသုံးခုတွင် စတင်တပ်ဆင် အသုံးပြုနေပြီဖြစ်သည်။ အခြားရဲဌာနနှစ်ခုမှာလည်း လာမည့်လအတွင်း ကင်မရာတပ်ဆင်အသုံးပြုတော့မည် ဖြစ်သည်။

ဆန်ဖာနန်ဒို တောင်ကြားရှိ ပတ္တရောင်ရဲအရာရှိများသည် အဆိုပါ ကင်မရာများကို ပထမဦးဆုံး အသုံးပြုခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့ရှိ ရဲဌာနများသို့ ကင်မရာပေါင်း ၈၆၀ ကျော် ပေးပို့မည်ဖြစ်ကြောင်း ဒေသန္တရမီဒီယာများက ပြောသည်။

ခန္ဓာကိုယ်တွင် တပ်ဆင်နိုင်သည့် အဆိုပါ ကင်မရာများကို လူ့ခန္ဓာကိုယ်၏ ရင်အုပ်တွင် တပ်ဆင်အသုံးပြုရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ **(ဆင်ဟွာ)**



# ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ဖြစ်နေသည့် တောင်ဆူဒန်ပြည်တွင်းစစ်ပဋိပက္ခ

ထွန်းတောက်

**အရေးယူပိတ်ဆို့မှု**

လူတစ်သောင်းကျော်သေဆုံးပြီး ပြည်သူနှစ်သန်းကျော် စစ်ပြေးဒုက္ခသည်များဖြစ်ကာ စားနပ်ရိက္ခာပြတ်လပ်၍ အငတ်ဘေး ဆိုက်ရောက်နေသော တောင်ဆူဒန်ပြည်တွင်းစစ်ပွဲ အဆုံးသတ်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ကျင်းပပြုလုပ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် သဘောတူညီချက်ကို ဩဂုတ်လ ၂၄ ရက်နေ့၌ သူပုန်ခေါင်းဆောင် ရိက်မာချာက လက်မှတ်ရေးထိုးသော်လည်း သမ္မတ ဆာဗာကီရာက လက်မှတ်ရေးထိုးရန် ငြင်းဆန်နေသည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ဖြစ်လျက်ရှိသည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီလကလည်း ဤသို့ပင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ဖြစ်ခဲ့မှုကြောင့် လုံခြုံရေးကောင်စီက တောင်ဆူဒန်အစိုးရနှင့် သူပုန်နှစ်ဖက်စလုံးကို အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။ တောင်ဆူဒန် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို စက်တင်ဘာလ ၁ ရက်နေ့ နောက်ဆုံးထားကာ လက်မှတ်ရေးထိုးရန် လုံခြုံရေးကောင်စီက ရက်သတ်မှတ်ပေးထားသည်။ သို့မဟုတ်ပါက တောင်ဆူဒန်နိုင်ငံအပေါ် လက်နက်တင်သွင်းမှုနှင့် အခြားသော အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် လုံခြုံရေးကောင်စီက စီစဉ်လျက်ရှိသည်။

**သမိုင်းဖြစ်စဉ်အကျဉ်း**

ရေနံကို အဓိကတင်ပို့ရောင်းချသည့် ဆူဒန်နိုင်ငံတွင် လူဦးရေ ၂၂ သန်းရှိသည့်မြောက်ပိုင်း၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော်လည်း အာရပ်နှင့် အာဖရိကနွယ်ဖွားများ စုပေါင်းနေထိုင်ကြသည့် လူဦးရေခြောက်သန်းမျှသာရှိသည့် တောင်ပိုင်းဒေသတွင် မြို့ပြအခြေခံအဆောက်အအုံများ အလွန်နည်းပါးပြီး ကျေးလက်ဆန်ကာ ဝမ်းဝရုံ စီးပွားရေးနိမ့်ကျသည့် အခြေအနေများသာရှိသည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့်အီဂျစ်အစိုးရ၏ ပူးတွဲအုပ်ချုပ်မှုအောက်မှ ဆူဒန်နိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ ဆူဒန်တွင် တိုင်းရင်းသားမျိုးနွယ် ၆၀၀ ကျော်ရှိပြီး ဘာသာစကား ၄၀၀ ကျော်ရှိကာ မြောက်ပိုင်းသားများမှာ မွတ်ဆလင်များဖြစ်ပြီး တောင်ပိုင်းသားများမှာ ခရစ်ယာန်များနှင့် နတ်ကိုးကွယ်သူများ ဖြစ်သည်။

ဆူဒန်နိုင်ငံ၏ ၁၉၅၆ ခုနှစ် အခြေခံဥပဒေအရ ဆူဒန်သည် လောကီဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံ သို့မဟုတ် အစ္စလာမ့်နိုင်ငံဟု လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးသည့်နိုင်ငံဟု လည်းကောင်း ရှင်းလင်းစွာ သတ်မှတ်မထားသည့်အပြင် မြို့တော်ခါတွန်တွင် အခြေစိုက်သည့် ဆူဒန်အစိုးရသည် တောင်ပိုင်းသားများ၏ လူမှုရေးအခြေအနေများကို မြှင့်တင်ဖော်ဆောင်ပေးခြင်း မရှိသည့်အတွက် ဒေါသထွက်နေသည့် တောင်ပိုင်းစစ်အရာရှိများက ပုန်ကန်ထကြွကြသဖြင့် လွတ်လပ်ရေးရပြီး မကြာမီမှာပင် ရှည်လျားသော ပြည်တွင်းစစ်ပွဲဖြစ်ပွားနေခဲ့သည်။

ဆူဒန်နိုင်ငံ၌ ပထမပြည်တွင်းစစ်ပွဲမှာ ၁၉၅၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောင်ဆူဒန်လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့(Southern Sudan Liberation Movement)က ဦးဆောင်ကာ ဆူဒန်စစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် တောင်ဆူဒန် လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ကို ဆူဒန် ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့နှင့် တပ်မတော်(Sudan People's Liberation Movement & Army)ဟူ၍ အမည်ပြောင်းလှုပ်ရှားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အီသီယိုးပီးယား အဒစ်အဘာဘာမြို့တော်တွင် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပြီး စစ်ပွဲအဆုံးသတ်ခဲ့သည်။

ဆူဒန်တွင် ဒုတိယပြည်တွင်းစစ်ပွဲမှာ ၁၉၈၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဖြစ်ပွားခဲ့သည်။ ဆူဒန်သမ္မတ ဂျက်ဖာနီမေရီက အစ္စလာမ် ရှာရီယာဥပဒေကို ပြဋ္ဌာန်းကာ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဖောက်ဖျက်ခဲ့မှုကြောင့် ခရစ်ယာန်အများစု တောင်ပိုင်းသားများက ပုန်ကန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် သဘောတူညီချက်ရရှိခဲ့ပြီး ရှာရီယာဥပဒေပြဋ္ဌာန်းမှုကို ရုပ်သိမ်းပေးသည့်အတွက် ပြည်တွင်းစစ်ရပ်စဲသွားသည်။

၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အိုမာအယ်လ်ဘာရှာဦးဆောင်သည့် စစ်တပ်ကအာဏာသိမ်း၍ ဆူဒန်အစိုးရကို ဖြုတ်ချခဲ့ကာ ငြိမ်းချမ်းရေးသဘောတူညီချက်ကိုလည်း ပယ်ဖျက်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဖြစ်ပွားခဲ့သည့် ဒုတိယမြောက် ဆူဒန်ပြည်တွင်းစစ်ပွဲတွင် လူပေါင်းတစ်သန်းငါးသိန်းကျော် သေဆုံးခဲ့ပြီး လူလေးသန်းကျော် အိုးအိမ်မဲ့ကာ စစ်ပြေးဒုက္ခသည်များဖြစ်ခဲ့ရသည်။

ဆူဒန်၏ဒုတိယပြည်တွင်းစစ်ကာလ တစ်လျှောက်လုံး၌ နှစ်များစွာပင် ဆူဒန်လေတပ် ဗုံးကြဲလေယာဉ်များနှင့် တိုက်ခိုက်ရေး ရဟတ်ယာဉ်များသည် တောင်ဆူဒန်ပြည်သူများအပေါ်တွင် ဗုံးကြဲတိုက်ခိုက်သတ်ဖြတ် ဖျက်ဆီးခဲ့မှုကြောင့် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်သောအမှုဖြင့် သဟိတ်မြို့နိုင်ငံတကာရာဇဝတ်မှုခုံရုံးက သမ္မတအိုမာအယ်လ်ဘာရှာကို ဖမ်းဝရမ်းထုတ်ထားသည်။

၁၉၉၉ ခုနှစ်၌ ဆူဒန်လေတပ်သည် တောင်ဆူဒန်အရပ်သားများအပေါ်တွင် ၆၅ ကြိမ်မျှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဆူဒန်လေတပ်သည် တောင်ဆူဒန်အရပ်သားများအပေါ် ၁၃၂ ကြိမ်မျှ ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ၁၉၅ ကြိမ်မျှ ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့အမျိုးသမီး၊ ကလေးငယ်၊ သက်ကြီးရွယ်အိုများ အပါအဝင် ပြည်သူသိန်းချီ၍ အသတ်ခံခဲ့ရသည်။

ဆူဒန်လေတပ်ဗုံးကြဲသောဒေသများမှာ ဘာအယ်ဂါဇယ်လ်ဒေသ၊ အီကွေတိုရီးယားအရှေ့ပိုင်းဒေသ၊ ဘလူးနိုင်းတောင်ပိုင်းဒေသနှင့် နိုင်းမြစ်အထက်ပိုင်းဒေသ စသည်တို့ဖြစ်သည်။

ထို့ပြင်အာဏာရှင် အိုမာအယ်လ်ဘာရှာ ဦးဆောင်သည့် အစိုးရသည်နိုင်ငံတကာက တောင်ဆူဒန်ဒုက္ခသည်များအား လူသားချင်းစာနာသော အကူအညီများပေးရန် ကြိုးပမ်းမှုကို အမြဲကန့်သတ်ပိတ်ဆို့လေ့ရှိသည်။ သတင်းမီဒီယာသမားများကိုလည်း ဗုံးကြဲသည့် ဒေသများသို့ သွားရောက်ခွင့် ကန့်သတ်ထားခဲ့သည်။

၂၀၀၅ ခုနှစ်၌ ခိုင်မာသော ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ထိုးပြီးနောက်တွင် ဆူဒန်ဒုတိယပြည်တွင်းစစ်ပွဲ အဆုံးသတ်သွားခဲ့သော်လည်း ဆင်းရဲသော တောင်ဆူဒန်ပြည်သူတို့မှာ ဒုက္ခတွေပင်လယ်ဝေ၍ အငတ်ဘေးကြုံတွေ့ခဲ့ရသည်။

**တောင်ဆူဒန်လွတ်လပ်ပြီ**

၂၀၁၁ ခုနှစ်တွင် တောင်ဆူဒန်သည် ဆူဒန်နိုင်ငံ မှ ခွဲထွက်ကာ လွတ်လပ်သောနိုင်ငံဖြစ်လာပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်လာခဲ့သည်။ ထိုစဉ်က စတင်၍ အမေရိကန်နှင့် အစ္စရေးတို့သည် မဟာမိတ် တောင်ဆူဒန်နိုင်ငံကို စီးပွားရေးနှင့် စစ်ရေးအကူအညီများ ထောက်ပံ့ပေးခဲ့သည်။ တောင်ဆူဒန်လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်စွမ်းရည် ကောင်းမွန်စေရန်နှင့် စည်းကမ်းကောင်းစေရန် အမေရိကန်နှင့် အစ္စရေးတပ်ဖွဲ့များက လေ့ကျင့်ပေးခဲ့သည်။

၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် တောင်ဆူဒန်မြို့တော် ဂျူဘာတွင် သမ္မတဆာဗာကီရာက ဒုတိယသမ္မတဟောင်း ရိက်မာချာ ဦးဆောင်သည့် လက်နက်ကိုင်အဖွဲ့များ၏ အာဏာသိမ်းရန်ကြိုးပမ်းမှုကို ချေမှုန်းပစ်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ပြည်သူများစွာ အသတ်ခံခဲ့ရပြီး ပြည်သူတစ်သိန်းကျော်မှာ ကြောက်ရွံ့စွာဖြင့် အိမ်မှထွက်ပြေးသွားခဲ့ကြသည်။

ဂျူဘာမြို့တော်ရှိ ကုလသမဂ္ဂရုံးဝင်းအတွင်းသို့ စစ်ပြေးဒုက္ခသည်ထောင်ပေါင်းများစွာ ဝင်ရောက်ခိုလှုံလာခဲ့ကြသည်ဟု ကုလသမဂ္ဂအရာရှိများက ပြောဆိုသည်။

သမ္မတဆာဗာကီရာ၏ ဒင်ကာမျိုးနွယ်စုများနှင့် ဒုတိယသမ္မတဟောင်းရိက်မာချာ၏ နူအာမျိုးနွယ်စုများကြားတွင် လူမျိုးရေးအဓိကရုဏ်းသတ်ဖြတ်မှုများမှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားကာ လူရာပေါင်းများစွာ အသတ်ခံခဲ့ရသည်။

ထို့ပြင် ဂျွန်ဂလေပြည်နယ် အာဘိုကိုမြို့ရှိ ကုလသမဂ္ဂရုံးဝင်းအတွင်းသို့ စစ်ပြေးဒုက္ခသည် ၃၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး စစ်ပြေးဒုက္ခသည်များကို လက်နက်ကိုင်တစ်စုက တိုက်ခိုက်မှုတွင် အိန္ဒိယငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်သားနှစ်ဦး သေဆုံးသွားခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် တောင်ဆူဒန်သို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ တိုးမြှင့်စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အစ္စရေးတပ်မတော်မှ ထောက်လှမ်းရေးအရာရှိများ ဂျူဘာမြို့တော်သို့ရောက်ရှိလာပြီးလျှင် သမ္မတဆာဗာကီရာနှင့် ဒုသမ္မတဟောင်း ရိက်မာချာတို့ကြားတွင် စေ့စပ်ညှိနှိုင်း အဖြေရှာပေးနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၄၅ ဦးသည်လည်း အမေရိကန်နိုင်ငံသားများကို ကယ်ထုတ်ရွှေ့ပြောင်းပေးနိုင်ရန် ဂျူဘာမြို့တော်သို့ ရောက်ရှိလာကြသည်။

တောင်ဆူဒန်သည် အယ်ခိုင်ဒါများကိုတိုက်ခိုက်ရန်အတွက် အမေရိကန်နိုင်ငံအဖို့ မဟာဗျူဟာကျသောဒေသဖြစ်ပြီး ဆူဒန်၏ ပင်လယ်နီကမ်းခြေတွင် အမေရိကန်အခြေစိုက်စခန်းရှိနေသည်။ ပင်လယ်ကွေ့နိုင်ငံများမှ ရေနံတင်ပို့မှုလမ်းကြောင်းများ အန္တရာယ်ကင်းရှင်းစေရေးအတွက် စူးအက်တူးမြောင်းနှင့် ပင်လယ်နီကုန်သွယ်လမ်းကြောင်းများ ကောင်းမွန်နေစေရန်မှာ တောင်ဆူဒန်နိုင်ငံသည် အရေးပါသည်။

အစ္စရေးနှင့် တောင်ဆူဒန်ခရစ်ယာန်များမှာ လွန်ခဲ့သည့်နှစ် ၅၀ ကပင် မဟာဗျူဟာမြောက် မိတ်ဆွေများဖြစ်သည့်အတွက် အစ္စရေးအစိုးရသည် တောင်ဆူဒန်နိုင်ငံအား ငွေကြေး၊ သံတမန်ရေးနှင့် စစ်ရေးအကူအညီများပေးလျက်ရှိသည်။

**လူမျိုးရေး၊ ဘာသာရေးပဋိပက္ခ**

တောင်ဆူဒန်တွင်နိုင်ငံရေးအားပြိုင်မှု၏ အကျိုးဆက်အဖြစ် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများဖြစ်ပေါ်လာရခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်၌ သမ္မတဆာဗာကီရာသည် ဒုတိယသမ္မတ ရိက်မာချာနှင့် ကက်ဘိနက်တစ်ဖွဲ့လုံးကို ရာထူးမှ ထုတ်ပယ်ပစ်ခဲ့သည်။ သမ္မတသည် လူများစုဒင်ကာမျိုးနွယ်စုများကို ကိုယ်စားပြု၍ ဒုသမ္မတသည် လူနည်းစု နူအာမျိုးနွယ်စုများကို ကိုယ်စားပြုသည်။

တောင်ဆူဒန်တပ်မတော်မှ လူများစု ဒင်ကာတပ်ဖွဲ့ဝင်များသည် လူနည်းစု နူအာတပ်ဖွဲ့ဝင်များစွာကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ ထို့ပြင် နူအာမျိုးနွယ် ရှေ့နေများ၊ ကျောင်းသားများ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကိုလည်း ဒင်ကာမျိုးနွယ်စစ်သားများက သတ်ဖြတ်ခဲ့ကြသည်။

လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်တို့အပေါ် ကျူးလွန်မှုဖြစ်သည်ဟု လူ့အခွင့်ရေးအဖွဲ့များက ပြောဆိုသည်။ သို့သော် ဂျွန်ဂလေပြည်နယ်တွင် နူအာပြည်သူ့စစ်များသည် လက်စားချေသည့်အနေဖြင့် ကုလသမဂ္ဂဝင်းအတွင်း၌ ခိုလှုံနေကြသည့် ဒင်ကာမျိုးနွယ်အမျိုးသမီးများနှင့် ကလေးငယ်များကို ဝင်ရောက်သတ်ဖြတ်ခဲ့ကြသည်။ *စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၆ သို့*

**အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ကျင်းပပြုလုပ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် သဘောတူညီချက်ကို ဩဂုတ်လ ၂၄ ရက်နေ့၌ သူပုန်ခေါင်းဆောင် ရိက်မာချာက လက်မှတ်ရေးထိုးသော်လည်း သမ္မတဆာဗာကီရာက လက်မှတ်ရေးထိုးရန် ငြင်းဆန်နေသည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ဖြစ်လျက်ရှိ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ(၇၉)ပါတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မကြာမီကာလတွင် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ကြမည်ဖြစ်သကဲ့သို့ ကော်မရှင်အနေဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ထပ်မံတွေ့ဆုံရန် ကန့်သတ်ချက်များ ရှိပါကြောင်း။

မဲစာရင်းကို စက်တင်ဘာလလယ်ခန့်တွင် ကြေညာသွားမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ စိစစ်ရက်ကိုလည်း လွှတ်တော်နှင့် တိုက်ဆိုင်နေသည့်အတွက် ကိုယ်စားလှယ်လောင်းများ စိစစ်သည့်နေရာသို့ ကိုယ်တိုင်သွားရောက်နိုင်ရေးအတွက် ဇူလိုင် ၃၁ ရက်အထိ တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ပြီးပါက အတည်ပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို ပုံစံ(၁၀)ဖြင့် ကြေညာမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးနိုင်ရန် မဲဆွယ်စည်းရုံးရေးကာလကိုလည်း ကြေညာပေးမည်ဖြစ်ကြောင်း။

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် ကျင့်ဝတ်နှင့် ၁/၂၀၁၄ ကြေညာချက်တို့နှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ/မရှိကို Monitoring ပြုလုပ်ရန် Code of Conduct ၏ Channel 8 တွင်




ပါဝင်ကြောင်း၊ ကျင့်ဝတ်နှင့်မညီသဖြင့် တိုင်ကြားလာပါက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးမည့် Monitoring ကော်မတီကိုဖွဲ့စည်း၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ Monitoring ကော်မတီကို ပါတီများအနေဖြင့် ညှိနှိုင်းဖွဲ့စည်းပြီး မည်ကဲ့သို့ဆောင်ရွက်မည်ကို ကြေညာချက်များ ထုတ်ပြန်ရန်လိုအပ်ကြောင်း၊ ကျင့်ဝတ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်မှုမရှိခြင်းကို Monitoring ကော်မတီက ညှိနှိုင်းဖြေရှင်း၍ မရပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ ဦးစွာတင်ပြဆောင်ရွက်စေမည်ဖြစ်ပြီး ညှိနှိုင်းဖြေရှင်းမရသေးလျှင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်စေမည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းများကြေညာသည့်အခါ နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါရှိရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မဲဆန္ဒရှင်များ မဲပေးသည့်အခါ လွယ်ကူမြန်ဆန်စေရန်နှင့် မှတ်ပုံတင်နှင့် အခြားသက်သေခံကတ်များ ပျောက်ဆုံးသည့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်ကို ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ပတ်အလိုတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြင်ဆင်ပြီးသည့် မဲဆန္ဒရှင်စာရင်းအရ ထုတ်ပေးမည်ဖြစ်ကြောင်း၊ မဲပေးမည့်နေ့ မဲလက်မှတ်ထုတ်ရာတွင် သက်သေခံ လက်မှတ်ကို မဲစာရင်းဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း၊ မဲစာရင်းနှင့် မကိုက်ညီပါက မဲရုံမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးနှင့် မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များက မသမာမှု ဟုတ် မဟုတ် စိစစ်မည်ဖြစ်ကြောင်း၊ မသမာမှုပြုလုပ်ပါက လုံခြုံရေးအဖွဲ့က အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့အပြင် မဲရုံမှူး၊ ဒုမဲရုံးမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပို့ချနိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်ထားပြီး လျှောက်ထားလာသည့်အဖွဲ့များကို စိစစ်ခွင့်ပြု၍ အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီများအနေဖြင့် လိုက်နာရမည့်ကျင့်ဝတ်များနှင့်အညီ ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် IFES မှ Mr. Paul Guerin က မဲဆန္ဒရှင်အသိပညာပေး အစီအစဉ်တွင် အသုံးပြုမည့် ပညာပေးပစ္စည်း၊ ဗီဒီယို၊ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့် လိုက်နာရန်အချက်များ၊ မဲဆွယ်စည်းရုံးခြင်းရန်ပုံငွေထုတ်ဖော် ကြေညာခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင် လက်စွဲစာစောင်၊ မဲရုံလုပ်ငန်းစဉ် သရုပ်ပြဗီဒီယိုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ လေ့လာစောင့်ကြည့်ရေး ကော်မတီများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ ဆိုင်ရာနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာသော နိုင်ငံရေးပါတီများက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာဆောင် အမှတ် (I-2)၌ **"ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က "ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ကျန်ရှိသောဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးလျက်ရှိသောကြောင့် ယခုကဲ့သို့ အစည်းအဝေးဖိတ်ကြား၍ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီ၊ ကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ယခုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖြစ်ပါကြောင်း" ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးအေးဖေ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်သော ဒေါက်တာဝင်းသိမ်း၊ ဦးမြင့်ဆွေနှင့် ဦးဆန်းလင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်**
**၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ/မရှိ၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်ခြင်း ရှိ/မရှိနှင့် မဲစာရင်းပါ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ သွားရောက်ကြည့်ရှုကြရန်ဖြစ်ပါသည်။

၃။ အမည်ပါဝင်ခြင်းမရှိသေးပါက အမည်ထည့်သွင်းပေးရန် ပုံစံ(၃) ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေပါက ကန့်ကွက်ရန် ပုံစံ (၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြင်ဆင်ပေးရန် ပုံစံ(၄-က)ဖြင့်လည်းကောင်း ၁၄-၉-၂၀၁၅ ရက်နေ့မှ ၂၇-၉-၂၀၁၅ ရက်နေ့အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီတင်သွင်းကြရန် ဖြစ်ပါသည်။

၄။ ရေဘေးသင့်ဒေသများတွင်လည်း မဲစာရင်းများကို ၁၄-၉-၂၀၁၅ ရက်နေ့တွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ သို့ရာတွင် ရေဘေးသင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအချို့၌ ပုံစံ(၃)၊ ပုံစံ(၄) နှင့် ပုံစံ(၄-က) တင်သွင်းခြင်းတို့ကို ၂၇-၉-၂၀၁၅ ရက် ထက်ကျော်လွန်၍ ဆောင်ရွက်ရန်လိုအပ်ပါက အချိန်တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက သင့်လျော်သောကာလကို သတ်မှတ်၍ မဲစာရင်းနှင့် စပ်လျဉ်းသော ပုံစံ(၂)နှင့် ပုံစံ(၂-က)တို့တွင် ထည့်သွင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး၊ အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၁၃၁ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၂၈၄ ဦး၊ စုစုပေါင်း ပညာသင် ၄၁၅ ဦးကို ပြည်ပနိုင်ငံ ၂၃ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဩဂုတ်လအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့သည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

*စာမျက်နှာ ၅ မှ*

ရေနံတွင်းများနှင့် ရေနံချက်စက်ရုံများတွင် အလုပ်လုပ်နေကြသော ဒင်ကာမျိုးနွယ် အလုပ်သမားများလည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည်။ လုံခြုံရေးကောင်စီက ရေနံတွင်းများ၌ ဒင်ကာမျိုးနွယ် ထောင်ချီ၍ အသတ်ခံခဲ့ရသည်ဟု ပြောဆိုသည်။ အာဖရိကလူ့အခွင့်အရေးအဖွဲ့ ဒါရိုက်တာ ဒန်နီယယ် ဘီကီလီက နိုင်ငံရေးအာဏာလုပွဲကို အကြောင်းပြု၍ လူမျိုးရေးသတ်ဖြတ်မှုအကျိုးဆက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ပြောဆိုခဲ့သည်။

အတိုက်အခံများက အာဏာရှင်ဆန်သော သမ္မတ ဆာဗာကီရာ၏ ညံ့ဖျင်းသော၊ အဂတိလိုက်စားသော စီမံအုပ်ချုပ်မှုအောက်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ပျောက်ဆုံးလာသည်ဟု ဆန့်ကျင်ဝေဖန်ကြသည်။

သမ္မတဆာဗာကီရာကို ထောက်ခံသူများသည် ဒုတိယသမ္မတ ရိုက်မာချာသည် ၎င်းနှင့် နျူအာမျိုးနွယ်စုများ အခွင့်အရေးရရှိရန် သစ္စာဖောက်ဖျက်၍ ဆူဒန် သမ္မတ အိုမာအယ်ဘာရှာနှင့် မဟာမိတ်ပြုခဲ့သည်ဟု စွပ်စွဲဝေဖန်ခဲ့သည်။

ဆူဒန်အစိုးရကို ဆန့်ကျင်ရာတွင် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့နှင့် တပ်မတော်တွင် သမ္မတ ဆာဗာကီရာနှင့် ဒုတိယသမ္မတ ရိုက်မာချာတို့သည် လက်တွဲဆောင်ရွက်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၁၉၉၁ ခုနှစ်၌ မစ္စတာရိုက်မာချာသည် ခွဲထွက်၍ ကိုယ်ပိုင်ပါတီတစ်ရပ် ထူထောင်ကာ ၁၉၉၇ ခုနှစ်၌ ဆူဒန်အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခဲ့သည်။ ရိုက်မာချာသည် လန်ဒန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိထားသူဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် မစ္စတာမာချာသည် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုပါတီနှင့် ပြန်လည်သင့်မြတ်ပေါင်းစည်းခဲ့သည်။

၂၀၁၁ ခုနှစ်တွင် တောင်ဆူဒန် လွတ်လပ်သော နိုင်ငံဖြစ်လာပြီး ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာသောအခါ ရိုက်မာချာသည် ဒုတိယသမ္မတ ဖြစ်လာခဲ့သည်။

သို့သော် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် သမ္မတ ဆာဗာကီရာသည် ဒုတိယသမ္မတ ရိုက်မာချာနှင့် ကက်ဘိနက်တစ်ဖွဲ့လုံးကို ရာထူးမှထုတ်ပယ်လိုက်ချိန်မှ စတင်ကာ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမှာ ယနေ့တိုင် အောင်ပင် အဆုံးမမြင်နိုင်ဘဲ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။

# မစ္စတာ အိုလီဗီယာ ရစ်ချက်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြင်သစ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်

မစ္စတာ အိုလီဗီယာ ရစ်ချက်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြင်သစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်ပါသည်။

မစ္စတာ အိုလီဗီယာ ရစ်ချက်အား ၁၉၆၃ ခုနှစ် မတ် ၁၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် တရုတ်ဘာသာမဟာဘွဲ့၊ ပြင်သစ်မော်ဒန်စာပေဘွဲ့နှင့် ကိန်းဘရစ်ဂျ်တက္ကသိုလ်မှ အသိအမှတ်ပြုလက်မှတ်တို့ကို ရရှိခဲ့သည်။ မစ္စတာ အိုလီဗီယာ ရစ်ချက်သည် ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ပြင်သစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဖရိကဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အစ္စလာမာဘတ်မြို့ရှိ ပြင်သစ်သံရုံးတွင် တတိယအတွင်းဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး ၁၉၉၁ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ပထမအတွင်းဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြင်သစ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တိုင်ပေမြို့ရှိ ပြင်သစ်တက္ကသိုလ်တွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပြင်သစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုဌာနတွင် အာရှနှင့် သမုဒ္ဒရာ ဆိုင်ရာဌာန အကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နိုင်ဂျာနိုင်ငံ နိုင်ယာမီမြို့ရှိ ပြင်သစ်ဖွံ့ဖြိုးမှု အေဂျင်စီရုံးတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပေကျင်းမြို့ရှိ ပြင်သစ်ဖွံ့ဖြိုးမှု အေဂျင်စီရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပြင်သစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးမှုဌာနတွင် ဌာနအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ဇမ်ဘီယာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ၊ သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ ယခုအချိန်အထိ တိုင်ပေမြို့ရှိ ပြင်သစ်တက္ကသိုလ်တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

အလားတူ စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၅ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ် (၇၀) ပြည့် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် တစ်ပေခန့်နှင့် ဟုမ္မလင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် နှစ်ပေခန့်နှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန်အကြံပြုထားပါသည်။ (မြန်မာ့အလင်း)

# ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော တောင်သူပိုင်လယ်ယာသုံးစက်များ ပြန်လည်ပြုပြင်

မိုးညို စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ငါးကယ်အုပ်စုအတွင်းရှိ ကျေးရွာများ၌ ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော တောင်သူပိုင်လယ်ယာသုံးစက်များကို အချိန်မီပြန်လည်ထွန်ယက် စိုက်ပျိုးနိုင်ရန် ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီမှစ၍ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းငွေနှင့် ဝန်ထမ်းများက နေ့ချင်းပြီး လယ်ယာသုံးစက်များကို (အခမဲ့)ပြင်ဆင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ) ခင်လတ်(မိုးညို)



## ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

ထိုင်းနိုင်ငံ Khon Kaen မြို့တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၄ ရက်အထိကျင်းပမည့် "Product Market Identification for GMS Training" သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး(၃) ဒေါ်စန္ဒာထွန်းနှင့် အသင်းဝင် ဒေါ်မြမြကြွယ်တို့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

(စွမ်းဆောင်ရှင်များအသင်း)

## တီးတိန်မြို့နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်

တီးတိန် စက်တင်ဘာ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)တို့က ပူးပေါင်းလှူဒါန်းသော သဘာဝဘေးကယ်ဆယ်ရေးအတွက် အလှူငွေများကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် တီးတိန်မြို့ သဘာဝဘေးသင့်ပြည်သူများကယ်ဆယ်ရေးစခန်းအမှတ်(၁)၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေသန်းနှင့်အဖွဲ့ဝင် ၂၀ တို့သည် တီးတိန်မြို့နယ်အတွင်း လူနေအိမ်ပျက်စီးသော အိမ်ထောင်စု ၆၈ စုအတွက် တစ်အိမ်ထောင်လျှင် အလှူငွေကျပ်တစ်သောင်းနှုန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၆၈၀၀၀၀ အား ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နေစု

✻ ကျောဖုံးမှ

တနင်္လာနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဦးဘမြင့်က မြို့ပတ်ရထားအဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံမှ ODA ချေးငွေကို အသုံးပြုရန် မကြာသေးမီက လွှတ်တော်၏ ထောက်ခံအတည်ပြုချက်ရရှိခဲ့ကြောင်း၊ နားလည်မှုစာချွန်လွှာရေးထိုးပြီးသည်နှင့် စီမံကိန်း စတင်တော့မည်ဖြစ်ကြောင်း၊ စီမံကိန်းမှာ ၂၀၂၀ ခုနှစ်တွင် ပြီးမြောက်မည်ဟု လျာထားကြောင်း၊ မြို့ပတ်ရထားလိုင်းကို အဆင့်မြှင့်တင်လိုက်ခြင်းဖြင့် မူလက ခရီးကြာချိန်ကို တစ်ဝက်လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့မီးရထားသည် ဂျပန်နိုင်ငံထုတ်ရထားများကို ဝယ်ယူအသုံးပြုမည်ဖြစ်ပြီး ယင်းရထားများမှတစ်ဆင့် ပိုမိုလျင်မြန်ပြီး အချိန်ပို၍ တိကျသောဝန်ဆောင်မှုများပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဦးဘမြင့်က အဆင့်မြှင့်တင်ရေးအပိုင်းတွင် ရထားလမ်းအဆင့်မြှင့်တင်ရေးနှင့် ATS စနစ်များ တပ်ဆင်ခြင်းတို့ပါဝင်ကြောင်း၊ ဝင်ငွေနည်းပါးသော ပြည်သူအများစုမှာ မြို့ပတ်ရထားကို အဓိကအားထားပြီး နေ့စဉ်သွားလာနေရသည်ကို မိမိတို့ သိရသည့်အတွက် မြို့ပတ်ရထားကို အဆင့်မြှင့်တင်ပြီးပါကလည်း ရထားလက်မှတ်ဈေးနှုန်းကို မြှင့်တင်မည်မဟုတ်ကြောင်း ဆိုသည်။

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးမှုများ ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ဂျပန်မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ တာကာရှီအိုဝါကီက ပြောကြားသည်။

(ကျော်သဲအိမ်)

✻ ကျောဖုံးမှ

လက်ရွေးစင်အသင်းတို့၏ နိုင်ငံတကာ ခြေစမ်းပွဲအတွက်လက်မှတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၊ သုဝဏ္ဏအားကစားကွင်း၊ အောင်ဆန်းအားကစားကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် စက်တင်ဘာ၃ရက်မှ ၆ ရက်အတွင်း နံနက် ၉နာရီခွဲမှ ညနေ ၅ နာရီအထိ ရောင်းချသွားမည့်အပြင် ယှဉ်ပြိုင်ကစားမည့် စက်တင်ဘာ ၇ ရက်တွင်လည်း နံနက် ၁၀ နာရီမှ ပြိုင်ပွဲမစမီ ညနေ ၅ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ဈေးနှုန်းများမှာ အထူးတန်း ငါးထောင်ကျပ်နှင့် ရိုးရိုးတန်း တစ်ထောင်ကျပ်နှုန်းဖြင့် သတ်မှတ်ရောင်းချမည်ဖြစ်ပြီး အထူးတန်းလက်မှတ် ဝယ်ယူသူတိုင်းကို မြန်မာအသင်းဂျာစီတစ်ထည်စီ လက်ဆောင်ပေးမည်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ၊အဆိုတော်များနှင့်လည်း ကြိုက်နှစ်သက်ရာဘောလုံးဂိမ်းအစီအစဉ်များကို ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သည့်အပြင် အမှတ်တရဓာတ်ပုံများလည်း ရိုက်ခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲကြိုတင်လှုံ့ဆော်မှုတစ်ရပ်အနေဖြင့် စက်တင်ဘာ ၃ ရက်နှင့် ၅ ရက်တို့တွင် ရုပ်ရှင်အနုပညာရှင်များနှင့် အဆိုတော်များက ရန်ကုန်မြို့တွင်းယာဉ်များဖြင့် လှည့်လည်ကာ လက်မှတ်များရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းရန်ပုံငွေခြေစမ်းပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် ဂီတလောကမှ တေးသံရှင်များ တက်ရောက်ခဲ့ကြသည်။ ယင်းခြေစမ်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ For Sports နှင့် 4 HD ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ အဆိုပါရန်ပုံငွေပွဲမှ ရရှိသည့် ကွင်းဝင်ကြေးအားလုံးနှင့် အခြားကောက်ခံရရှိသည့် အလှူငွေများကို ရေဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ နယူးဇီလန်လက်ရွေးစင်အသင်းကြီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး လေ့ကျင့်ရေးများပင် ပြုလုပ်နေပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကြီးမှာ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲယှဉ်ပြိုင်ကစားရန် ယခုလက်ရှိတွင် ကာတာနိုင်ငံသို့ရောက်ရှိနေပြီး ကူဝိတ်အသင်းနှင့်စက်တင်ဘာ ၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## ကံထူးရှင်များ ပေါ်ထွက်

နေပြည်တော် စက်တင်ဘာ ၁

အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ ထွက်ပေါ်လာသောဆုမဲများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း(၁၅၀၀)**

ယ-၅၆၈၈၇၃၊

**ကျပ်သိန်း (၁၀၀၀) ဆုများ**

ဌ-၃၄၁၀၈၀၊ ကက-၂၉၀၇၁၄

**ကျပ်သိန်း (၅၀၀) ဆုများ**

ခ-၅၃၈၆၃၁၊ စ-၆၇၃၄၀၆၊ င-၃၄၆၁၀၂၊ ယ-၆၅၂၉၆၄၊ ဟ-၉၇၄၀၆၆

**ကျပ်သိန်း(၃၀၀)ဆုများ**

ဒ-၆၄၀၀၃၉၊ ဠ-၄၀၉၀၄၃၊ တ-၇၆၅၀၄၂၊ ဗ-၈၃၆၄၀၁
ဍ-၁၀၂၇၆၄၊ ဝ-၃၉၄၉၁၆

**ကျပ်သိန်း (၂၀၀)ဆုများ**

ဋ-၆၃၇၉၃၀၊ ပ-၇၄၄၈၈၄၊ ဌ-၃၃၆၇၅၅၊ ခ-၂၉၇၆၂၉
ကဃ-၆၈၉၆၄၃၊ ဒ-၁၁၂၂၃၀၊ သ-၇၆၅၁၀၄

**ကျပ်သိန်း(၁၀၀) ဆုမဲများ**

ဖ-၁၂၇၅၇၁၊ ကခ-၉၈၆၉၆၂၊ တ-၆၂၈၀၇၇၊ ပ-၁၃၀၉၄၀
ဗ-၉၁၁၄၉၁၊ ဝ-၄၆၇၉၉၄၊ ဃ-၂၈၂၅၉၉၊ ကက-၂၃၆၅၀၆
ကက-၁၅၈၉၂၆၊ ကခ-၂၅၃၆၃၁၊ ပ-၁၂၅၀၀၄၊ စ-၇၅၀၉၂၂
ခ-၅၁၇၂၈၂၊ တ-၉၀၇၂၈၂၊ ထ-၆၈၉၉၄၉၊ ခ-၂၂၄၉၅၁

# ရေကြီးရေလျှံမှု မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သောဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုမြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍အလှူရှင်များလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စားမြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြုပ်၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်ပါသည်။

**သာသနာရေးဝန်ကြီးဌာန**

**ဘုန်းတော်ကြီးကျောင်း (၄၀ x ၃၀) ပေ၊ သံကူကွန်ကရစ် (ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ)**



**တန်ဖိုးငွေကျပ် သိန်း(၅၀၀)**

အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ (၄၀× ၃၀)သံကူကွန်ကရစ် ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာငွေ ကျပ်သန်း ၅၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်းဒါယကာခံ၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက် စုပေါင်းဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်း တတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

၁။ ဦးထိန်လင်း
ညွှန်ကြားရေးမှူး(ဦးစီး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆

၂။ ဦးဝင်းနိုင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈

၃။ ဦးခင်မောင်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၈၄ ဒသမ ၄၄၄ ဘီလီယံသုံးစွဲပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မုန်တိုင်းရိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ရာ ထိခိုက်ပျက်စီးမှုပမာဏကြီးမားခဲ့သဖြင့် ပြုပြင်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၈၄ ဒသမ ၄၄၄ ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထိခိုက်ပျက်စီးမှုပမာဏကြီးမားခဲ့သဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော်သမ္မတ ရုံးမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၁၅ ကို ထုတ်ပြန်ခဲ့ပြီး အလားတူ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးကျရောက်ခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကဦးဆောင်၍ လုပ်ငန်းစဉ်သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်(၁)အရ ဘေးမဖြစ်မီထိခိုက်ဆုံးရှုံးမှု နည်းပါးစေရန်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၂)အရ ဘေးဖြစ်ပွားနေစဉ် ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ အရေးပေါ် ကယ်ဆယ်ထောက်ပံ့ခြင်းနှင့် လုပ်ငန်းစဉ်(၃)အရ မူလအခြေအနေကို ပြန်လည်ရောက်ရှိစေရန်အတွက် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် သီးသန့်ရန်ပုံငွေမှ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဂန့်ဂေါ-ကလေးလမ်းမိုင်(၅၀/၃-၅/၄)ကြား တံတားအမှတ်(၂/၅၂) ကမ္ဘာ့နီတံတားပေါ်တွင် ပေ ၁၈၀ ယာယီဘေလီတံတား တည်ဆောက်ထားသည်ကို တွေ့ရစဉ်။

## မုန်းချောင်းရေတိုက်စားပျက်စီးခဲ့သော သစ်ခက်ဆည်ပြုပြင်ရန် အလှူငွေပေးအပ်

**စေတုတ္တရာ စက်တင်ဘာ ၁**

မုန်းချောင်းရေ တိုက်စားမှုများကြောင့် ပျက်စီးခဲ့သော စေတုတ္တရာမြို့နယ် ဘူးကျေးရွာအနီးရှိ သစ်ခက်ဆည်ကို ပြန်လည်ပြုပြင်နိုင်ရန် တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက ငွေကျပ်သိန်း ၂၀ ပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက ဆည်ပြန်လည်ပြုပြင်ရန် ငွေကျပ်သိန်း ၂၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ပေးအပ်ရာ ဘူးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ဝင်များက လက်ခံယူခဲ့သည်။

အဆိုပါ သစ်ခက်ဆည်သည် အလျားပေ ၅၂၀ ရှိပြီး လယ်ဧက ၂၂၇ ဧကအား စိုက်ပျိုးရေ ပြည့်ဝစွာ ပေးဝေနိုင်သည့် ကျေးလက်ဆည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်မင်း(စေတုတ္တရာ)**

## ရေနစ်မြုပ်ဒေသ လျှပ်စစ်မီတာများ ပြန်လည်တပ်ဆင်ပေးလျက်ရှိ

**စေတုတ္တရာ စက်တင်ဘာ ၁**

ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် စေတုတ္တရာမြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များမှ လျှပ်စစ်မီတာများ ရေနစ်မြုပ်ပျက်စီးခဲ့ရာ မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ပျက်စီးဆုံးရှုံးသွားသော လျှပ်စစ်မီတာများကို ဩဂုတ် ၂၇ ရက်မှ ၃၁ နေ့အထိ အသစ်ပြန်လည်တပ်ဆင်ပေးခဲ့သည်။

ရေကြီးနစ်မြုပ်နေစဉ် မီတာအလုံးရေ ၂၀၀ ခန့်ကို အချိန်မီသိမ်းဆည်းနိုင်ခဲ့ပြီး ရေနစ်မြုပ်ပျက်စီးခဲ့သော အိမ်သုံးမီတာ ၃၂၄ လုံးကို ဒစ်ဂျစ်တယ်မီတာအသစ်များဖြင့် ပြန်လည်အစားထိုးတပ်ဆင်ပေးခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် အားလုံးတပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ကလေးဒေသရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအား ရေဘေးပြန်လည်ထူထောင်ရေးအတွက် ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ထပ်မံလှူဒါန်း

ကလေး စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ဇနီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီက ရေဘေးသင့်ခဲ့ရသည့် ကလေးမြို့ မြို့ဦးစံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ရောက်ရှိကြရာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ရေဘေးပြန်လည်ထူထောင်ရေးအတွက် ဆွမ်းဆန်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၆ ဦးအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ မဟာသန္တာရုံ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းသို့ ဝတ္ထုငွေကျပ် သုံးသိန်းငါးသောင်း၊ ဆွမ်းဆန်တော် အိတ် ၄၀၊ မုန့်မျိုးစုံ ဂျပ်ဖာ သုံးဖာ၊ ငါးသေတ္တာဘူး ခြောက်ဖာနှင့် ကျောင်းဝတ်စုံ ၈၆ စုံ၊ ဗလာစာအုပ် ၁၀ ဒါဇင် တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)



# သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁

ပြည်တက္ကသိုလ် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက သဘာဝဘေးဒဏ်ခံစားရသော ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများကို ဩဂုတ်လအတွင်း နယ်မြေအလိုက် မြို့နယ်များသို့ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီးရှိ ပြည်၊ ပန်းတောင်း၊ ရွှေတောင်မြို့နယ်များနှင့် မကွေးတိုင်းဒေသကြီးရှိ အောင်လံနှင့် ကံမမြို့နယ်များသို့ ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာမြင့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အဖွဲ့များခွဲ၍ သွားရောက်ကာအလှူငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၉၆၈၁၇၀၀ ကို သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ပညာရေး)

# ရွှေတောင်မော်ကျေးရွာတွင် ကမ်းပြိုသဖြင့် နေအိမ်နှစ်လုံးမြစ်ထဲပါ

မအူပင် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွှေတောင်မော်ကျေးရွာအုပ်စုတွင် ယမန်နေ့ မွန်းလွဲပိုင်းက ဧရာဝတီမြစ်ကမ်းပါးပြိုကျပြီး နေအိမ်နှစ်လုံးမျောပါ ပျက်စီးသွားခဲ့သည်။ ဖြစ်စဉ်မှာ အမှတ်(၄)ရပ်ကွက် ဌာနပိုင်သည့် သောင်မြေပေါ်ရှိ ဦးအောင်ဇော်ဦး၏ သွပ်မိုး၊ သစ်တိုင်၊ ခနိကာနေအိမ်နှင့် ဦးစိုးတင့်၏ သွပ်မိုး၊ သစ်တိုင်၊ ပျဉ်ကာ နေအိမ်တို့မှာ မြစ်ကမ်းပါးပြိုကျပြီး မြစ်ထဲမျောပါပျက်စီးဆုံးရှုံးခဲ့ရာ အဆိုပါနေအိမ်များမှ မိသားစုဝင် ငါးဦးကို ဘေးလွတ်ရာနေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မအူပင်(ခရိုင် ပြန်/ဆက်)

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၅၁၈ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၄၂၄ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၆၃၀၂ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၆၆၉၃၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၂၁၈၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၆၉၉၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၅၇၁၃ | ၂၅၁၆၉၉ | ၂၀၉၆၄၅ | ၁၁၈၃၀ |
| | စုစုပေါင်း | ၁၄၄၇၀၈၀ | ၁၃၈၀၀၂၁ | ၁၁၀၉၈၈၆ | ၈၄၂၃၃၄ | ၃၇၇၃၆၃ |

# ရေဘေးသင့်ပြည်သူများ နေအိမ်များသို့ ပြန်လည်ဝင်ရောက်အခြေချ

မင်းလှ စက်တင်ဘာ ၁

မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ဇူလိုင် ၃၁ ရက်က ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများမှာ ဩဂုတ် ၁၂ ရက်က ရေပြန်လည်ကျဆင်းခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် ရေဘေးကယ်ဆယ်ရေးစခန်းများကို ပြန်လည်ရုပ်သိမ်းခဲ့ကာ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများမှာ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ဝင်ရောက် အခြေချနေထိုင်ကြပြီဖြစ်သည်။

လက်ရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အလှူရှင်များကလည်း ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းကြခြင်းကြောင့် မြို့နယ်အတွက် အထောက်အကူပြုကြောင်း မင်းလှမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထန်းပင်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက "ရွာမှာက ဇူလိုင်လဆို နှစ်စဉ် ရေကြီးတယ်ဆိုပေမယ့် ဒီနှစ်က အခြေအနေအလွန်ဆိုးပါတယ်။ ရွာမှာဆို ၁၁ ပေထိ ရေမြင့်တက်ခဲ့တာပါ။ ကျွန်တော်တို့ ရွာမှာက စပါးစိုက်ခင်း ၁၀၇၈ ဧက ရှိပါတယ်။ အကုန်ပျက်စီးခဲ့ရတာပါ။ ခုတော့ ဧက ၅၀၀ လောက်ပြန်စိုက်ပြီးပါပြီ။ လက်ရှိ နိုင်ငံတော်က စပါးမျိုးစေ့ ပြန်ချပေးဖို့အတွက် ကျွန်တော်တို့ဆီက စာရင်းတောင်းထားပါတယ်။ ကျွန်တော်တို့ကလည်း စပါးစိုက်ပျိုးတာကို ကျွန်တော်တို့ နည်းဟန်နဲ့ ကျွန်တော်တို့ လုပ်နေသလို နိုင်ငံတော်ကလည်း ပံ့ပိုးပေးမယ်လို့ သိရပါတယ်။ နောက်ပြီး ကျွန်တော်တို့မှာ အခက်အခဲလေးတွေရှိနေတဲ့ချိန်မှာ အလှူရှင်များကလည်း လာရောက်လှူဒါန်းကြလို့ အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

မြစ်မခမြစ်အနီးရှိ ကျေးရွာပေါင်း ၂၀ ရွာ ရေဘေးသင့်ခံခဲ့ရသည့်အနက်မှ ဆင်ကူးရွာမှာ မြစ်မခမြစ်နှင့် အလွန်နီးကပ်နေသောကြောင့် အနီးအနား အိမ်ခြေ ၁၇ လုံးမှ ရွာသူ ရွာသားများမှာ ကြောက်လန့်၍ ၎င်းတို့၏ အိမ်များကို ဖြိုဖျက်ခဲ့ပြီး အခြားဆွေမျိုးသားချင်းများ ရှိရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း၊ ထို့အပြင် အဆိုပါ အိမ်ခြေ ၁၇ လုံးမှ ရေဘေးသင့်ပြည်သူများသည် ၎င်းတို့နေအိမ်များ ပြန်လည်ဆောက်လုပ်ရန်အတွက် လက်ရှိ မြေနေရာစီစဉ်ထားကြောင်းနှင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးရေးအတွက်လည်း နိုင်ငံတော်က စာရင်းကောက်ယူလျက်ရှိကာ ပြန်လည်ထောက်ပံ့ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

သတင်း-တင်လှမောင်

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၂၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၂၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၀၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၄၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၅၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၄၀' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၃၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၀၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၅၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၉၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၉၀' |
| ၂၂။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၃၀' |
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၄။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၆၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၁၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၃၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၄. ၀၀' |
| ၂၈။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၃. ၀၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၃၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၀' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၅၅' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

(သတင်းစဉ်)

# ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများ (အပိုင်း-၂)

**မောင်မောင်(လျှပ်စစ်)**

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများစသည့်သဘာဝ ဘေးအန္တရာယ်များကျရောက်ခဲ့ရာ "ချင်း"ပြည်နယ်သည်လည်း မိုးကြီး၊ ရေလျှံ၊ လေပြင်းဒဏ်ခံခဲ့ရသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ၆၆ ကေဗွီ၊ ဂန့်ဂေါ-ဟားခါး မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၃၅) ယိုင်နဲ့သွားခဲ့သည်။

ထို့အပြင် ချင်းပြည်နယ်၌ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကိုးရုံရှိသည့်အနက် စက်ရုံရှစ်ရုံတို့လည်း ပျက်စီးသွားခဲ့သည်။

ပျက်စီးခဲ့သော အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှာ လိုင်းဗားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဒေါင်းဗားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ ဖလမ်းမြို့နယ်ရှိ ငစစ်ဗားရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံ၊ တီးတိန်မြို့ရှိ ဇာလွီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လိုင်ဘုံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ တွန်းဇံမြို့ရှိ ထွီဆောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မတူပီမြို့နယ်ရှိ နမ့်လောင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် မင်းတပ်မြို့နယ်ရှိ ချီးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့ဖြစ်သည်။

ချင်းပြည်နယ်ရှိ အဆိုပါ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးရုံ တို့၌ ဖိအားမြှင့်ပိုက်လိုင်းများပျက်စီးခြင်း၊ ရေသွယ်မြောင်း၊ သဲစစ်ကန်၊ ရေထိန်းကန်တို့ ပျက်စီးခြင်း၊ ပြိုကျသောမြေစာများ၊ ကျောက်များပိတ်ဆို့ခြင်း၊ ရေလွှဲဆည်နှင့် ဖိအားမြှင့်ပိုက်လိုင်းများ ရေတိုက်စား၍ မျောပါသွားခြင်း၊ စက်ရုံများ ထဲသို့ ရေဝင်ရောက်ခြင်းစသဖြင့် အမျိုးမျိုးအဖုံဖုံ ထိခိုက်ပျက်စီး မှုစုံခဲ့ရသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကျရောက်၍ ထိခိုက်ပျက်စီးမှုများကို အချိန်မီ ပြင်ဆင်နိုင်ရေးအတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ချင်းပြည်နယ်ရှိ ထိခိုက်ပျက်စီးသွားသော ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စစ်ဆေးတွေ့ရှိချက်အပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အနီးကပ် ကြီးကြပ်မှု၊ လိုအပ်သည့်စက်နှင့်စက်ပစ္စည်းများကို ဝန်ကြီးဌာနမှ အချိန်မဆိုင်း ဘဲ ရေဘေးဒေသများသို့ မရောက်ရောက်အောင် ပို့ဆောင်ပေးနိုင်မှုတို့ ကြောင့် ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ခဲ့သည်။

သို့ရာတွင် ဟားခါးမြို့နယ်ရှိ ဒေါင်းဗားရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသွားရာလမ်းမှာ ဟားခါးမြို့၏ အဓိကမြေပြိုဇုန်အတွင်း ကျရောက်နေ ပြီး တောင်ပြိုမြေများ၊ အက်ကြောင်းများကြောင့် သွားလာ၍မရသဖြင့် ပွင့်လင်းရာသီရောက်မှသာ အဆိုပါစက်ရုံ၏ ရေသွယ်မြောင်းနှင့် ဓာတ်အား ပေးစက်များကို ပြန်လည်ပြုပြင်နိုင်မည်ဖြစ်ပြီး ယခုအခါ ၃၅ ရာခိုင်နှုန်းခန့် သာ ပြင်ဆင်နိုင်ခဲ့သည်။

အလားတူ တွန်းဇံမြို့နယ်ရှိ ထွီဆောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ၏ ရေစုကန်အတွင်းရောက်ရှိနေသော သဲနုန်းများဖယ်ရှားပြီး ကျန် ရေသွယ်မြောင်းမှတစ်ဆင့် စိမ့်စမ်းရေများထည့်သွင်းစုဆောင်းကာ နေ့စဉ် ၂ နာရီနီးပါး ယာယီဓာတ်အား ပို့လွှတ်နိုင်ခဲ့သည့် ပြိုကျသွားသော ရေသွယ် မြောင်းကို ပွင့်လင်းရာသီ၌ ဆက်လက်ပြုပြင်သွားမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကြီးအုံကြီးဝရေလှောင်တမံ၌ ဇူလိုင် ၂၉ ရက် တိုင်းထွာချက်အရ အမြင့်ဆုံးရေအမှတ် ၃၅၅ ပေသို့ရောက်ရှိခဲ့ပြီး ဇူလိုင် ၃၁ ရက်က စိုးရိမ်ဖွယ်ရာရေမှတ် ၃၇၃ ဒသမ ၃ ပေအထိ မြင့်တက်လာသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသော ရေအား လျှပ်စစ်ဓာတ်အားပေးစက်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ဓာတ်အားပေးလျက်ရှိသောစက်များကို ယင်းနေ့၌ပင် ရပ်နားခဲ့သည်။

ကြီးအုံကြီးဝရေလှောင်တမံ၌ ဩဂုတ် ၆ ရက်က ရေအမှတ် ၃၅၀ ဒသမ ၇ ပေအထိကျဆင်းသွားရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား လိုအပ် သည့်ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ကြကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ဟားခါးမြို့နယ်ရှိ ဒေါင်းဗားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသွားရာလမ်းမှာ ဟားခါးမြို့၏ အဓိက မြေပြိုဇုန်အတွင်းကျရောက်နေပြီး တောင်ပြိုမြေများ၊ အက်ကြောင်းများကြောင့် သွားလာ၍မရသဖြင့် ပွင့်လင်း ရာသီရောက်မှသာ အဆိုပါစက်ရုံ၏ ရေသွယ်မြောင်းနှင့် ဓာတ်အားပေးစက်များကို ပြန်လည်ပြုပြင်နိုင်မည်**



## ဟားခါးမြို့ မြေပြို၊ တောင်ပြိုမှု ဘူမိဗေဒဆိုင်ရာ ကနဦးလေ့လာတွေ့ရှိချက် ရှင်းလင်း

**ဟားခါး စက်တင်ဘာ ၁**

၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းအတွင်း မိုးသည်းထန် စွာရွာသွန်းမှုကြောင့် မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်ခဲ့ သည့် ချင်းပြည်နယ် ဟားခါးမြို့နှင့် ပတ်ဝန်းကျင်ဒေသ ဘူမိဗေဒဆိုင်ရာ ကနဦးလေ့လာတွေ့ရှိချက်များ ရှင်းလင်း ပွဲကို ဩဂုတ် ၃၁ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာ ရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ကွင်းဆင်း အဖွဲ့ခေါင်းဆောင် ဦးဝင်းမြင့်က ဟားခါးမြို့ ပတ်ဝန်းကျင် ဒေသ၏ တောင်ပြို၊ မြေပြိုမှုများနှင့် စပ်လျဉ်း၍ ဘူမိဗေဒ ဆိုင်ရာလေ့လာတွေ့ရှိချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တောင်ပြို၊ မြေပြိုဘေး ကာကွယ်နိုင် ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်း ပြုလုပ်ရန်၊ တောတောင်ပြန်းတီးမှုကာကွယ်ရန်အတွက် ထင်းမီးသွေးအစားထိုး လျှပ်စစ်အသုံးပြုရန်၊ မြေထိန်း နံရံများပြုလုပ်ရန်၊ သစ်တောပြုန်းတီးဒေသများတွင် ထင်း အစားထိုးစိုက်ပျိုးရန်၊ လျှိုချောင်းကမ်းပါးများတွင် နေအိမ် များ မဆောက်လုပ်ရန်၊ ဆောက်လုပ်ရေးကျောက်များ ထုတ်ရာတွင် လမ်းနှင့် အနီးဆုံးနေရာမှ ထုတ်လုပ်ခြင်း မပြုရန် အကြံပြုတင်ပြခဲ့သည်။

ဟားခါးနှင့် ပတ်ဝန်းကျင်ဒေသ၏ ဘူမိဗေဒဆိုင်ရာ အခြေအနေများကို သတ္တုတွင်းဝန်ကြီးဌာနမှ ဘူမိဗေဒ ပညာရှင်များက ရက်သတ္တသုံးပတ်ခန့် ကွင်းဆင်းလေ့လာ ခဲ့ခြင်းဖြစ်ကာ လေ့လာတွေ့ရှိချက် အသေးစိတ်အစီရင်ခံစာ ကို စက်တင်ဘာလ တတိယပတ်အတွင်း ထုတ်ပြန်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက်)**

## သာယာဝတီမြို့နယ်တွင် ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးဧရိယာများအား တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ပြန်လည်စိုက်ပျိုး

**သာယာဝတီ စက်တင်ဘာ ၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝ ဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ပျက်စီးဧရိယာ ၂၀၈၉၆ ဧကတွင် တိုက်ရိုက်မျိုးစေ့ချစနစ်အရန်ပျိုး၊ နှံပျိုးများဖြင့် ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို စည်းရုံးပညာပေး ဆောင်ရွက်လျက်ရှိသည်။

သာယာဝတီမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်း ၂၀၈၉၆ ဧက အား သက်ငယ်ရက် ၉၀ စပါးမျိုးများကို အသုံးပြုပြီး တိုက်ရိုက် မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးပေးခြင်းလုပ်ငန်းကို ဆောင်ရွက် လျက်ရှိရာ ဩဂုတ် ၃၀ ရက်က ဖိုးခေါင်ကျေးရွာအုပ်စု ဖိုးခေါင်ရွာရှိ တောင်သူ ဦးဇော်ဝင်း၏ ပျက်စီးသွားသော လယ်မြေ ခြောက်ဧကအား စိုက်ပျိုးပေးသည်။

အဆိုပါ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းကို ပဲခူးတိုင်း ဒေသကြီး သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကို အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲ နှင့် စိုက်ပျိုး ရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တနိုင်းမြို့နယ်တွင် ရေကြီးနစ်မြုပ်

**တနိုင်း စက်တင်ဘာ ၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ယနေ့တွင် တနိုင်းမြို့နှင့် မိုင်းခွန်ကျေးရွာ အုပ်စုကြားရှိ ဂျိုဒီးကျေးရွာ၊ ရေနံကုန်းကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာများသို့ တနိုင်းခချောင်းရေနှင့် နန်းဗျူး ချောင်းရေများဝင်ရောက်ပြီး ကျေးရွာသုံးရွာမှာ ရေကြီးနစ်မြုပ်လျက်ရှိရာ မြို့နယ်မှတာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့ အစည်းများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား စက်တပ်ရေယာဉ်ကြီး နှစ်စီး၊ စက်တပ်ရေယာဉ်ငယ် ခြောက်စီး တို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား မြို့မဘုန်းကြီးကျောင်းနှင့် သာယာရွှေပြည်ကျောင်းတို့တွင် ကယ်ဆယ် ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေး လေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော အဝတ်အထည်၊ ဒန်အိုးဒန်ခွက်၊ ကျောင်းသုံးစာအုပ်၊ သက်န်းနှင့် စောင်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**ကန်ပက်လက် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)မှ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် ထောက်ပံ့ ပစ္စည်းများပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများလှူဒါန်းပွဲတွင် မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဌ ဒေါ်တင်တင်ခိုင်က သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအတွက် (စတီးအိုး) ခြုံစောင်၊ ဆန်စသည့် ပစ္စည်းများကို သဘာဝဘေးသင့် သည့် အုပ်စုကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပုံပါကျင်း၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ပုံပါကျင် စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျ ရေများစီးဆင်းမှုကြောင့် ပုံပါကျင်မြို့ အတွင်းရှိ ဟွေအောကျေးရွာအုပ်စု နမ့်ဖတ်ကိုကျေးရွာရှိ နေအိမ်ရှစ်လုံး နှင့် မုံးကျွတ်ကျေးရွာရှိ နေအိမ်သုံးလုံး ရေထဲမျောပါပြီး နေအိမ် ၁၂ လုံး ရေနစ်မြုပ်၍ လယ်မြေ ၂၂ ဒသမ ၆၇ ဧက ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါရေဘေးသင့်အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၁၀၀ ကို နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်း ရွှေ့နေရာချထားပြီး လိုအပ်သော ဆေးဝါးကုသမှုနှင့် ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီခွဲက ပုံပါကျင် မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်ဝေလင်း ဦးဆောင်သော ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က ဟွေအောကျေးရွာ အုပ်စု နမ့်ဖတ်ကိုကျေးရွာရှိ ရေဘေး သင့်အိမ်ထောင်စုရှစ်စုနှင့် မုံးကျွတ် ကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၅ စုတို့အတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၂၃ စု အတွက် ငွေကျပ် ၂၃သိန်း ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ပတ်အလိုတွင် ထုတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၁**

မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ပတ်အလိုတွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက စက်တင်ဘာလ ၁ ရက်က ရန်ကုန်မြို့တွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

သက်သေခံလက်မှတ်များကို ထုတ်ပေးရခြင်းမှာ သက်သေခံလက်မှတ်တွင် မဲစာရင်းအမှတ်ပါရှိသည့်အတွက် မဲစာရင်းတွင် အမည်ရှာဖွေရာ၌ လွယ်ကူစေရန်၊ မှတ်ပုံတင်နှင့် အခြားသက်သေခံကတ်ပြားများ ပျောက်ဆုံးနေသည့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးနိုင်ရန်နှင့် သက်သေခံလက်မှတ်တွင် မဲဆန္ဒရှင်၏ အမည်၊ မှတ်ပုံတင်၊ မွေးသက္ကရာဇ်တို့ပါရှိသည့်အတွက် အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် လာမည့် ရွေးကောက်ပွဲများတွင် မှန်ကန်သည့် မဲစာရင်းဖြစ်လာရန် အတွက်ဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များမဲပေးရာတွင် လွယ်ကူလျင်မြန်စေရေးနှင့် မှတ်ပုံတင်ပျောက်ဆုံးသည့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် ယင်းသို့ သက်သေခံလက်မှတ် ထုတ်ပေးရခြင်း ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး မီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြားစဉ်။

အဆိုပါ မဲဆန္ဒရှင်သက်သေခံလက်မှတ်တွင် မဲဆန္ဒရှင်၏ မဲစာရင်းအမှတ်၊ အမည်၊ မှတ်ပုံတင်၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာတို့ ပါရှိမည်ဖြစ်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက "တစ်ခုရှင်းပြလိုပါတယ်။ ဒီသက်သေခံလက်မှတ်ကို ခုတုံးလုပ်ပြီး မသမာမှုတွေရှိလာနိုင်တယ်ဆိုပြီး ပြောနေတဲ့အချက်ဖြစ်ပါတယ်။ မဲပေးဖို့လာတဲ့အခါမှာ ဒီသက်သေခံလက်မှတ်နဲ့ မဲစာရင်းကိုပြန်ပြီး တိုက်ဆိုင် စစ်ဆေးဦးမှာပါ။ မဲစာရင်းနဲ့ မကိုက်ညီရင် မဲရုံမှာရှိနေတဲ့ မဲရုံမှူးနဲ့ အဖွဲ့ဝင်တွေ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက တာဝန်ရှိသူတွေ၊ အုပ်ချုပ်ရေးမှူးနဲ့ မဲရုံကိုယ်စားလှယ်တွေ၊ အကူကိုယ်စားလှယ်တွေကပါ မသမာမှုဟုတ် မဟုတ် စိစစ်နိုင်မှာဖြစ်ပါတယ်။ မသမာမှုဆိုရင်တော့ အရေးယူဆောင်ရွက်ဖို့ လုံခြုံရေးအဖွဲ့က ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသက်သေခံလက်မှတ်အပေါ် မသမာမှုလုပ်ဖို့ဆိုတာ လွယ်တဲ့အချက်မဟုတ်ပါဘူး"ဟု ပြောကြားသည်။

လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များအား သင်တန်းပေးခြင်းကို ဆောင်ရွက်နေပြီး စက်တင်ဘာ ၃ ရက်မှ စတင်ကာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် နည်းပြများအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြတ်သန္တာမောင်**

## ထစ်ချုန်းရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

## ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး အကျဉ်းထောင်စစ်ဆေး

**သံတွဲ စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဦးသိန်းအောင်သည် စက်တင်ဘာ ၁ ရက်က သံတွဲခရိုင်တရားသူကြီး ဒေါ်ခင်စန်းဝင်းတို့နှင့်အတူ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်အညီ သံတွဲအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သားနှင့် ကလေးငယ်များ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် ဥပဒေပါအခွင့်အရေးများ ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၂ ရက်တွင် ကရင်ပြည်နယ်၌ နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မန္တလေးမြို့တော်စည်ပင်က ရောင်းမှားဝယ်မှားဖြစ်ခဲ့တဲ့သူတွေကို စာရင်းကောက်ပြီးဆောင်ရွက်ပေးလို့ အခုလိုဝယ်ယူခွင့်ရ

**အေးမြ(မန္တလေး)**

**မန္တလေးမြို့တွင် လူဦးရေသိပ်သည်းမှုများပြားလာပြီး အိမ်ခြံမြေဈေးနှုန်းများ အဆမတန်မြင့်တက်လာရာ သာမန်အလတ်တန်းစား စီးပွားရေးဆောင်ရွက်သူများနှင့် လခစားဝန်ထမ်းများအတွက် အိမ်မြေပိုင်ဆိုင်နိုင်ရေး အလှမ်းဝေးနေသေးလျက်ရှိသည်။**

**အဆိုပါ အခက်အခဲများအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အမှန်တကယ်အရောင်းအဝယ်မှားခဲ့ကြသူများ၊ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြသူများ၏ ကျန်ရစ်သူမိသားစုများ၊ ကိုယ်လက်အင်္ဂါစွန့်ခဲ့သူများ၊ နိုင်ငံ့ဝန်ထမ်းပင်စင်စားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာစီမံကိန်းနှင့် စိတ္တရမဟီဝန်ထမ်းအိမ်ရာစီမံကိန်းများမှ တာဝန်ရှိသူများနှင့် နေထိုင်ခွင့်၊ ဝယ်ယူခွင့်ရရှိသူများကို သွားရောက်မေးမြန်းခဲ့ရာ.....**

**မသန်းသန်းမိုး (တိုက်-၂၅၊ အခန်း-၁)**

ယုဇနလမ်းနဲ့ ၄၇ လမ်းထောင့်မှာ ရောင်းသူမပိုင်တဲ့ ဝိုင်းကိုဝယ်မိပြီး ရောင်းမှားဝယ်မှား ဖြစ်ခဲ့ပါတယ်။ ဒါကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ရောင်းမှားဝယ်မှားဖြစ်ခဲ့တဲ့သူတွေကို စာရင်းကောက်ပြီး ဆောင်ရွက်ပေးလို့ အခုလိုဝယ်ယူခွင့်ရခဲ့တာပါ။

အခုလိုတန်ဖိုးမျှတအိမ်ရာမှာ ပြန်ဝယ်ခွင့်ရလို့ ကိုယ်ပိုင်တိုက်ခန်းနဲ့ နေနိုင်ပြီမို့ ဝမ်းသာပါတယ်။ ကျွန်မညီမလည်း အခုလို ရောင်းမှားဝယ်မှားထဲမှာ ပါတာပဲ။ ဒါပေမယ့် သူကစာရင်းပေးတဲ့အချိန်မှာ မီးဖွားဖို့ မိဘတွေဆီပြန်နေလို့မရခဲ့ဘူး။ သူတို့လိုလူတွေလည်း ရှိကြတယ်လို့ကြားတယ်။ အဲ့ဒီလိုလူတွေအတွက်လည်း စဉ်းစားပေးစေချင်ပါတယ်။



မသန်းသန်းမိုး



ဦးအောင်ကျော်ဦး



မခင်စန်းယု

**ဒေါ်နွယ်နွယ်ထွန်း**
**(ဌာနခွဲမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ)**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့တန်ဖိုးနည်းအိမ်ရာမှာ ဖရိမ်နှစ်ခုပါဝင်ပါတယ်။ မမ-၁၅ ဖရိမ်က မြေ ၇ ဒသမ ၆၇ ဧက ဖြစ်ပြီး ရှစ်ခန်းတွဲ လေးထပ်အဆောက်အအုံ ၂၇ လုံးဖြစ်ကာ မမ-၂၆ ဖရိမ်က မြေ ၅ ဒသမ ၄ ဧကဖြစ်ပြီး လေးခန်းတွဲ လေးထပ်အလုံး ၃၀ စုစုပေါင်း အခန်းပေါင်း ၁၃၄၄ ခန်းဖြစ်ပါတယ်။ ရောင်းမှားဝယ်မှားဖြစ်ခဲ့သူတွေအတွက် ၃၄၉ ခန်း၊ တိုက်ပွဲတွေမှာကျဆုံးခဲ့တဲ့ တပ်မတော်သား မိသားစုဝင်တွေနဲ့ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေအတွက် အခန်းပေါင်း ၁၀၀၊ ဌာနဆိုင်ရာအသီးသီးက အငြိမ်းစားယူခဲ့တဲ့ အငြိမ်းစားဝန်ထမ်းတွေအတွက် အခန်းပေါင်း ၈၀၀ ရောင်းချပေးခဲ့ပါတယ်။ ငွေပေးချေတဲ့စနစ်ကတော့ တစ်လုံးတည်း ငွေပေးချေတဲ့စနစ်၊ MOB, ရတနာပုံဘဏ်၊ အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွေနဲ့ ချိတ်ဆက်ပြီး အရစ်ကျစနစ်နဲ့ ရောင်းချပေးပါတယ်။ အဲဒီအိမ်ရာမှာ ရဲစခန်းနဲ့ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးတွေ တည်ဆောက်ပေးထားပြီး ဖြစ်ပါတယ်။ နောင်မှာ အထက ကျောင်းနဲ့ ဆေးခန်းဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**ဦးအောင်ကျော်ဦး**
**(ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး)**

စိတ္တရမဟီအိမ်ရာ စီမံကိန်းက အရင် ၁၉၅၁ ခုနှစ်ကတည်းကရှိခဲ့တဲ့ အိမ်ရာစီမံကိန်းနေရာမှာ အကောင်အထည်ဖော်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။

လုပ်ငန်းတွေ ဆောင်ရွက်မယ်ဆိုတဲ့အခါ မူလအိမ်ရာအဟောင်းမှာ နေထိုင်ကြတဲ့ ဝန်ထမ်းတွေအတွက် တည်ဆောက်ရေးကာလမှာ နေထိုင်ရေးအဆင်ပြေဖို့၊ တင်ဒါအောင်မြင်ထားတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေနဲ့ ညှိနှိုင်းပြီး ဆောက်လုပ်ရေးဆောင်ရွက်မယ့် လပေါင်း ၂၀ အတွက် အိမ်ထောင်စုတစ်စုလျှင် တစ်လတစ်သိန်းခွဲနှုန်းနဲ့ အိမ်လခအဖြစ် သိန်း ၃၀၊ ပြောင်းရွှေ့ရတဲ့စရိတ်အဖြစ် အိမ်ထောင်စုတစ်စုအတွက် သုံးသိန်း၊ အဆောက်အအုံပြီးတဲ့အချိန်မှာ ပြန်လည်ပြောင်းရွှေ့လာတဲ့အတွက် သုံးသိန်း စုစုပေါင်း ၃၆ သိန်း ပေးအပ်ခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှာ အဆောက်အအုံဟောင်းတွေကို စတင်ဖျက်သိမ်းခဲ့ပါတယ်။

တည်ဆောက်ရေးလုပ်ငန်းတွေ ၂၀၁၅ ခုနှစ် ဇွန်လမှာ ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ အရင် ၁၉၅၁ ခုနှစ်က ဆောက်ခဲ့တဲ့ အဆောက်အအုံတွေက အခန်းတစ်ခန်းမှာ ၄၈၀ စတုရန်းပေပဲ ရှိခဲ့ပါတယ်။ အခုတည်ဆောက်တဲ့ အခန်းတွေမှာ ၆၂၅ စတုရန်းပေကျယ်ပြီး Master Bedroom တစ်ခန်းအပါ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်းအိမ်သာတွဲလျက်တစ်ခန်း၊ ဧည့်ခန်းနဲ့ မီးဖိုခန်းတွေ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ အဆောက်အအုံတိုင်းမှာ ဓာတ်လှေကားတွေ တပ်ဆင်ပေးထားပါတယ်။

အခန်းတိုင်း အထပ်တိုင်းမှာ မီးဘေးအန္တရာယ်အတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

**မခင်စန်းယု**
**(တိုက်-၂၅၊ အခန်း-၁၂၊ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ)**

ကန်ကြီးကုန်းကမြေ ပေ(၂၀×၄၀)ကို ခြောက်သိန်းနဲ့ဝယ်ခဲ့တာ။ နောက်မှရောင်းတဲ့သူပိုင်တဲ့မြေမဟုတ်လို့ ဖယ်ပေးခဲ့ရတယ်။ တိုက်ခန်းက သိန်း ၁၁၀ လို့ ပြောပါတယ်။ ပထမအရစ်အနေနဲ့ ငွေကျပ် ၃၃၇၇၀၀၀ ၊ ရေမီတာ၊ မီးမီတာအတွက် ငွေကျပ် ၁၁၅၀၀၀၊ ရေကြေး၊ မီးကြေးဆိုပြီး ငွေကျပ် ၇၀၀၀၀ သွင်းထားရပါတယ်။ ကျန်တဲ့အခန်းဖိုးကိုတော့ MOB က လာရောက်ဆက်သွယ်ပြီး သွင်းပေးပါတယ်။ ကျွန်မတို့က MOB ကို တစ်လတစ်သိန်းရှစ်သောင်းနဲ့ လ ၆၀ ပြန်ဆပ်ရမှာပါ။

လေးလဆက်တိုက်မသွင်းနိုင်ရင် တိုက်ခန်းပြန်သိမ်းမယ်ဆိုလို့ မဖြစ်မနေတော့ သွင်းရမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် သားသမီးတွေနောင်ရေး အတွက် မဖြစ်ဖြစ်အောင် သွင်းသွားမှာပါ။ အပိုအသုံးလည်း မရှိတော့ အစားအသောက်တော့ အဆင်းရဲခံရမှာပေါ့။ အခုလောလောဆယ် အခက်အခဲကတော့ ကျောင်းမရှိသေးတော့ သားကျောင်းသွားရတာ ဝေးတာရယ်၊ လိုင်းကားစီးမယ်ဆိုရင် မိနစ် ၂၀၊ ၃၀ လောက် လမ်းလျှောက်နေရတာရယ် ရှိပါတယ်။ လိုင်းကားတွေ အိမ်ရာထဲက နေဖြတ်ပြီး ပြေးမယ်၊ ကျောင်းဆောက်ပေးမယ်ဆိုရင် အလွန်ကောင်းပါတယ်။



# ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မီးလောင်ကျွမ်းယာဉ်ကို ဖယ်ရှားစေလို

**ကောလင်း စက်တင်ဘာ ၁**

ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်၌ ဩဂုတ်လ ဒုတိယပတ်က ခရီးသည်တင် အောင်ရတနာမှန်လုံယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်ကျွမ်းခဲ့ရာ လမ်း၏မိုင်တိုင်အမှတ် (၁၀၇/၃) တောင်အတက်ကွေ့လမ်းပေါ်၌ ရှိနေပြီး မန္တလေး-ရွှေဘို- မြစ်ကြီးနားမြို့များမှ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအတွက် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်မှု ရှိနေသည်။ ထို့ကြောင့် ယာဉ်ကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရန် လိုကြောင်း ယာဉ်မောင်းများက ပြောကြားသည်။

**ကိုကိုမောင် (ကောလင်း)**



# ဝမ်းပျက်ဝမ်းလျှောသူ ၁၄ ဦးအား ကျန်းမာရေးစောင့်ရှောက်

**ကော့ကရိတ် စက်တင်ဘာ ၁**

ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ခွာပေးကျေးရွာအုပ်စု ထီးခါးကလေးကျေးရွာ၌ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားခဲ့ရာ ရောဂါခံစားရသူ ၁၄ ဦးရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

ရောဂါခံစားနေရသူများအား ကျေးရွာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ကျန်းမာရေးတာဝန်ရှိသူများစုပေါင်းကာ ကျန်းမာရေးယာယီဆေးခန်းဖွင့်လှစ်ပေးပြီး ဆေးဝါးများတိုက်ကျွေးခြင်းနှင့်ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရောဂါဖြစ်ပွားရခြင်းမှာ ရေနှင့်အစားအစာများသန့်ရှင်းမှုမရှိခြင်းနှင့် ယင်လုံအိမ်သာသုံးစွဲမှုမရှိခြင်းတို့ကြောင့် ဖြစ်ပွားလျက်ရှိသည်ကို မြင်တွေ့ရပြီး ရောဂါခံစားရသူ ၁၄ ဦးခန့်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အလုံကမ်းနားလမ်းပေါ်၌ ကွန်တိန်နာယာဉ်တိမ်းမှောက်

**ရန်ကုန် စက်တင်ဘာ ၁**

ဩဂုတ် ၃၁ ရက်ည ၈ နာရီ ၄၅ မိနစ်ခန့်က ကမ်းနားလမ်းအတိုင်း ကြည့်မြင်တိုင်မြို့နယ်ဘက်မှ ယာဉ်မောင်းသိန်းလွင် (၃၁ နှစ်)မောင်းနှင်လာသည့် 4B/------ NISSAN အမျိုးအစားကွန်တိန်နာယာဉ်သည် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကမ္ဘောဇဘဏ်ရှေ့အရောက်တွင် အရှိန်မထိန်းနိုင်မှုကြောင့် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ကွန်တိန်နာယာဉ်တိမ်းမှောက်မှုကြောင့် ကမ္ဘောဇဘဏ်ရှေ့တွင် ရပ်ထားသော ၃၈/------- ဟွန်ဒါပစ်ကိုယ်ပိုင်ယာဉ်နှင့် ယာဉ်အမှတ်မတပ်ဆင်ရသေးသော ကာဒီးနားကိုယ်ပိုင်ယာဉ်ပေါ်သို့ ကျရောက်ခဲ့သည့်အတွက် ယာဉ်ငယ် နှစ်စီးစလုံး ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လူတစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိခဲ့သော်လည်း ယာဉ်ကို မဆင်မခြင်မောင်းနှင်သည့်ကွန်တိန်နာယာဉ်မောင်းသူကို အလုံမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



# ဘားအံ စက်မှုဇုန်အနီး အိမ်ရာစီမံကိန်း၌ အိမ်ခန်းပေါင်း ၂၅၆၀ တည်ဆောက်မည်

**ဘားအံ စက်တင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်ပေါ်ပေါက်စေရေး၊ မိသားစုတိုင်း နေထိုင်မှုအတွက် အိမ်ရာများရှိစေရေး ရည်ရွယ်ချက်များဖြင့် ဘားအံစက်မှုဇုန်အနီး အိမ်ရာစီမံကိန်း၌ အိမ်ခန်းပေါင်း ၂၅၆၀ တည်ဆောက်မည်ဖြစ်ရာ မိတ်ဆက်ရှင်းလင်းပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၃၁ ရက်က ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားရာတွင် "အိမ်ရာစီမံကိန်း တည်ဆောက်ခြင်းကြောင့် ကျေးလက်နှင့် မြို့ပြများပါမကျန် ပြည်သူများ၏ နေထိုင်ရေးအဆင်ပြေမည့်အပြင် လက်ရှိလည်ပတ်နေပြီဖြစ်သော ဘားအံစက်မှုဇုန်အနီးတွင်ရှိသောကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး များစွာအထောက်အကူပြုနိုင်မည်"ဟု ထင်မြင်ယူဆပါကြောင်းပြောကြားခဲ့သည်။ ဆက်လက်၍ တာဝန်ယူတည်ဆောက်မည့် မြဒွေးကြွယ်လင်းကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးစောသန်းမြနှင့် The Infrastructure of Myanmar ဒါရိုက်တာ ဦးခင်မောင်တိုးတို့က အိမ်ရာစီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာကြသော သတင်းမီဒီယာများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးကြသည်။

အဆိုပါ ရောင်းချမည့် အိမ်ရာများကို ဘားအံစက်မှုဇုန်အနီးရှိ မြေဧက ၂၀ ပေါ်တွင် တိုက်ခန်းပေါင်း ၂၅၆၀ ကို နှစ်နှစ်ကာလအတွင်း တည်ဆောက်မည်ဖြစ်ပြီး တိုက်ခန်းတစ်ခန်းလျှင် တန်ဖိုးငွေကျပ် ၁၀၈ သိန်းနှင့် နှစ် ၃၀ အရစ်ကျ ငွေချေစနစ်ဖြင့် တစ်လလျှင် ငွေကျပ်သုံးသောင်း လစဉ်ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် လက်ငင်းစနစ်ဖြင့်ဝယ်ယူပါက တစ်ခန်းလျှင် ငွေကျပ်သိန်း ၈၀ ဖြစ်ပြီး အရစ်ကျစနစ်တွင် တစ်ဆင့် ပြန်လည်ရောင်းချလိုသူများအတွက် တစ်လုံးတစ်ခဲ ပေးချေပြီးမှ ရောင်းချခွင့် ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂ ရက်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**(မိုး/ဇလ)**



ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၁ ရက်က ပြည်သူ့ဝန်ဆောင်မှု ရုံးခန်း (One Stop Shop) ဖွင့်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးစဉ်။

ကျော်သူ

## အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာ စီမံကိန်းတွင် အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ လူနေအထပ်မြင့် လေးခန်းတွဲ ငါးထပ်တိုက်ခန်းများ စီမံဆောက်လုပ်လျက်ရှိပြီး ၁၄-၅-၂၀၁၅ရက်မှစတင်၍ အစိုးရဝန်ထမ်းများကို ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ပြည်သူများကို ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူလိုသူများ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန**
**ဖုန်း-၀၈၁-၂၀၁၉၀၄**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းကြို/ပို့ယာဉ် သုံးစီးအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ဝန်ထမ်းကြို/ပို့ယာဉ်** - (၃) စီး
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၁၀-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် ၁၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၂၉၊ ၄၀၉၂၁၅တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးမြို့နယ် ကလေး-ဂန့်ဂေါလမ်းမကြီးမှ ရေလဲဦး-ပေါက်ခုန်လမ်း မြေသားတာပေါင်တင်ပြီး သဲကျောက်ခင်းခြင်းလုပ်ငန်း(၃/၀ ဒသမ ၆၂ မိုင်)၊ ဆည်တောဦး-သဖန်းအိုင်-ဖောင်းကူးလမ်း(၄/၀ မိုင်) ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၃-၉-၂၀၁၅ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၃-၉-၂၀၁၅ရက်မှ ၁၄-၁၀-၂၀၁၅ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၅၂၀၊ ၂၆၁၉၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၆)လမ်း၊ အမှတ် ၅၁နေ ကွယ်လွန်သူ ဦးမြင့်လွင် ၁၂/သကတ(နိုင်)၀၄၃၃၄၂၏နိုင်ငံကူးလက်မှတ်(Passport)မှာ ၁၉၉၅ ခုနှစ်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးမြင့်လွင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၅၁၉၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8737၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

တကျိန်းသေပေါက်အောင်မြင်စေရမည့်
ကိုကော်ရိုပ် အဝေးသင်စီဗွာ
စာမေးပွဲပြင်ဆင်မှုသင်တန်းများ
စက်တင်ဘာ(၆)ရက်နေ့တာမွေတွင်ဖွင့်မည်
တနင်္ဂနွေတစ်ရက်တည်း နံနက်(၇)နာရီခွဲမှ (၁၁)နာရီခွဲအထိ သင်တန်းကြေး (၄၀၀၀၀)ကျပ်
အနီးကပ်တက်ရန် ၅ရက်အလိုတွင်နေ့စဉ်ရက်ဆက်ထပ်မံသင်ကြားသည်
အမှတ်(၂၉၄)၊ တတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့၊ ပလီထိပ်မှတ်တိုင်၊ 0931340284

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ ထိန်ပင်ရွာနေ ဦးခင်မောင်ကြည်၏သား မောင်နိုင်လင်းအောင် ၉/ဇယသ(နိုင်)၀၀၁၄၀၀ နှင့် မောင်သီဟအောင်သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၈-၇-၁၉၉၃ ဖြစ်ပါသည်။

**မောင်နိုင်လင်းအောင်(ခ)မောင်သီဟအောင်**

## အမည်ပြောင်း

ဦးအောင်ကျော်၏သမီး သံတွဲမြို့နယ် အထက၊ ကျောက်ကြီး တက္ကသိုလ်ဝင်တန်း(A)မှ မအိအိသော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၁/သတန(နိုင်)၀၉၅၈၅၄ အရ မယုယုမွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယုယုမွန်**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက၊ ကျောက်ကြီး၊ တက္ကသိုလ်ဝင်တန်း(A)မှ မယုယုမွန် ၁၁/သတန(နိုင်)၀၉၅၈၅၄၏ ဖခင်အမည်မှန်မှာ ၁၁/သတန(နိုင်)၀၇၀၄၄၂အရ ဦးအောင်ကျော်ဖြစ်ပါကြောင်း။

**ဖခင်-ဦးအောင်ကျော်**

## တစ်ဦးတည်းဖြစ်ကြောင်း

မလှိုင်မြို့နယ်၊ ထမ္ဗကြီးအုပ်စုကျေးရွာနေ ဦးမြင့်ဆွေနှင့် ဦးမြင့်ရွှေ (MHLG-၀၂၁၅၅၈) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ (ခ) ဦးမြင့်ရွှေ**

## အမည်ပြောင်း

ဦးမင်းစိုးလှိုင် ၁၂/ဗဟန(နိုင်)၀၀၅၈၅၃၏သား အထက(၂) တာမွေမြို့နယ် တက္ကသိုလ်ဝင်တန်း(F)မှ မောင်မင်းဘုန်းမြတ်အောင် ၁၂/တမန(နိုင်)၁၂၃၀၀၉ အား မောင်ရှိုင်းမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# MFF Open Cup ဖူဆယ်ပြိုင်ပွဲ၌ MIC အသင်းဗိုလ်စွဲ

**ရန်ကုန် စက်တင်ဘာ ၁**

MFF Open Cup ဖူဆယ် ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းတွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ MIC အသင်းက ခေတ္တရာအသင်းကို ၁၀ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးခဲ့သည်။ တတိယနေရာလုပွဲတွင် Winner အသင်းက VUC အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အားကစားသမားဆုရ ငြိမ်းမင်းစိုး (winner) အား ဆုတံဆိပ်နှင့်ငွေကျပ်သုံးသိန်းအကောင်းဆုံးဂိုးသမားဆုရ ကျော်ထက်အောင် (winner)အား ဆုတံဆိပ်နှင့်ငွေကျပ် သုံးသိန်း အသန့်ရှင်းဆုံးအသင်းဆုရ VUC အသင်းကို ဆုဖလားနှင့် ငွေကျပ် ငါးသိန်း၊ စတုတ္ထဆုရ VUC အသင်းကို ငွေကျပ် ၁၀သိန်း၊ တတိယဆုရ winner အသင်းကို ဆုတံဆိပ်နှင့် ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရ ခေတ္တရာအသင်းကို ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀၊ ပထမဆုရ MIC အသင်းကို ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို အသင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပခဲ့သည်။ ယခုပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမားများကို မြန်မာ့လက်ရွေးစင် ယူ-၂၃ နှင့် ယူ-၁၉ ဖူဆယ်အသင်းများအတွက် ပဏာမ လက်ရွေးစင်များအဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ MIC အသင်းကို ဆုဖလားချီးမြှင့်စဉ်။

# ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်း ပြိုင်

**ပြင်ဦးလွင် စက်တင်ဘာ ၁**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် CB Bank မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် ပဉ္စမပွဲစဉ် (ပြင်ဦးလွင်)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ ၁၈ ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အပျော်တမ်း အမျိုးသမီးနေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အမှုဆောင်နှင့် အထက်မြန်မာပြည် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုကိုကလည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသားနေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်အမှုဆောင် ဦးကျော်ကျော်မြင့်နှင့် ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးခင်ဇော်တို့ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် တတိယရရှိသော ခင်မာနွယ်၊ ဒုတိယရရှိသော ယဉ်မေမျိုး၊ ပထမရရှိသော မေဦးခိုင်နှင့် အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ တတိယရရှိသော လှိုင်မင်းထက်၊ ဒုတိယရရှိသော ဇော်ဇော်ထွန်း၊ ပထမရရှိသော ကျော်သက်ဦး Professional အဆင့်ပြိုင်ပွဲတွင် တတိယရရှိသော ဘိုဘို (HAN Golf Academy)၊ ဒုတိယရရှိသော နိုင်နိုင်လင်း (New Star)၊ ပထမရရှိသွားသော လှမျိုး (Mizuno) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် CB Bank မှ ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်က ပထမရရှိသွားသော လှမျိုး (Mizuno) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**

# ပြည်သူ့ဝန်ဆောင်မှု ရုံးဖွင့်

**မြဝတီ စက်တင်ဘာ ၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်ရှိ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One Stop Shops) ကို ဖွင့်လှစ်ထားရာပြည်သူအများ၏ အခြေခံလိုအပ်ချက်များ ပိုမိုမြန်ဆန်ပြီး အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။

အဆိုပါစုပေါင်းရုံးကို ဇူလိုင် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းစုစုပေါင်းဌာန ခုနစ်ခုဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ညောင်ဦးတွင် ကွဲကျန်ရစ်ခဲ့သည့်ဆင်ငယ်ကို ကင်းသာဆင်စခန်းသို့ သယ်ဆောင်

**သတင်း - ဋ္ဌလိုင်မိုး(မြန်မာ့အလင်း)**

**နေပြည်တော် စက်တင်ဘာ ၁**

ပဲခူးရိုးမပျော်ဆင်ခြောက်ကောင်အနက် ညောင်ဦးနယ်ထဲတွင် မျက်စိလည်လမ်းမှား၍ ကွဲကျန်ရစ်ခဲ့သည့် ဆင်ငယ်လေးကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေရှိ ကင်းသာဆင်စခန်းသို့ သယ်ဆောင်သွားပြီဖြစ်ကြောင်း သိရသည်။

"ကားပေါ်မှာ ဆင်လှောင်အိမ်လေးလုပ်ထားတယ်။ ဆင်ယဉ်နှစ်ကောင်နဲ့ထိန်းကျောင်းပြီး ကားပေါ်ကိုတင်ခဲ့တာပါ။ ဆင်နဲ့ပတ်သက်တဲ့ ဆရာဝန်တွေကတော့ ဒီဆင်ငယ်လေးက သူတို့မိသားစုဝင်မဖြစ်နိုင်ဘူး။ တခြားမိသားစုထဲကနေ ရောပါလာတယ်လို့ သုံးသပ်ထားတယ်။ သူ့မိသားစုဝင်ဆိုရင် အခုလိုထားခဲ့မှာမဟုတ်ဘူး။ ဆင်ငယ်လေးကိုတောထဲ ပြန်ပို့ရင်လည်း သူတို့မိသားစုဝင်မဟုတ်တဲ့အတွက် ဆင်အုပ်ကပြန်လက်ခံမယ်မထင်ဘူး။ အခုလောလောဆယ်တော့ ဆင်ငယ်လေးကို နေပြည်တော် ကင်းသာဆင်စခန်းမှာပဲ ထိန်းသိမ်းထားမယ်။ ရှေ့ဆက်ပြီး ဘာလုပ်မယ်ဆိုတာ တော့မသိရသေးဘူး။ ဆင်ငယ်လေးကို ဆင်ယဉ်တွေနဲ့ ထိန်းကျောင်းပြီး ဆင်လိမ္မာဖြစ်အောင် လုပ်မယ်လို့သိရတယ်" ဟု ညောင်ဦးသစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခုလောလောဆယ် ဆင်ငယ်လေးကို ကင်းသာဆင်စခန်းတွင် ဆင်လိမ္မာများနှင့်ထားရှိကြောင်း၊ ဆင်ငယ်လေး၏ လက်တွင် အနည်းငယ်ဒဏ်ရာရထားသည့်အတွက် ဆင်ဆရာဝန်များနှင့် ကုသစောင့်ရှောက်ထားကြောင်း၊ ဆင်ငယ်လေးကိုဆင်လိမ္မာဖြစ်လာရန် ကင်းသာဆင်စခန်းရှိဆင်ယဉ်များနှင့် လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ ယခု ဆင်ငယ်လေးမှာ အနားကိုလူသိပ်အကပ်မခံသေးကြောင်း သစ်တောရေးရာဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပဲခူးရိုးမပျော်ဆင်ခြောက်ကောင်အုပ်သည် မိမိတို့ ကျက်စားရာနေရာမှ မျက်စိလည်လမ်းမှား၍ ဩဂုတ် ၁၈ ရက်က နတ်မောက်မြို့နယ်အတွင်းမှစတင်၍ဝင်ရောက်လာခဲ့ရာ ဆင်ငယ်လေးမှာ ဆင်အုပ်နှင့် ညောင်ဦးမြို့နယ်ထဲတွင် မျက်ခြည်ပြတ်ကွဲကျန်ရစ်ခဲ့ပြီး ကျန်ငါးကောင်မှာ ဩဂုတ် ၃၁ ရက်က မြို့သစ်မြို့နယ်အတွင်း ယခင် ၎င်းတို့ ကျက်စားရာ ပဲခူးရိုးမရှိ စံပယ်တောင်သို့ ပြန်လည်ရောက်ရှိသွားခဲ့ကြောင်း သိရသည်။


ညောင်ဦးတွင် ကျန်ရစ်ခဲ့သည့်ဆင်ငယ်လေးကို ဆင်ယဉ်နှစ်ကောင်ဖြင့် ထိန်းကျောင်း၍ နေပြည်တော်သို့ သယ်ဆောင်ရန် ပြင်ဆင်နေစဉ်။

အဘအိုးမင်းခေါင်ပွဲသို့ ရှေးကြေးစည်
Sep 26,28,29 ထွက်မည်
▲ အဘထွက်ပွဲ၊ ပုပ္ပါး ညအိပ်။
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (ရွှေစည်းခုံ၊ ရွှေဇီးဂုံ) ပခုက္ကူ။
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနွံ။
▲ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်ဆမ်းဂူ။
▲ ပြည်ဘုရားစုံ၊ အကောက်တောင်၊ ပေါင်းတည်ရွှေဆံတော်ပွဲ(နေ့ချင်းပြန်)
ဖုန်းဆိုးတန်း ☎ 01-240860,01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

တော်ဝင်ထွန်းစတား 09-252466655, 09-252466633, 09-782225822
▲ အဘအောင်မင်းခေါင်အောင်ပွဲ၊ ပုပ္ပါး ညအိပ်။ Sept 28,29 ထွက်မည်
▲ အဘအောင်ပွဲ၊ ပုဂံ (ရွှေစည်းခုံ၊ ရွှေဇီးဂုံ)၊ စလေ၊ ပခုက္ကူ။ အိမ်အရောက်လက်မှတ်ပို့ အခမဲ့ဝန်ဆောင်မှု
▲ အဘအောင်ပွဲ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်။
▲ အဘအောင်ပွဲ၊ ပုဂံ၊ ညောင်ဦး၊ ရွှေစည်းခုံ၊ တောင်ကြီး၊ အင်းလေး။
၂၂၂၊ ပထမထပ်(ဘယ်)၊ ၃၈-လမ်း(အထက်) ကျောက်တံတား ကားစီးလုံးငှားစီစဉ်ပေးသည်

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
စက်တင်ဘာ (၂/၃/၅)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

7Stars (ရာထူးဝင်သင်တန်းကြီး)
ဦးစီးအရာရှိ (၂၂၆) နေရာ (တက္ကသိုလ်တစ်ခုခုမှဘွဲ့)
(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
ဦးစီးအရာရှိ (၃၄) နေရာ (B.com, B.Act, DA)
(ကျန်းမာရေး / စာရင်းစစ်ချုပ်ရုံး) (အပြည့်စုံဆုံးမှတ်စုများ နယ်သို့ပို့ပေးသည်။)
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါပြီ ။
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (မိန်ဂေဟာ-ဒါရုဗီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉-၂၆၁၉၀၁၁၅၅ ၀၉-၂၆၁၉၀၁၁၆၆ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ |
| မင်္ဂလာထွန်းသီရိ (မြိတ်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | | | |

ကြိုတင်လက်မှတ်ရောင်းပြီ
၄၊ ၉၊ ၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြပြီ။ ဖွင့်ပြီ



# လိုအပ်လျက်ရှိသည့် ခေတ်မီစိုက်ပျိုးရေးပြတိုက်ကြီး

**သန်းဦး(လေးမျက်နှာ)**

**မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောလူဦးရေသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသောနိုင်ငံဖြစ်သည်။ ထိုကဲ့သို့ လုပ်ကိုင်ရင်း ပိုလျှံသောစပါးများကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချခဲ့ရာ လွန်ခဲ့သော ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကာလများက ကမ္ဘာပေါ်တွင် နိုင်ငံခြားတိုင်းပြည်များသို့ ဆန်စပါး တင်ပို့ရောင်းချမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။**

ယင်းနောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများကို မျက်ကွယ်ပြုပြီး တံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံများနှင့် တဖြည်းဖြည်းမျက်ခြည်ပြတ်ကာ ပို့ကုန်စနစ်ချွတ်ယွင်းလာခဲ့ပါတော့သည်။

ထိုသို့ ယိုယွင်းလာသောအခြေအနေများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ အိမ်နီးချင်းနိုင်ငံများကိုပါ မယှဉ်သာသောဘဝသို့ ရောက်ရှိခဲ့လေတော့သည်။ ထိုကဲ့သို့အခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် ဒီမိုကရေစီအစိုးရ လက်ထက်တွင် စီးပွားရေးတံခါးဖွင့်ဝါဒကျင့်သုံးဆောင်ရွက်ခဲ့သည့်အပြင် စိုက်ပျိုးရေးကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပေသည်။



လက်မှုလယ်ယာစနစ်မှ စက်မှု လယ်ယာစနစ်သို့ တဖြည်းဖြည်းပြောင်းလဲကျင့်သုံးပြီး စပါးစိုက်ပျိုးရိတ်သိမ်းခြွေလှေ့သည်မှ စပါးကျီထဲသို့ ရောက်ရှိသည်အထိ စက်ကိရိယာများသုံးစွဲလာခြင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းများကို ရိတ်သိမ်းစက်များဖြင့် ရိတ်သိမ်းခြင်း၊ မြေပဲ၊ ပိန်းဥ၊ ကန်စွန်းဥများကို ဥဖော်စက်ကိရိယာများ သုံးစွဲလာခြင်းတို့ကြောင့် လုပ်အားခ စရိတ်စကသက်သာခြင်း၊ လုပ်သားရှားပါးမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း စသည်တို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် ယခင်ကထက် ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။

ထိုကဲ့သို့ စိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်းတိုးတက်လာခြင်းတို့ကြောင့် ယခုအခါ နိုင်ငံခြားတိုင်းပြည်များသို့ ဆန်စပါးတင်ပို့မှုမှာ ကမ္ဘာ့အဆင့် (၅) အထိ ပြန်လည်တက်လှမ်းနိုင်ခဲ့ပေသည်။ ထိုကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ဦးမော့လာခြင်းမှာ လယ်ယာကဏ္ဍကို ဆောင်ရွက်နေကြသော တောင်သူလယ်သမားများ၏ ကြိုးစားအားထုတ်မှု၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့် ဈေးကွက်စီးပွားရေးစနစ်များကြောင့်ပင်ဖြစ်သည်။

ယင်းကဲ့သို့ ဘိုးဘွားဘီဘင် မိရိုးဖလာစိုက်ပျိုးလုပ်ကိုင်ခဲ့သော စိုက်ပျိုးရေးကဏ္ဍစုံလင်စွာ နည်းစနစ်ပုံစံများနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်ပုံစံများကို နောင်လာနောက်သားတို့ လေ့လာနိုင်စေရန်နှင့် စိုက်ပျိုးရေးပညာပေးရန်အလို့ငှာ ခေတ်မီစိုက်ပျိုးရေးပြတိုက် (Agricultural Museum) ကြီးတစ်ခုလိုအပ်နေပြီဖြစ်သည်။

ယနေ့ကမ္ဘာတွင် လူဦးရေအများဆုံးဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော်ပေကျင်းတွင် ခမ်းနားထည်ဝါသော စိုက်ပျိုးရေးပြတိုက်ကြီးဖွင့်လှစ်ပြသထားသည်ကို ဇူလိုင်လ တတိယပတ်က 2015 Seminar for Press and Media Staffs of Myanmar ရက်တိုသင်တန်းငယ် တက်ရောက်ရင်း သွားရောက်လေ့လာခွင့်ရရှိခဲ့သည်။ ပြခန်းများအလိုက် ခေတ်အဆက်ဆက် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ပုံများကို ပန်းပုရုပ်လုံးသရုပ်ဖော်ပုံများ၊ ပန်းချီကားချပ်များ၊ ခေတ်အဆက်ဆက် အသုံးပြုလာခဲ့သော စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများကို စုံလင်စွာကဏ္ဍအလိုက် ပြသထားသည်ကိုလေ့လာခွင့်ရရှိခဲ့၍ မိမိနိုင်ငံရှိ စိုက်ပျိုးရေးပြတိုက်အတွက် အားမလိုအားမရဖြစ်ခဲ့ရတော့သည်။

မိမိတို့နိုင်ငံတွင်လည်း စိုက်ပျိုးရေးပြတိုက်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြေပဒေသာကျွန်းတွင်တည်ရှိပေသည်။ ယခင်က အဆိုပါမြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်ကြီးသည် လယ်ယာနှင့်သစ်တောဝန်ကြီးလက်အောက်တွင်ရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ဖြစ်သည့် ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်စသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခဲ့ပုံအဆင့်ဆင့်ကို ရုပ်လုံးပန်းပုရုပ်များဖြင့် ကဏ္ဍအလိုက်ကွက်ကွက်ကွင်းကွင်း ပြသထားသည်ကို လေ့လာခဲ့ဖူးပါသည်။ ပြတိုက်အတွင်း ပြသထားသော ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်အတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ကိုင်နေသည့် ပန်းချီကားကြီးမှာ လူငယ်များအတုယူစံနမူနာအဖြစ် ဖော်ပြထားသည်မှာ အလွန်ပင်အသက်ဝင်လှပေသည်။

ယနေ့အချိန်အခါတွင် အဆိုပါပြတိုက်ကြီးမှာ ပြုပြင်မွမ်းမံမှုမရှိ ပျက်စီးယိုယွင်းကာ လေ့လာချင်စရာများ အတော်ပင်ရှားပါးလာသည်ကို တွေ့ရသည်။ ယခင်က စိုက်ပျိုးရေးပြတိုက်ဝင်းရှိ မြေပဒေသာကျွန်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲများမှာလည်း အထူးပင်စည်ကားလှပေသည်။ ထိုနေရာတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ လတ်လတ်ဆတ်ဆတ်များကို ဝယ်ယူစားသုံးခဲ့ဖူးသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲများနှင့်အတူ ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်ခဲ့ပြီး ထိုအချိန်က မြေပဒေသာပွဲတွင် ပင်တိုင်မင်းသမီးကြီး ဒေါ်ဝင်းပပနှင့်အဖွဲ့ကိုပင် သတိရမိပါတော့သည်။

ထိုအချိန်က မြေပဒေသာကျွန်းပြပွဲများကို ရန်ကုန်လူထုသာမက အခြားမြို့နယ်များကပင် လာရောက်အားပေးကြသည်မှာ အထူးစည်ကားလျက်ရှိသည်။ ယင်းနောက်ပိုင်း စိုက်ပျိုးရေးပြတိုက်နှင့် မြေပဒေသာကျွန်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲများကျင်းပခြင်းကို သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများတွင် မတွေ့ရသည်မှာ ဆယ်စုနှစ် နှစ်ခု၊ သုံးခုလောက်ကြာပြီ ထင်မိပါသည်။

ယနေ့ တရုတ်နိုင်ငံသည်ပင်လျှင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် စိုက်ပျိုးရေးထုတ်လုပ်မှုကို ခေတ်မီပြတိုက်ကြီးနှင့် တစ်ခမ်းတစ်နားဖြင့် ပြသထားသည်ကို တွေ့ရ၍ မိမိတို့နိုင်ငံတွင်ပျောက်ကွယ်တော့မည့်နီးနီးဖြစ်နေသည့် မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်ကြီးကို မိမိနိုင်ငံအတွင်း စိုက်ပျိုးရေးဝါသနာရှင်များ လေ့လာဆည်းပူးပညာရှာရာ နေရာအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးပညာဝါဒဖြန့်ရာနေရာအဖြစ် လည်းကောင်း၊ ကျောင်းသားလူငယ်များ လေ့လာပညာရှာဖွေရာ နေရာတစ်ခုအဖြစ် လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဧည့်သည်တော်များနှင့် စိုက်ပျိုးရေးပညာရှင်များ လေ့လာရာနေရာအဖြစ်လည်းကောင်း နိုင်ငံပြယုဂ်တစ်ခုအဖြစ် ပြန်လည်ဖြစ်စေချင်တော့သည်။

**မိရိုးဖလာစိုက်ပျိုး လုပ်ကိုင်ခဲ့သော စိုက်ပျိုးရေးကဏ္ဍစုံလင်စွာ နည်းစနစ်ပုံစံများနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်ပုံစံများကို နောင်လာနောက်သားတို့ လေ့လာနိုင်စေရန်နှင့် စိုက်ပျိုးရေးပညာပေးရန်အလို့ငှာ ခေတ်မီ စိုက်ပျိုးရေးပြတိုက် (Agricultural Museum) ကြီးတစ်ခု လိုအပ်နေပြီဖြစ်သည်။**

# မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်ပွဲကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၁**

ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shops (OSS) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က ကယားပြည်နယ် လှိုင်ကော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်း၌ ဖွင့်လှစ်ခဲ့သည်။ ပြည်သူ့ဝန်ဆောင်မှုရုံးဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သောကြောင့် ပြည်သူများရဲ့ လိုအပ်ချက်များကို တစ်နေရာတည်းနှင့် သတ်မှတ်ချိန်အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် လျင်မြန်စွာဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပြည်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသော ရုံးတစ်ရုံးဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးခင်မောင်ဆန်းက ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

**ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ငွေး က အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်များ သို့ သွေးလွှန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ထောင်များနှင့်ဆေးရည်ထုပ်များ ပေးအပ်ရာ ခရိုင်မိခင်/ကလေး ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း လက်ခံယူစဉ်။**
အောင်သန်း(မင်္ဂလာတောင်ညွန့်)



# CB-MPU Credit Card စတင်ပြီ

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်သူများငွေကြေးအသုံးပြုမှု အဆင်ပြေချောမွေ့စေရန်အတွက် ပုဂ္ဂလိကဘဏ်များက ကြိုးစားဆောင်ရွက်လျက်ရှိရာ CB ဘဏ်က အကြွေးဝယ်နိုင်သည့် CB-MPU Credit Card ကို ပြည်သူများအသုံးပြုနိုင်ရေး မီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲကို ရန်ကုန်မြို့ CB ဘဏ်ရုံးချုပ်၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ CB ဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံး CB-MPU Credit Card ကိုထုတ်ဝေနိုင်ပြီဖြစ်လို့ မြန်မာနိုင်ငံဘဏ်သမိုင်းမှာ မှတ်တိုင်သစ်တစ်ခု ထပ်မံစိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း Credit Card ကို တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်" ဟု CB ဘဏ် အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက ပြောသည်။

CB-MPU Credit Card ကို အမျိုးအစား သုံးမျိုးထုတ်ဝေမည်ဖြစ်ပြီး ယင်းကတ်သုံးမျိုးမှာ Platinum Card၊ Gold Cardနှင့် Classic Card တို့ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ကတ်အမျိုးအစားကို သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လျှောက်ထားအသုံးပြုနိုင်မည်ဖြစ်သည်။

"အရင်က ATM စက်တွေမှာ ငွေထုတ်လို့ရတဲ့ ကတ်တွေက ကတ်ထဲကိုကြိုတင်ငွေထည့်ပြီးမှ ထုတ်ယူသုံးစွဲလို့ရပေမယ့် အခု CB-MPU Credit Card က သုံးစွဲသူအနေနဲ့ ဒီကတ်နဲ့ ငွေအရင်သုံးစွဲပြီးမှ ၄၅ ရက်အတွင်းမှာ သုံးစွဲတဲ့ငွေပြန်ထည့်ရမှာမို့ အသုံးပြုသူတွေအတွက် အဆင်ပြေမှာဖြစ်ပါတယ်" ဟု ဦးကျော်လင်းက ဆက်လက် ရှင်းပြသည်။

အဆိုပါကတ်ကို အသက် ၂၁ နှစ်ပြည့်ပြီးသူတိုင်း ခြောက်လအတွင်း ရိုက်ကူးထားသည့်ဓာတ်ပုံ နှစ်ပုံ၊မှတ်ပုံတင်မိတ္တူ (သို့မဟုတ်) ပတ်စ်ပို့မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လက်ရှိရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံစာမူရင်း၊ အနည်းဆုံး သုံးလအတွက် CB ဘဏ်၏ Bank Statement၊ လျှောက်ထားသူ၏ကုမ္ပဏီ သို့မဟုတ်အဖွဲ့အစည်းမှ လစာဝင်ငွေနှင့်ပတ်သက်သော ထောက်ခံစာမူရင်း (HR Letter Head)၊ အာမခံပေးမည့် ပုဂ္ဂိုလ်နှစ်ဦး၏ထောက်ခံစာမူရင်း (Letter Head) ဖြင့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပါက စီးပွားရေးလုပ်ငန်းမှ တရားဝင်ရရှိသည့် ဝင်ငွေအထောက်အထား၊ အငြိမ်းစားများဖြစ်ပါက မူရင်းပင်စင်လစာနှင့်အခြားရရှိသော ဝင်ငွေအထောက်အထား စသည်တို့တင်ပြရမည်ဖြစ်သည်။

CB-MPU Credit Card သုံးစွဲလိုသူများသည် CB ဘဏ်ရုံးချုပ်နှင့် CB ဘဏ်ခွဲများတွင်ယခုမှ စတင်လျှောက်ထားနိုင်ပြီး ကတ်ရရှိမှုမှာ စိစစ်မှုများအတွက် အနည်းဆုံး ၁၄ ရက်မှ ရက် ၃၀ အတွင်းရရှိအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လျှောက်ထားသူများအနေဖြင့် ကတ်ရရှိပါက မိမိဝင်ငွေ သို့မဟုတ် လစာ၏သုံးဆအထိ အကြွေးဝယ်ယူခွင့် ရရှိနိုင်မည်ဖြစ်သည်။ ယင်းအကြွေးဝယ်ကတ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်း CB ဘဏ်နှင့် ချိတ်ဆက်ထားသော စူပါမားကတ်၊ ရှော့ပင်းစင်တာများနှင့် ဟိုတယ်များ၊ စားသောက်ဆိုင်၊ အရောင်းဆိုင်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

အကြွေးဝယ်ကတ်ကိုင်ဆောင်သူများအနေဖြင့် လစဉ်ဘဏ်မှ ဘဏ်စာရင်းရှင်းတမ်းရရှိပြီးလျှင် သုံးစွဲထားသော ငွေပမာဏအား မိမိအကြွေးဝယ်ကတ်စာရင်းသို့ ငွေပေးသွင်းရမည်ဖြစ်သည်။ ငွေပေးသွင်းမှု သတ်မှတ်ရက်အတွင်း မပေးသွင်းပါက သတ်မှတ်ထားသော ဝန်ဆောင်ခနှင့်အတိုးနှုန်းများပေးသွင်းရမည်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက လစာငွေမှ ခုနှိမ်သွားမည်ဖြစ်ကာ ဝန်ထမ်းမဟုတ်ပါက ထောက်ခံသူနှစ်ဦးမှ တာဝန်ယူပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စာတိုက်ကွေ့မှ အရှေ့ဆီ

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

ထိုထမင်းဆိုင်ကလေးသို့ ကျွန်တော့်မိတ်ဆွေ တစ်ယောက်နှင့် အမှတ်မထင်ရောက်သွား၏။ မိတ်ဆွေက ဘုရားကြီးစောင်းတန်းထဲမှာ ကြီးပြင်းလာသူမဟုတ်ပါလား။ ကျွန်တော်ကတော့ အင်မတန် ဇီဇာကြောင်လှသူ လုံးဝမဟုတ်သော်လည်း နည်းနည်းတော့ ဟိတ်ဟန်ထုတ်တတ်သူမို့ ထိုထမင်းဆိုင်လေးမှာ ထမင်းဝင်စားဖို့ကိစ္စကို တွန့်ဆုတ်နေမိသည်။ သို့သော် မိတ်ဆွေက အသက်ခပ်ကြီးကြီး ခပ်ပိန်ပိန် ထမင်းဆိုင်ပိုင်ရှင် အဘွားကြီးနှင့် ရင်းနှီးနေသောကြောင့် ခုံတန်းရှည်မှာ ချက်ချင်းဝင်ထိုင်ကာ ထမင်းနှစ်ပွဲမှာလိုက်တော့ ကျွန်တော့်မှာ ကြေးများချိန်မရတော့. . .။

"အောင်မယ်လေး မောင်စိုးဝင်းသန်းရယ်၊ အခုမှ ပေါ်လာတော့တယ်။ အခု မင်းအမေတွေနဲ့ မြို့သစ်လိုက်မနေဘူးဆို။ မြို့ထဲမှာ အခန်းငှားနေတယ် ကြားပါတယ်။ မင်းအစ်မကတော့ နေ့တိုင်းထမင်းလာစားတယ်ကွဲ့" ဟု မိတ်ဆွေကို ပြောကာ ကျွန်တော့်ဘက် လှည့်ပြီး. . .။

"သားလေးက ဘာဟင်းနဲ့စားမှာလဲ"ဟု ချိုသာစွာ မေးသည်။ ထို့နောက် ဒန်အိုးတစ်လုံးကို အဖုံးဖွင့်ကာ အနားက ဇလုံနှစ်လုံးယူပြီး ထမင်းတွေကို လက်နှင့် အားပါးတရ ဆုပ်ပြီးထည့်၏။

"ဟင်းက အမဲသားဆီပြန်ရှိတယ်။ ပုစွန်ဆိတ်လေးတွေ ချက်ထားတာရှိတယ်။ ရှားရှားပါးပါး မန္တလေးငါးပတ်ရလို့ အချဉ်ချက်ထားတယ်ကွဲ့၊ ဘာထည့်ရမလဲ"ဟု မေးသည်။ မိတ်ဆွေက မန္တလေးငါးပတ်ဟင်းမှာ၏။ ကျွန်တော်က ပုစွန်ဆိတ်မှာသည်။ ထမင်းဇလုံထဲသို့ ငါးပတ်အသားတစ်ကြီး တစ်,တစ်၊ ငါးပတ်ခေါင်းတစ်ခေါင်းကို ဆီပြန်နေသည့် အနှစ်များများ ဆမ်းထည့်လိုက်သည်။ ထို့နောက် ကြက်သွန်အနီနှင့် ကြော်ကာ ကြက်သွန်ဖြူလေးအုပ်ထားသည့် ထောပတ်ပဲကြော်တွေ ကော်ထည့်ပေးသည်။ ဆီရွှဲရွှဲဆမ်းထားသော ငရုတ်သီးထောင်းခပ်ရဲရဲကိုလည်း ကော်ထည့်လိုက်၏။ ကျွန်တော့်ဇလုံထဲကိုတော့ ခေါင်းချိုးထားသော ပုစွန်ဆိတ်လေးတွေကို ခရမ်းချဉ်သီးအနှစ်များများ၊ ငရုတ်သီးစိမ်းထက်ခြမ်းခွဲနိုင်းချင်းနှင့် အပြည့်ကြီး ပုံပေးသည်။ ထို့နောက် ထောပတ်ပဲကြော်၊ ငရုတ်သီးထောင်း။

ကုလားပဲလေး ခတ်ထားပြီး မဆလာနံ့သင်းသင်း သီးစုံချဉ်ရည်ကိုတော့ မီးဖိုပေါ်ကမြေအိုးထဲမှ နူတ်ခမ်းပဲ့နေသော ဇလုံသေးသေးလေးထဲထည့်ကာ ရှားပါးလှသည့် ကြွေဇွန်းကြီးတစ်ချောင်းတပ်ကာ ကျွန်တော်တို့ရှေ့လာချပေးသည်။ အငွေ့တထောင်းထောင်း. . .။

တကယ်တော့ ကျွန်တော်တို့ထမင်းဝိုင်းက ဆိုင်မှာ စားရတာနှင့်မတူ။ ရွာက အမျိုးအိမ်မှာ မြို့မှရောက်ခိုက် ကျွေးမွေးဧည့်ခံသည့် ထမင်းဝိုင်းနှင့်တူနေ၏။ မလှမ်းမကမ်းအမှိုက်ပုံမှ ပုပ်အဲ့အဲ့အနံ့နှင့် ယပ်တစ်ချောင်းနှင့် ယင်မောင်းရသည်ကို သတိမရတော့ဘဲ ဇလုံထဲက ထမင်းနှင့်ဟင်းကို အားပါးတရ နယ်ကာ ဖတ်ကာ ခေါင်းမဖော်တမ်းစားကြသည်။

"ဟဲ့. . . နေဦး၊ မေ့လို့၊ အမဲသားဟင်းပေးဦးမယ်" ဟုဆိုကာ ရှေ့ရှိ ဒယ်အိုးတစ်လုံးဖွင့်ပြီး ဇွန်းဖြင့်ကော်သည်။ မြင်ဖူးကြမှာပေါ့။ ဈေးများတွင် အမဲသား အသား အတိုအစတွေကို လင်ပန်းထဲမှာ ယင်တလောင်းလောင်းနှင့်ရောင်းနေတာ မြင်ဖူးကြမှာပါ။ အသားရော၊ အကြောရော၊ အရွတ်ရော၊ အရိုးနုရော ဘေးထွက်ပစ္စည်း အတိုအစတွေ ဖြစ်၏။ ထိုသို့သော အမဲသားကို ပုန်းရည်ကြီးနှင့် ရောချက်ထားသည့်ဟင်းကို ဇွန်းဖြင့်ကော်ကာ ကျွန်တော်တို့ဇလုံထဲ ကော်ထည့်ပေးပြန်သည်။ ကျွန်တော့်မိတ်ဆွေကတော့ နဂိုကတည်းက အစားနည်းလှသူမို့ ထမင်းဆိုင်ရှင်ကြီး အမဲသားဟင်းထည့်ပေးပြီးနောက် သုံးလေးလုတ်စားအပြီး ထမင်းကို လက်စသတ်လိုက်သည်။ ကျွန်တော်ကတော့ ဆာလောင်မွတ်သိပ်မှုရော၊



စားကောင်းတာရောကြောင့် ဒီဇလုံထဲကထမင်းကုန်အောင်လွေးလိုက်မယ်ဟုအားခဲကာ သီးစုံချဉ်ရည် တရှူးရှူးသောက်လိုက်၊ ထမင်းလုတ် ပါးစပ်သွတ်လိုက်နှင့် အငမ်းမရဖြစ်နေချိန် ကျွန်တော်မစားသော အမဲသားဟင်းက ဇလုံထဲမပြောမဆိုရောက်လာတော့ ဒုက္ခရောက်သွား၏။ ချက်ချင်းရပ်ပစ်ရမှာ အားနာတာထက် ဆာနေသေးသောကြောင့် အမဲသားဟင်းမရောက်သည့်ဘက်က ထမင်းကို အနည်းငယ်ဆက်စားပြီး လက်စသတ်လိုက်ရသည်။

ထို့နောက် လက်ဆေးစရာက ခုံအောက်အင်တုံကြီးထဲက ရေပဲရှိတာမို့ ဟင်းရည်ဝေ့နေသော အင်တုံထဲ လက်နှိုက်ဆေးပြီး ဇရပ်တိုင်မှာချည်ထားသော ပုဆိုးဟောင်းတစ်ထည်ကို လက်သုတ်ကာ အနားက သောက်ရေအိုးဆီက ရေတစ်ခွက်ဖြင့် ဗိုက်ဖြည့်လိုက်ရသည်။

ကျွန်တော်တို့နှစ်ယောက်စားသော ဇလုံနှစ်လုံးထဲမှာ ထမင်းနှင့်ဟင်းတွေက ထက်ဝက်ကျော် ကျန်နေသေး၏။ ထမင်းဟင်းကျန်များကိုစွန့်ပစ်ကာ ဇလုံများကို စောစောက တစ်လုံးတည်းရှိသော အင်တုံထဲတွင် လက်စစ်ဖတ်နှင့် ဆေးမည်ဟုထင်ပါသလား။ ကျွန်တော်တို့ကလည်း ထမင်းဖိုးကျသင့်ငွေချေပြီး ပြန်ကြဖို့ပဲဖြစ်ပါ၏။ သို့သော် ထိုအစီအစဉ်အတိုင်းမဟုတ်တော့။ ကျွန်တော့်မိတ်ဆွေကို ထမင်းဆိုင်ရှင်အဘွားကြီးက ကြုံတုန်းကြုံခိုက် အလကားကျွေးတာပါဟုဆိုကာ ပိုက်ဆံပေးတာ ငြင်းနေပြန်၏။ နောက်ဇွတ်ပေးလေမှ ထမင်းဖိုးတစ်ပွဲ ငါးဆယ် (လွန်ခဲ့သော ကိုးနှစ်ခန့်က) နှင့် ငွေတစ်ရာယူလိုက်သည်။

ကျွန်တော့်မိတ်ဆွေနှင့် ထမင်းဆိုင်ရှင်တို့ ပိုက်ဆံ မယူဘူး ယူရဲ့နှင့် ငြင်းခုံနေ၍လည်း လက်ကျန်ထမင်းများကိစ္စကို ကျွန်တော်တွေ့မြင်ကာခံစားရပြီး ယခုကဲ့သို့ ပြန်လည်သတိရမိခြင်းလည်းဖြစ်ပါ၏။

လက်ကျန်ထမင်းဇလုံနှစ်လုံးထဲမှ ထမင်းဟင်းကျန်များကို ဇလုံတစ်လုံးထဲပေါင်းထည့်သည်။ ထို့နောက် ဒန်အိုးကြီးထဲက ထမင်းအနည်းငယ်အား ထိုဇလုံထဲ ထပ်ထည့်၏။ ထို့နောက် လက်နှင့်အားရပါးရနယ်သည်။ ချဉ်ရည်ပန်းကန်ထဲမှ ချဉ်ရည်ကို အဖတ်တွေချည်းရွေးကာဆယ်ပြီး ဇလုံထဲထည့်ပြန်သည်။ ထို့နောက် နယ်ပြန်သည်။ နောက်ဒန်အိုးတစ်လုံးဖွင့်ပြီး ပုန်းရည်ကြီးနှင့် ချက်ထားသည့် အမဲသားဖတ် လေးငါးဖတ်ဆယ်ပြန်သည်။ ထို့နောက်အားပါးတရ နယ်ဖတ်၏။

ကျွန်တော့်မိတ်ဆွေကတော့ အဘွားကြီးမေးသမျှ စကားတွေ ဖြေနေရသောကြောင့် သတိထားမိမှာမဟုတ်သော်လည်း ကျွန်တော်ကတော့ အံ့အားတသင့်ဖြစ်နေမိသည်။ သူဘာလုပ်မည်နည်း။ ထမင်းဇလုံတစ်လုံးလုံးကို အားပါးတရနယ်ဖတ်ပြီးသောအခါ နောက်ဘက်သို့ လှည့်၍ ဇရပ်ကလေးအနီး ဆော့ကစားနေကြသော ကလေးများဆီလှမ်း၍. . .

"ဟဲ့ . . . ထမင်းစားရင် ပန်းကန်တစ်ချပ်စီယူပြီး လာခဲ့ကြ။ မနေ့ညက နင်တို့အဖေပြန်မလာဘူးမဟုတ်လား. . .။ လောလောဆယ် ဒါပဲ ဝေစားနှင့်ကြဦး" ဟု အော်သည်။

ဆော့နေသောကလေးတွေ အဆော့ရပ်ကာ ဟေးခနဲအော်ပြီး ဇရပ်ထဲက သံပန်းကန်ပြားလေးတွေ ဆွဲကာ ပြေးထွက်လာကြ၏။ အဘွားကြီးက ဇလုံထဲက ထမင်းတွေကို ကလေးတွေပန်းကန်ပြားထဲ ခွဲဝေထည့်ပေးသည်။ "ကဲ. . . မထူးပါဘူးဟယ်" ဟု ပြောပြီး လက်ကျန် ချဉ်ရည်များကိုလည်း သံပန်းကန်လေးတွေထဲ လောင်းထည့်ပေးလိုက်ပြန်၏။ အဘွားကြီးက သူလုပ်ကိုင်နေသမျှအပေါ် အာရုံစိုက်နေသော ကျွန်တော့်အား " ထမင်းဟင်းတွေကျန်နေပြီး ပစ်ရမယ့်အတူတူ ကုသိုလ်ရတာပေါ့ ငါ့သားရယ်။ ဘုရားကြီးနားနေပြီး အမေလည်း သူများပိုက်ဆံနဲ့ ကုသိုလ်ယူနေရတာပေါ့" ဟုပြောကာ ရယ်မောနေ၏။ ကျွန်တော်ကတော့ အဘွားကြီး၏ လုပ်ရပ်နှင့်စေတနာကို သဘောပေါက်စွာဖြင့် သာခုခေါ်မိပါ၏။ ထိုကလေးများကား အဘွားကြီးမြေးတွေလည်း ဖြစ်ချင်ဖြစ်မည်။ ဆွေမျိုးနီးစပ်လည်း ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ်က ဘာမျှ သွေးမတော်သားမစပ်လည်း ဖြစ်ချင်ဖြစ်မည်။ အကယ်၍ ထိုဇရပ်ကလေးမှာ ခေတ္တနားခိုကြသည့် မိသားစုတွေ ပြောင်းသွားလျှင်လည်း အဘွားကြီးမှာ ကျွေးစရာကလေးတွေ ရှိပါလိမ့်မည်။ ဘာပဲပြောပြော စေတနာက ပြဋ္ဌာန်းပြီးသားဟု ပြောရမှာဖြစ်၏။

ထို့နောက်ကျွန်တော်သည် ကျွန်တော့်မိတ်ဆွေ မပါဘဲ ထိုနေရာဘက် အမှတ်မထင်ရောက်လျှင် အဘွားကြီးထမင်းဆိုင်လေးဘေး ကလေးများဆော့ကစားနေသည်ကိုမြင်လျှင် မဆာသော်လည်း ထမင်းတစ်ပွဲဝင်စားဖြစ်သည်။ သန့်သန့်ကလေး တစ်လုတ်နှစ်လုတ်လောက်စားပြီး လက်စသတ်ခဲ့သည်ချည်းဖြစ်သည်။ ပထမတစ်ခါတော့ အဘွားကြီးက "ဟဲ့ သားရဲ့ ဟင်းမကြိုက်လို့လား၊ ငါးသလဲထိုးခြောက်ချက်လေး ထပ်ထည့်ပါဦးလား" စသည်ဖြင့် မေးတတ်သည်။ နောက်တော့မမေးတော့။ ရန်ကုန်ပြောင်းသွားသော ကျွန်တော့်မိတ်ဆွေအကြောင်း၊ ဝယ်ရခြမ်းရသည့် ဈေးနှုန်းများအကြောင်းကိုသာပြောပြီး ကျွန်တော်တို့ကာပင့်ကာ စားကျန်သည့်ဇလုံကိုယူကာ ထုံးစံအတိုင်း နယ်ဖတ်ဝေခြမ်းတော့သည်။

ထမင်းဆိုင်နှင့်မတူသော ထမင်းဆိုင်လေးသို့ ကျွန်တော်လည်း သုံးလေးခေါက်အပြင် မရောက်ဖြစ်တော့။ လေးငါးရှစ်နှစ်ပင်ကြာပေါ့။

***စာမျက်နှာ ၁၇ သို့***

## မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်း

**ပလက်ဝ စက်တင်ဘာ ၁**

ပလက်ဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးရွာငါးရွာတိုးချဲ့ရရှိ၍ ကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများအား ဩဂုတ်လတတိယပတ်တွင် စီမံကိန်းဝင် ငါးရွာအနက် အောက်သဲမဝရွာ၊ မွန်ထောင့်ရွာနှင့် တီကင်းဝကျေးရွာတို့၌ ကွင်းဆင်းကြီးကြပ်ကာ ကော်မတီဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

စာမျက်နှာ ၁၆ မှ

ဗိုလ်ဗထူးလမ်းရှိ အနောက်(၄၅)တာပေါက်နှင့် မျက်စောင်းထိုး လမ်းမြောက်ဘက်တွင် မြင်းဝန်တိုက်တောင်ပေါက်ရှိသည်။ မြင်းဝန်တိုက်ပေါက် အနောက်ဘက် ဗိုလ်ဗထူးလမ်းပေါ်မှာ ကြေးသွန်းဦးဝင်းမောင်၏နေအိမ်ရှိ၏။ မန္တလေးတွင် မြန်မာမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဦးဝင်းမောင်(၂)မောင်က နာမည်ကြီးလှသည်။ တစ်ဦးက ယခုကြေးသွန်း ဦးဝင်းမောင်ဖြစ်ပြီး နောက်တစ်ဦးက မြန်မာဗိသုကာ ဦးဝင်းမောင် (တမ္ပဝတီ)ဖြစ်သည်။ သူက သမိုင်းသုတေသနစာလည်းရေးသည်။ ပန်းချီလည်းဆွဲသည်။ ဖခင်က ပန်းပုဆရာကြီး ဦးကျော်ငြိမ်းဖြစ်၏။ ဦးကျော်ငြိမ်းမှာ တစ်လောဆီကမှ ကွယ်လွန်သွားသည်။ ဗိုလ်ဗထူးလမ်းပေါ်ရှိ ကြေးသွန်းဆရာဦးဝင်းမောင်၏ ဖခင်ကလည်း နာမည်ကျော် ကြေးသွန်းဆရာကြီး ဦးဘရင်ဖြစ်သည်။ ဘုရားဆင်းတုတော်ကြီးများ ကြေးသွန်းရာ၌ နာမည်ကြီး၏။ မဟာမုနိဘုရားဝင်းကြီးအတွင်းရှိ ကမ္ဘာ့အကြီးဆုံး "မောင်း"ကြီးကို ကြေးသွန်း ဦးဝင်းမောင်တို့သားအဖ သွန်းလုပ်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံခြားရှိ ကြေးသွန်းဆင်းတုတော်ကြီး အတော်များများ၏လက်ရာမှာ ဦးဝင်းမောင်၏ လက်ရာများဖြစ်၏။ လောလောဆယ် ချောင်းဝဆရာတော်နှင့် ရုပ်ရှင်မင်းသားကျော်ဟိန်းတို့ လှူဒါန်းပူဇော်ကြမည့် ကြေးသွန်းဆင်းတုတော်ကြီးကို ကြေးသွန်း ဦးဝင်းမောင်က သွန်းလုပ်စီစဉ်နေဆဲ လွန်ခဲ့သည့်တစ်နှစ်ကျော်က ကွယ်လွန်သွားရှာခဲ့သည်။ ကြေးသွန်းလုပ်ငန်းကို ဇနီးသားမယားများက အရှိန်မပျက် ဆက်လက်လုပ်ကိုင်နေကြ၏။

တကယ်တော့ ကြေးသွန်းလုပ်ငန်းကား မြန်မာနိုင်ငံတွင် ပျူခေတ်ကတည်းက ထွန်းကားခဲ့သည့် အထောက်အထားများရှိခဲ့ပါသည်။ ပန်း---ခေါ်သော ပန်းတစ်မျိုးအတတ်ပညာလည်းမည်၏။ ရှေးကတည်းက ကြေးသွန်းအတတ်သည် ဘုရားရုပ်ပွားဆင်းတုတော်များ သွန်းလုပ်ခြင်းဖြင့် ထွန်းကားခဲ့ခြင်းဖြစ်သည်။ အရွယ်ပမာဏကြီးမားသော ကြေးသွန်းရုပ်တုကြီးများဆိုလျှင် တစ်ပိုင်းစီသွန်းလောင်းပြီးမှ ဆက်စပ်ယူရခြင်းဖြစ်သည်။ ယခင်က အနောက်တောင် ကျုံးထောင့်တွင်တည်ရှိခဲ့ပြီး ယခုအခါ ပြည်ကြီးမျက်ရှင် မနောယမ္မံ ဥယျာဉ်၌ ပြောင်းရွှေ့ထားသည့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ကြီးကို ကြေးသွန်း ဦးဝင်းမောင်နှင့် ပန်းပုဦးဝင်းမောင် (တမ္ပဝတီ)တို့ ဦးစီးသွန်းလုပ်ခဲ့ကြခြင်းဖြစ်၏။ အလျား ၁၅ ပေ၊ အနံသုံးပေ၊ အမြင့် ၁၄ ပေနှင့် ကြေးအလေးချိန်လေးတန်ရှိသော မြင်းစီးကြေးရုပ်ကြီးကို တစ်ပိုင်းစီသွန်းပြီးမှ ဆက်စပ်ယူခဲ့ခြင်းဖြစ်သည်။

ဆင်းတုတော်(သို့မဟုတ်) ကြေးရုပ်တုသွန်းလုပ်မည်ဆိုလျှင် ရှေးဦးစွာ ပုံကြမ်းဖော်ရ၏။ မြေစေးတစ်ထပ်ပေါ် ဖယောင်းတစ်ထပ်ဖြင့် ပုံချောဖော်ရသည်။ မြေနီဖွဲကြမ်း (သို့မဟုတ်) မြင်းချေးမြေစာမှုန့်ထောင်းဖြင့် ပုံကြမ်းဖော်ရခြင်းဖြစ်၏။ ပုံချောဖယောင်းပေါ်တွင် မြေနုမြေကြမ်းကိုမံရသည်။ မြေခြောက်မှ ကြေးသွန်းရခြင်းဖြစ်၏။ အပေါ်မြေနုမြေကြမ်းတွင် ကုလားနို့ခေါ် ကြေးသွန်းအပေါက်ဖောက်ပြီးမှ အရည်ကျိုထားသော ကြေးရည်များကိုလောင်းရခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်က ပုံကိုပွတ်စားအချောကိုင် အရောင်တင်ရသည်။ ကြေးသွန်းလုပ်ငန်းတွင် ဆင်းတုတော်များ၊ ရုပ်တုများအပြင် ခေါင်းလောင်း၊ ဆည်းလည်းများကိုလည်း သွန်းလုပ်ကြသည်။

ကြေးသွန်းလုပ်ငန်းအကြောင်းပြောလျှင် ကြေးခတ်လုပ်ငန်းကိုပါ တစ်ပါတည်းပြောရပေမည်။ ကြေးခတ်လုပ်ငန်းကား ပညာရှင်နည်းပါး၍ တိမ်မြုပ်လုသော လုပ်ငန်းဖြစ်၏။ ကြေးခတ်လုပ်ငန်းက မြန်မာ့တူရိယာများဖြစ်သော ကြေးနောင်ခတ်ခြင်း၊ မောင်းခတ်ခြင်း၊ လင်းကွင်းခတ်ခြင်းတို့ဖြစ်သည်။ မောင်းတစ်လုံးခတ်ရာတွင် မျိုးခဲခေါ် ကြေးခဲကို အပြားကလေးပြုလုပ်ပြီး ဖားဖို၌ မီးတင်လိုက်၊ ထုခတ်လိုက် အကြိမ်ကြိမ်ပြုလုပ်ပြီး မောင်းဘုပေါ်လာသည်အထိ မီးနှင့်ထုခတ်ပုံဖော်ရသည်။ ပုံပေါ်အောင် ခံပေတုံးပေါ် တင်ပြီး မနားတမ်းတေရခြင်းဖြစ်သည်။ ဇောက်ခေါ် နှုတ်ခမ်းသားကိုလည်း ပေပေါ်တင်ဖော်ရ၏။ ကြေးခတ်ပညာရှင်သည် ကြေးခတ်ခြင်းအတတ်အပြင် မြန်မာဂီတသဘော၊ မြန်မာသံစဉ်သဘောကိုပါ နားလည်ကြရသည်။ မြန်မာတူရိယာပစ္စည်းများ မတွင်ကျယ်ခြင်းနှင့်အတူ ကြေးခတ်လုပ်ငန်းလည်း တိမ်မြုပ်သွားပေဦးမည်။

ဗိုလ်ဗထူးလမ်းပေါ်တွင် ယခုအခါ မြန်မာ့ရိုးရာလက်မှုပညာဆိုင်ခန်းများ တခမ်းတနားဖွင့်လာကြ၏။ ရုံးခန်းအလှဆင်၊ အိမ်အလှဆင်၊ လက်ဆောင်ပေးကြရာ၌ လက်မှုပညာဆိုင်ရာပစ္စည်းများကို အမြင်ကျယ်စွာ တန်ဖိုးထားလာကြခြင်းကြောင့်လည်းဖြစ်သည်။ ဗိုလ်ဗထူးလမ်းပေါ်တွင် သခင်အေးကျော်ကြီးအိမ်လည်းရှိ၏။ မန္တလေးမှ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုများတွင် ကိုယ်ကျိုးစွန့်ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းကိုလည်း မန္တလေးတွင် ဦးဆောင်ဖွဲ့စည်းခဲ့သည်။ အသက်အရွယ်ကြီးရင့်သည့်တိုင် မျက်မှန်ပါဝါထူကြီးဖြင့် တောင်ဝှေးကြီးထောက်ကာ ရဲဘော်ရဲဘက်များ၏ သာရေးနာရေးဆိုလျှင် ရှေ့ဆုံးက ရောက်လာတတ်သေး၏။ သူလည်း ကွယ်လွန်ရှာပေပြီ။

အနောက် ၄၅ တာအပေါက်မှာ ဗိုလ်ဗထူးလမ်းအတိုင်း အရှေ့ဘက်အနည်းငယ်တက်မိ၍ လမ်းယာဘက်ဘေးသို့ သတိထားကြည့်မိလျှင် ရှေးခေတ်ဘုန်းကြီးကျောင်းပုံစံ အုတ်တိုက်အခိုင်အခံ့ကြီးတစ်လုံးကို ဝင်းခတ်ကာ သီးခြားတွေ့ရပေလိမ့်မည်။ နှစ်ထပ်အဆောက်အအုံကြီးဖြစ်ပြီး အပေါ်ထပ်နဖူးစည်းတွင် ပန်းရန်၊ ပန်းတော့ပညာဖြင့် အမွမ်းများပင် တခမ်းတနား ထည့်ထားချေ၏။ ချမ်းမြသာစည်မြို့နယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးလည်းဖြစ်ခဲ့၏။ ယခင်က အရှေ့တောင်မြို့နယ် စာရင်းရုံး၊ အရှေ့တောင်မြို့နယ် လုပ်ငန်းစစ်ဆေးရေးရုံးလည်းဖြစ်ဖူးသည်။ တကယ်တော့ ထိုအဆောက်အအုံ၏ ရာဇဝင်က မသေးလှ။

"ရဲဘော်တို့၊ ငါတို့တစ်တွေသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ငါတို့၏ အသက်ကိုပင် ပဓာနမထားဘဲ တပ်မတော်သားပီပီ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း အများသိကြသည်" အစချီကာ. . . . . .

"ထို့ကြောင့် ၁၉၄၅ ခု၊ မတ်လ ၈ ရက်နေ့မှစ၍ ငါ၏လက်အောက်တွင်ရှိ စစ်ကိုင်း၊ မန္တလေး၊ သီပေါစသော နယ်မြေများရှိ တပ်များသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနှင့် ပူးပေါင်းလျက် ဖက်ဆစ်ဂျပန်တို့အား စတင်တိုက်ခိုက်ကြောင်း စစ်ကြေညာလိုက်သည်" ဟု လျှို့ဝှက်သတ်မှတ်ထားသည့် မတ်လ ၂၇ ရက်နေ့ထက်စောစွာ တော်လှန်ရေးကြေညာချက်ကို တိုင်းမှူးဗိုလ်မှူးဗထူးကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် ဗမာ့(မြန်မာ့)တော်လှန်ရေးတပ်မတော်၊ အထက်ဗမာ(မြန်မာ)ပြည်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရုံးစိုက်ရာ အဆောက်အအုံကြီးဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ထိုလမ်းကို ဗိုလ်ဗထူးလမ်းဟု ဂုဏ်ပြုခေါ်တွင်ခဲ့ခြင်းဖြစ်၏။

*(၄၅ တာ၊ ၁၄ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)*

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်၌ ရန်ကုန်မြို့ အောင်သီတာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဓမ္မာစာရ (ဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏လမ်းညွှန်မှု၊ တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံ ဆရာတော်ကြီးနှင့် မဟာသီဟနာဒ ဆရာတော်ကြီးတို့၏ဦးဆောင်မှုဖြင့် ဩဂုတ် ၃၀ ရက်က ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)က အောင်ဓမ္မခဏ္ဍာသိမ်တော်ကြီးကို သံဃာတော်အရှင်သူမြတ် ၁၆၂ ပါးတို့က ပြီးစီးအောင်မြင်စွာ သမုတ်ခဲ့ကြစဉ်။ မောင်ပု

## မြစိမ်းရောင်ကျေးရွာစီမံကိန်း သင်တန်းဖွင့်

**လက်ပံတန်း စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၂၅ ရက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ခွင့်ရရှိသည့် ၁၅ ရွာအနက် ငါးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်အောင်က ငွေစာရင်းရေးသွင်းခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများ သင်ကြားပို့ချပေးကြောင်း သိရသည်။ (ဝ၉၈)

# ဂန့်ဂေါမြို့နယ်တွင် လယ်ယာလုပ်သား သမဝါယမအသင်းများဖွဲ့စည်း

**ဂန့်ဂေါ စက်တင်ဘာ ၁**

မကွေးတိုင်း ဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာအသီးသီးရှိ သမဝါယမ အသင်းများတွင် အသင်းသားအဖြစ် ပါဝင်ခြင်း မပြုရသေးသူ လယ်ယာလုပ်သားများအား သမဝါယမချေးငွေ ချေးယူခံစားခွင့် ရရှိနိုင်စေရေးအတွက် လယ်ယာလုပ်သား သမဝါယမအသင်းများ ဖွဲ့စည်းကာ ပံ့ပိုးချေးငွေများ ထုတ်ချေးပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ယခင် စိုက်ပျိုးရေး သမဝါယမအသင်းတွေက အသင်းသားလယ်သမားတွေကို ချေးငွေထုတ်ချေးတဲ့အခါမှာ လယ်ယာမြေပိုင်ဆိုင်မှုအပေါ် မူတည်ပြီး စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခဲ့တာဖြစ်ပါတယ်။ လယ်ယာမြေပိုင်ဆိုင်မှုမရှိတဲ့ သူတွေမှာတော့ ချေးငွေရယူခံစားခွင့် မရရှိခဲ့ကြပါဘူး။ ဒါကြောင့် လယ်ယာလုပ်ငန်းခွင်တွေမှာ လုပ်အားနဲ့ အကျိုးပြုနေသူ လယ်ယာလုပ်သားတွေကို သမဝါယမချေးငွေထုတ်ချေးနိုင်ရေး အတွက် လယ်ယာလုပ်သား သမဝါယမအသင်းတွေဖွဲ့စည်း ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူးတစ်ဦးက ပြောသည်။

ယခုအခါ ဂန့်ဂေါမြို့နယ် စိုင်ဒူး၊လုံးခြို၊ ပျား၊ လာပို့၊ မဲ၊ ပြည့်ဝ၊ အနောက်ဂန့်ဂေါကျေးရွာများတွင် လယ်ယာလုပ်သား သမဝါယမ အသင်းများဖွဲ့စည်း ဆောင်ရွက်ထားပြီး ဖြစ်ကာ ကျန်ကျေးရွာများတွင်လည်း လယ်ယာလုပ်သား သမဝါယမ အသင်းများ ဆက်လက်ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာလုပ်ငန်းခွင်တွင် လုပ်အားဖြင့် အမှန်တကယ်အကျိုးပြုနေသူ၊ ကျေးရွာတွင် အမြဲတမ်းနေထိုင်သူ၊ ဝိုင်းကြီးချုပ်အဖွဲ့မှ အာမခံသူ၊ နာမည်ပျက်မရှိသူ၊ ချေးငွေများကို သတ်မှတ်ကာလအတွင်း အရင်း၊ အတိုး၊ အကျေပေးဆပ်နိုင်သူ အစရှိသည့် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ချေးငွေများထုတ်ချေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၁**

ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ တောင်သူများအား စိုက်ပျိုးနည်းပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက်က ကျွဲတဲအုပ်စု စိုတွင်းရွာဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ် (GAP) လိုက်နာကျင့်သုံးရေးကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းချိုက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စနစ်တကျထိရောက်စွာ အသုံးချရေးကိုလည်းကောင်း၊ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်သက်သက်မြင့်က ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးနှင့် သီးနှံပင်များတွင် ဓာတ်ကြွင်းအာနိသင် နည်းပါးရေးအတွက် ဘက်စုံပိုးမွှားရောဂါကာကွယ် နှိမ်နင်းနည်းများကိုလည်းကောင်း ပညာပေးလက်ကမ်းစာစောင်၊ ဗီနိုင်း၊ ပိုစတာများဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းပေး

**မိုးကောင်း စက်တင်ဘာ ၁**

ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်း (၂/၂၀၁၅)ကို မိုးကောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဩဂုတ် ၂၉ ရက်က မိုးကောင်းခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးအေးသောင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အဆိုပါသင်တန်းတွင် ဒေါ်နန္ဒာထွန်း(မြို့နယ်ဥပဒေအရာရှိ)က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်က ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းလမ်းညွှန်ချက်များကိုလည်းကောင်း၊ ဦးဖရိုလာ (ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)က ကြိုတင်မဲပေးခြင်းနှင့် ဆန္ဒမဲပေးခြင်း အကြောင်းအရာများကို ပို့ချခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး**

# ရေစကြိုမြို့နယ်အတွင်း နေရာအချို့တွင် မိုးစပါးများစိုက်ပျိုးပြီးစီး



**ရေစကြို စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးမှုကို ရေရရှိရေးနည်းလမ်းခြောက်သွယ်ဖြင့် စိုက်ပျိုးလျက်ရှိရာ ဝါယာ-သာစည်လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် ဝါယာကွင်း၌ မိုးစပါးများ စိုက်ပျိုးထားရှိမှုကို ဩဂုတ် ၃၀ ရက်က တွေ့မြင်ရသည်။

ရေစကြို မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါး စိုက်ပျိုးရန် ၃၀၇၇၆ ဧကလျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။ သို့သော် ယခုနှစ် မြစ်ရေဝင်ရောက်မှုမှာ ယခင်နှစ်များကထက် နုန်းအနယ်များ ပို့ကျမှုပိုမိုများသဖြင့် ကျွန်းပိုင်းဒေသအနိမ့်ပိုင်းလယ်များတွင် နုန်းထူ၍ ယခုနှစ်မိုးစပါးစိုက်ပျိုးရန် အခက်အခဲများရှိကြောင်း သိရသည်။

ဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်ရေ၊ ဆည်ငယ်၊ ကန်ငယ်ရေ၊ မြေအောက်ရေ၊ ရေစုပ်စက်ရေတို့ဖြင့် စိုက်ပျိုးရန်လျာထားသော စိုက်ဧကများအပြည့်အဝ စိုက်ပျိုးနိုင်သော်လည်း မြစ်ရေဝင်ဒေသတွင် လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် အခက်အခဲရှိ၍ တစ်မြို့နယ်လုံး စပါးစိုက်ပျိုးမှု လျော့နည်းဖွယ်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# စန္ဒကူးနံ့သာ ကျောင်းတော်ရာဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ပွင့်ဖြူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်တွင် ဝါခေါင်လပြည့်နေ့ ဩဂုတ် ၃၀ ရက်က ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်နှင့် ငါးကျွေးဆိပ်ဖွင့်ပွဲအခမ်းအနားကို နှစ်စဉ် ဝါဆိုလပြည့်နေ့ နံနက်ပိုင်းတွင် ကျင်းပမြဲ ဖြစ်သော်လည်း ယခုနှစ် မုန်းချောင်းရေကြီးမှုကြောင့် ဘုရားပွဲတော်နှင့် ငါးကျွေးဆိပ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်က ဘူးသည်ဆိပ်ကမ်း၌ကျင်းပသည်။

ကျောင်းတော်ရာဘုရားပွဲတော်ကို နှစ်စဉ် ဝါတွင်းကာလ လေးလရှိ အဖိတ်၊ ဥပုသ်နေ့တို့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးလာပြည်သူများဖြင့်စည်ကားလျက်ရှိရာ လပြည့်နေ့များတွင်အထူးစည်ကားလျက်ရှိသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ မြင်းလှည်း၊ နွားလှည်း၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့်လာရောက်ကြပြီး မုန်းချောင်းအရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ စက်လှေ၊ ရွက်လှေများဖြင့် ပျော်ရွှင်စွာလာရောက်ဖူးမြော်ကြသည်။ မကွေး၊ မင်းဘူးမြို့များမှ ကားများဖြင့် လာရောက်ရာတွင် လယ်ကိုင်းကျေးရွာ၊ ကျောင်းတော်ရာလမ်းခွဲမှတစ်ဆင့် (လေးမိုင်ကွာ) သွားရောက် ဖူးမြော်နိုင်သည်။ ညအိပ်တည်းခိုရန် ဘုရားကြီး၏ ပရိဝုဏ်အတွင်း ဇရပ်များစွာ တည်ဆောက်ထားပေးပြီး ရေမီး စုံလင်စွာဖြင့် ဒေသထွက်သီးနှံ၊ ရာသီပေါ် မုန့်မျိုးစုံဆိုင်များနှင့် အဆင်ပြေချောမွေ့စွာ တည်းခိုညအိပ်နိုင်အောင်စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိသည်။ ကျောင်းတော်ရာဒေသထွက် အရောင်အသွေးစုံနှီးယပ်တောင်နှင့် ကလေးကစားစရာ တကူးကူးရုပ်၊ ပလုတ်တုတ်နှင့် ဝက်မြေဥဆိုင်များမှာ မြန်မာပြည်တွင် တွေ့မြင်



ရခဲသော နှစ်သက်ဖွယ်ရာမြင်ကွင်းစုံ ဆိုင်များအဖြစ်တွေ့မြင်နိုင်သည်။ ပဒုမ္မာကြာပန်းအိုင်နှင့် နဂါးရုံဘုရား၊ မင်းတုန်းမင်းကြီးလက်ထက်မှ တည်ထား ကိုးကွယ်တော်မူခဲ့သည့် ကြေးကိုယ်တော်ကြီးဘုရားတို့တွင်လည်း ဘုရားဖူးလာ ပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်သူများဖြင့် စည်ကားလျက် ရှိသည်။

ပွင့်ဖြူမြို့နယ်ဒေသတွင် မုန်းချောင်းရေကြီးမှုကြောင့် ရေဘေးသင့်ခဲ့သော်လည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂေါတမမြတ်စွာဘုရား ခုနစ်ရက် သီတင်းသုံးတော်မူရာ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားပွဲတော်ကို ရိုးရာ မလေ့မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



## သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲ သီပေါမဟာသာသနာ့ဗိမာန်တော်၌ ကျင်းပ

**သီပေါ စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့ မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ ဂေါပကအဖွဲ့ကကြီးမှူး၍ (၆၈) နှစ်မြောက် သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကို ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) နံနက် ၄နာရီ အရုဏ်တက်တွင် မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်သံဃာတော်များက ဗုဒ္ဓဘိသေကအနေကဇာတင်လျှုပူဇော်ကြပြီး သံဃာ့ဒါနဆွမ်းကြီး လောင်းပွဲကို ဖွင့်လှစ်ပေးတော်မူကြသည်။

သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂ ကျောင်းတို့မှ ရဟန်းသာမဏေ ၈၈၉ ပါးတို့အား ပင့်လျှောက်၍ မြို့နယ်ဓမ္မာရုံမြေညီထပ်၌ စာရေးတံမဲ (မဟာဒုတ်) မဲဖောက်ပြီး ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်း၊ဆွမ်းဟင်းလျာများလောင်းလှူကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သာသနာနွယ်ဝင်စိစစ်ရေးကတ်ပြား ဆက်ကပ်လှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ ဝါဆို/ကပ်တော်မူကြသော သံဃာတော်များနှင့်သီလရှင်များကို သာသနာ့ဝင်/သာသနာနွယ်ဝင်စိစစ်ရေးကတ်ပြား ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၉ ရက်က တောင်ကြီးမြို့ ကန်အောက်ရပ်ကွက် မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်နှင့်ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တက်ရောက် လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးကြင်ခိုင်က ရဟန်းသံဃာတော်များ၊ ရှင်သာမဏေနှင့်သီလရှင်များအတွက် သာသနာဝင်စိစစ်ရေးကတ်ပြားကို ဆက်ကပ်လှူဒါန်းသည်။

တောင်ကြီးမြို့နယ် သံဃနာယကဥက္ကဋ္ဌ အကျိုးဆောင်ဆရာတော်ကြီးများနှင့် ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းကာ တောင်ကြီးမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များ ၊ ကျောင်းပေါင်း ၃၀၃ ကျောင်း၊ ရဟန်းသံဃာတော် အပါး၂၂၃၅ ပါး၊ ရှင်သာမဏေ အပါး ၅၁၀၀ ၊ သီလရှင် ၄၇၆ ပါး စုစုပေါင်း ၇၈၁၁ ပါး အား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ဂန့်ဂေါမြို့နယ်တွင် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ လျာထားချက်အတိုင်း ထုတ်ချေးပြီးစီး

**ဂန့်ဂေါ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ တောင်သူများသို့ ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မေ ၂၇ ရက်မှစတင်၍ ထုတ်ချေးပေးအပ်ခဲ့ရာ ဩဂုတ် ၂၄ ရက်တွင် မူလလျာထားသတ်မှတ်ချက်အတိုင်း သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ်သိန်း ၁၇၀၀၀ ကျော်ကို ထုတ်ချေးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာ ၆၅ ရွာတို့မှ တောင်သူဦးရေ ၅၄၂၃ ဦးတို့၏ စပါးစိုက်ဧက ၁၄၃၃၁ အတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ဘဏ်ချေးငွေကျပ်သိန်း ၁၄၃၃၁နှင့် နှမ်းစိုက်ဧက ၁၄၇၉၅ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဘဏ်ချေးငွေကျပ် ၂၉၅၉ သိန်း၊ စပါးနှင့်နှမ်းစိုက်ဧက စုစုပေါင်း ၂၉၁၂၆ အတွက် သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေစုစုပေါင်း ငွေကျပ်သိန်း ၁၇၂၉၀ ကို ထုတ်ချေးပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ချေးငွေအပေါ်အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတွက် ငါးကျပ်နှုန်းဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## တာပွန်ကျေးရွာအုပ်စုအား တာပွန်မြို့အဖြစ် ထုတ်ပြန်




**နတ်တလင်း စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် တာပွန်ကျေးရွာအုပ်စုအား တာပွန်မြို့အဖြစ် ၂၅ ရက် ည ၈ နာရီ၌ မြန်မာ့ရုပ်မြင်သံကြားသတင်းဌာနမှ ထုတ်ပြန်ကြေညာသွားကြောင်း သိရသည်။

တာပွန်မြို့၏သမိုင်းကြောင်းနှင့်ပတ်သက်၍ တာပွန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား တွေ့ဆုံမေးမြန်းရာ

"ဟိုယခင် နှစ်ပေါင်း ၃၀၀ခန့်က တာပွန်ဟာ မြစ်ဆိပ်ကမ်းမြို့ဖြစ်တယ်လို့ ပြောကြတယ်။ လကျ်ာဗိုလ်ရွှေမောင် တည်ထောင်ခဲ့တာလို့သိရတယ်။ ၁၈၅၂ ခုနှစ်အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှာ တာပွန်မြို့ တိုက်သူကြီးဦးဂေါင်းကြီး ဦးဆောင်တဲ့ ပြည်သူ့စစ်တွေက နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့တဲ့ ခုခံရေးစစ်ပွဲတွေ အကြိမ်ကြိမ်ဆင်နွှဲခဲ့ကြတယ်။ တာပွန်- ချင်းကုန်းကံသွားတဲ့ ရွှေလေးချောင်းကိုဖြတ်ပြီး တည်ဆောက်ထားတဲ့တံတားကို နယ်ချဲ့တွေအား ဦးဆောင်တိုက်ခိုက်ခဲ့တဲ့ ဦးဂေါင်းကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ဦးဂေါင်းကြီးတံတားလို့ အမည်ပေးထားတာရှိတယ်။ အင်္ဂလိပ်တို့ အောက်မြန်မာပြည်ကိုသိမ်းပိုက်ပြီး(လွန်ခဲ့သောနှစ်၁၃၀ခန့်က) စ၍ တာပွန်မြို့ကို ရုံးစိုက်အုပ်ချုပ်ခဲ့တယ်။

"တဖြည်းဖြည်းနဲ့ တာပွန်ဆိပ်ကမ်းဟာ မြစ်ရေစီးကြောင်း တိမ်ကောပြောင်းလဲသွားပြီး ကုန်းလမ်းသွားလာမှု ပိုမိုကျယ်ပြန့်လာတယ်။ ၁၉၀၈ နှစ်မှာ သာယာဝတီခရိုင်ရဲ့ မြို့နယ်အဖြစ် နတ်တလင်းမြို့သို့ မြို့ပိုင်ရုံးပြောင်းရွှေ့ ဖွင့်လှစ်ခဲ့တဲ့အတွက် တာပွန်မြို့ကနေကျေးရွာအုပ်စုအဖြစ် ရောက်သွားခဲ့ရတယ်" ဟုပြောသည်။

တာပွန်ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ တည်ရှိနေသည့်အတွက် မြေပြင်ညီညာပြန့်ပြူးပြီး အကျယ်အဝန်း စတုရန်းမိုင်၂ ဒသမ ၄၇ ခန့် ကျယ်ဝန်းပြီး အိမ်ခြေ ၁၀၂၀၊ အိမ်ထောင်စု ၁၀၆၀၊ လူဦးရေ ၅၂၆၉ ဦး နေထိုင်ကြကြောင်း၊ ရှေးနှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ထားသော သမိုင်းဝင် တိလောကမာရဇိန်ရွှေသာလျောင်းဘုရားကြီးနှင့် ဗောဓိမာန်အောင်ငါးထပ်ဘုရားကြီးကို ဖူးတွေ့ရမည်ဖြစ်ကြောင်း သိရသည်။

"ဒေသစိုက်ဧက ၉၉၄ ဧက ကို မိုးစပါးဆောင်းသီးနှံ ပဲမျိုးစုံတို့ကို ရာသီအလိုက် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတယ်။ ဒေသလုံခြုံရေးအတွက် နယ်မြေရဲစခန်း၊ မီးဘေးအတွက် မီးသတ်ယာဉ် သုံးစီးရှိတဲ့ မီးသတ်စခန်းတစ်ခု၊ ၁၆ ခုတင်ဆံ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနတစ်ခု၊ စည်ပင်သာယာပိုင်ဈေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အပတ်စဉ်အင်္ဂါနေ့တိုင်း အခမဲ့ကုသပေးနေတဲ့ဆေးခန်း၊ ခေတ်မီဆက်သွယ်ရေးကဏ္ဍတွင် ဆက်သွယ်ရေးတာဝါတိုင်တွေရှိတယ်။

"တာပွန်ကျေးရွာက တာပွန်မှ နတ်တလင်းသို့ ကတ္တရာလမ်း၊ ပေါင်းတည်မြို့သို့ ကတ္တရာလမ်း၊ ဇီးကုန်းမြို့သို့ မြေနီလမ်း၊ မိုးညိုမြို့သို့ ကျောက်ချောလမ်းစတဲ့ လမ်းမကြီးလေးခုဆုံရာ အရပ်ဖြစ်တဲ့အတွက် ကုန်စည်ကူးသန်းရောင်းဝယ်မှု၏ ဗဟိုအချက်အချာကျတဲ့ ဒေသလည်းဖြစ်တယ်။ နိုင်ငံတော်၏ကူညီပံ့ပိုးမှု၊ ဒေသနေပြည်သူများ၏စည်းလုံးညီညွတ်စွာ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေမှုတို့ကြောင့်အခုလို မြို့အဖြစ်သတ်မှတ်ခံရတာပါ"ဟု ၎င်းကပြောပြသည်။ တာပွန်မြို့ သတ်မှတ်ခြင်းနှင့် အတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ထောက်ခံတင်ပြချက်အရ မင်းလှမြို့နယ်စစ်ကွင်း၊ အုတ်ဖိုမြို့နယ်အိုးသည်ကုန်း၊ အုတ်တွင်းမြို့နယ် ကွဲပွဲ၊ ကျောက်တံခါးမြို့နယ် ဖဒိုတို့ကိုလည်း မြို့အဖြစ်တိုးချဲ့သတ်မှတ်ပေးကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်တွေလာပြီ

*ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲဒုတိယအကျော့ပွဲစဉ်တွေကို စက်တင်ဘာ ၃ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ရေးအတွက် မျှော်လင့်ချက်ရှိနေတဲ့အသင်းတွေဟာ အဲဒီမျှော်လင့်ချက်ခိုင်မာရှင်သန်စေဖို့အတွက် အခုပွဲမှာ ခြေကုန်ထုတ်ပြီး အစွမ်းကုန်ကြိုးစားကြပါလိမ့်မယ်။ ဒါကြောင့် အာရှဇုန်မှာ ဘယ်အသင်းတွေ အခြေအနေကောင်းသွားမလဲဆိုတာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။*

**မိုးမြင့်လင်းလက်**



### တောင်ကိုရီးယားနှင့် လာအို

အာရှဇုန်အုပ်စု(G)မှာတော့ တောင်ကိုရီးယားတို့ တစ်ပွဲကစား သုံးမှတ်နဲ့ ပေးဂိုးမရှိဘဲ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ တောင်ကိုရီးယားတို့ ခြေစွမ်းကောင်းမွန်နေပြီး ဂျပန်နဲ့ မြောက်ကိုရီးယားကို သရေပွဲတွေ ကစားခဲ့တဲ့အပြင် တရုတ်ကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ လာအိုတို့က နောက်တန်းအားနည်းချက်ရှိနေပြီး တိုက်စစ်ကလည်း လိုအပ်ချက်တွေများနေတာမို့ အခုပွဲမှာ တောင်ကိုရီးယားတို့ နိုင်ပွဲသေချာစေဦးမှာပါ။ ဒီပွဲအတွက် တောင်ကိုရီးယားတိုက်စစ်မှူးတွေ ဂိုးပြတ်သွင်းနိုင်မှု ရှိ မရှိဘဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### ဆီးရီးယားနဲ့ စင်ကာပူ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလကပွဲမှာ ဆီးရီးယားတို့က လေးဂိုးပြတ်နဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ အုပ်စု(E)မှာတော့ ဆီးရီးယားတို့က တစ်ပွဲကစားသုံးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရှိနေသလို စင်ကာပူတို့က နှစ်ပွဲကစား လေးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ စင်ကာပူတို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ကမ္ဘောဒီးယားကို လေးဂိုးပြတ်နိုင်ပြီး ဂျပန်ကို ဂိုးမရှိသရေကစားခဲ့ပေမယ့် ကာတာအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ထားပါတယ်။ ဆီးရီးယားတို့ရဲ့ အားထုတ်မှုက လက်ရှိအချိန်မှာ အကောင်းဆုံးအနေအထားရောက်ရှိနေတာမို့ အခုပွဲမှာ ဆီးရီးယားတို့ ဂိုးမပြတ်ပေမယ့် သုံးမှတ်တော့ ရဖို့များနေပါတယ်။

### ဂျော်ဒန်နှင့် ကာဂျစ္စတန်

ခြေစွမ်းကောင်းတွေပြသနေတဲ့ ဂျော်ဒန်တို့ဟာ ကူဝိတ်၊ တာဂျစ်ကစ္စတန်နဲ့ ထရီနီဒက်အသင်းတွေကို နိုင်ပွဲတွေနဲ့ ကျော်ဖြတ်ထားပါတယ်။ ကာဂျစ္စတန်က တရုတ်နဲ့ ဩစတြေးလျတို့ကို ရှုံးထားပြီး ဘင်္ဂလားဒေ့ရှ်ကိုတော့ နိုင်ပွဲရထားပါတယ်။ ဂျော်ဒန်တို့ကလည်း အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကြိုးစားမှာဖြစ်သလို သုံးမှတ်ရရှိထားတဲ့ ကာဂျစ္စတန်တို့ကလည်း ခြေကုန်ထုတ်မှာမို့ ဒီပွဲက အကြိတ်အနယ်ရှိပြီး သရေကျသွားနိုင်တဲ့ပွဲပါပဲ။

### ဩစတြေးလျနှင့် ဘင်္ဂလားဒေ့ရှ်

အုပ်စု(B)မှာ ဩစတြေးလျတို့ တစ်ပွဲကစား သုံးမှတ်နဲ့ အုပ်စုတတိယနေရာ မှာရှိနေပြီး ဘင်္ဂလားဒေ့ရှ်တို့ကတော့ နှစ်ပွဲကစား၊ တစ်မှတ်သာရထားပါတယ်။ ခံစစ်ပိုင်းအားနည်းတဲ့ ဘင်္ဂလားဒေ့ရှ်ကို ဩစတြေးလျတို့ ဂိုးပြတ်သွင်းနိုင်ရေး အားထုတ်ပါလိမ့်မယ်။ ဩစတြေးလျတိုက်စစ်က ဂိုးသွင်းကောင်းသူတွေ ပါဝင်နေတာမို့ ဒီပွဲမှာ ဘင်္ဂလားဒေ့ရှ်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။

### အိုမန်နှင့် တာမင်နစ္စတန်

အုပ်စု(B)မှာ အိုမန်တို့ တစ်ပွဲကစား၊ သုံးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာရှိ နေပါတယ်။ တာမင်နစ္စတန်တို့က နှစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိထား တာမို့ ရုန်းကန်ရမယ့်အနေအထားပါပဲ။ ဆီးရီးယားနဲ့ အိန္ဒိယအသင်းတွေကို နိုင်ပွဲရအောင် ကစားထားတဲ့ အိုမန်ရဲ့ ခြေစွမ်းကို တာမင်နစ္စတန်တို့ ရင်ဆိုင် ဖို့မလွယ်ပါဘူး။ ဒါပေမယ့် အမှတ်လိုအပ်နေတဲ့ တာမင်နစ္စတန်တို့ အမာခံ ကစားသမားတွေနဲ့ ပွဲထွက်လာမှာဖြစ်ပြီး တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။

### အီရန်နှင့် ဂူအမ်

အုပ်စု(D)မှာတော့ ဂူအမ်တို့ နှစ်ပွဲကစား၊ ခြောက်မှတ်ရပြီး အုပ်စုကို ဦးဆောင်နေပါတယ်။ အီရန်တို့ကတော့ တစ်ပွဲကစားပြီး တစ်မှတ်သာရထားတာမို့ ဒီပွဲမှာ အမှတ်ပြည့်ရယူရေး ကစားအားတင်ပါလိမ့်မယ်။ အီရန်ဟာ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလက ဂူအမ်နဲ့နောက်ဆုံးကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ၁၉ ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားဖူးပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဂူအမ်က အခု ဂူအမ်အသင်းမဟုတ်တဲ့တွက် ခြေစွမ်းကောင်းတွေရနေတဲ့ ဂူအမ်ကို အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။

### ဥဇဘက်ကစ္စတန်နှင့် ယီမင်

နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတဲ့ ဥဇဘက်ကစ္စတန်ဟာ ယီမင်ကို ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ ဂျပန်၊ အီရန်နဲ့ မြောက်ကိုရီးယားအသင်းတွေကို ရှုံးပွဲကြုံထားတဲ့ ဥဇဘက်တို့ အခုပွဲမှာ ယီမင်ကိုတော့ အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ ခြေစွမ်းမတည်ငြိမ်တဲ့ ယီမင်တို့ကတော့ အခုပွဲအဝေးကွင်းမှာဖြစ်တာမို့ ဥဇဘက်ကစ္စတန်တို့ပဲ သုံးမှတ်အပြည့်ရယူသွားပါလိမ့်မယ်။ ။

**ခြေစစ်ပွဲအောင်ရေးအတွက် မျှော်လင့်ချက်ရှိနေတဲ့အသင်းတွေဟာ အဲဒီမျှော်လင့်ချက်ခိုင်မာရှင်သန်စေဖို့အတွက် အခုပွဲမှာ ခြေကုန်ထုတ်ပြီး အစွမ်းကုန်ကြိုးစားကြပါလိမ့်မယ်။ ဒါကြောင့် အာရှဇုန်မှာ ဘယ်အသင်းတွေ အခြေအနေကောင်းသွားမလဲဆိုတာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။**




## ချယ်လ်ဆီးထက် လက်ဦးသွားတဲ့ ဗလင်စီယာ

ချယ်လ်ဆီးအသင်းအနေနဲ့ နောက်တန်းအားပျော့လာတဲ့အတွက် မိုနာကိုနောက်ခံလူ အဒမ်နိုယာကို ပေါင် ၁၅ သန်းပေးပြီး ကမ်းလှမ်းခဲ့တာပါ။ သို့ပေမယ့် ဗဟိုခံစစ်မှူး အဒမ်နိုယာကို ပေါင် ၂၂ သန်းထိတိုးပြီး မိုနာကိုက ဈေးပိုတောင်းခဲ့ပါတယ်။ သူ့အနေနဲ့လည်း ချယ်လ်ဆီးကိုပြောင်းဖို့သာ စိတ်အားထက်သန်ခဲ့တာပါ။ သို့ပေမယ့်လည်းအသက် ၂၆ နှစ်အရွယ်ရှိ ဗဟိုခံစစ်မှူးအဒမ်နိုယာကို ဗလင်စီယာသို့ စီးပွားအရ ပြင်သစ်ကလပ် မိုနာကိုက ရောင်းထုတ်ခဲ့ပါတယ်။ ချယ်လ်ဆီးနည်းပြ မောရင်ဟိုအနေနဲ့ ခြေစွမ်းကျလာပြီဖြစ်တဲ့ ဗဟိုခံစစ်မှူး ဂွန်တယ်ရီနေရာမှာ အစားထိုးဖို့ ကြိုးစားနေတာကြာပါပြီ။ အခုလည်း အဒမ်နိုယာကို အရခေါ်ယူဖို့ ပေါင် ၁၅ သန်းပေးပြီး ကမ်းလှမ်းခဲ့ပေမယ့် ဗလင်စီယာက လက်ဦးရရှိသွားတဲ့အတွက် လက်လွတ်ခဲ့ရပါတယ်။ လာမယ့် လာလီဂါပြိုင်ပွဲတွေမှာ အဒမ်နိုယာကို ဗလင်စီယာအသင်းနဲ့အတူ တွေ့ရတော့မှာဖြစ်ပါတယ်။ မော်ရင်ဟိုအနေနဲ့ အဒမ်နိုယာကို ခေါ်ယူဖို့ ဆွေးနွေးနေတဲ့အတွက် ဒီတစ်ချီတော့ လက်လွတ်ခဲ့ရပြီဖြစ်ပါတယ်။ သို့ပေမယ့် မော်ရင်ဟိုအနေနဲ့ ကစားသမားခေါ်ယူရေးကာလမကုန်မီ ဘယ်နောက်တန်း ကစားသမားကိုခေါ်ယူမလဲဆိုတာ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

## မိုနာကိုလူငယ်တိုက်စစ်မှူးကို မန်ယူက ခေါ်ယူဖို့ပြင်ဆင်

မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ ပရီမီယာလိဂ်ပွဲစကတည်းက သူ့ရဲ့အသင်းကို ပြင်ဆင်နေတာ အခုအထိ စိတ်ကြိုက်မတွေ့သေးဘဲဖြစ်နေပါတယ်။ လက်ရှိအခြေအနေအတိုင်း ဆက်သွားလို့ကတော့ အခြေအနေမဟန်နိုင်တဲ့အတွက် ဂိုးများများသွင်းပေးနိုင်မယ့် တိုက်စစ်မှူးတစ်ဦးကို အလိုရှိနေတာပါ။ ဒါကြောင့်လည်း မိုနာကို ဆယ်ကျော်သက်တိုက်စစ်မှူး အန်ထော်နီမာရှယ်ကို ခေါ်ယူဖို့ ပေါင် ၃၆ သန်းနဲ့ ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး အန်ထော်နီမာရှယ်ဟာ မိုနာကိုအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ မန်ယူရဲ့ အဓိက တိုက်စစ်မှူးဖြစ်တဲ့ ဟာနန်ဒက်ဇ် ဂျာမန်ကလပ် လေဗာကူဆင်အသင်းကို ပြောင်းရွှေ့သွားပြီးနောက် နည်းပြဗန်ဟားလ်က မိုနာကိုတိုက်စစ်မှူး မာရှယ်ကို ခေါ်ယူဖို့ကမ်းလှမ်းလိုက်တာဖြစ်ပါတယ်။ မန်ယူနဲ့အတူ ကစားခဲ့တဲ့ ဟာနန်ဒက်ဇ်ဟာ ပေါင် ၁၂ သန်းနဲ့ လေဗာကူဆင်ကို ပြောင်းသွားခဲ့ပါပြီ။ သူ့နေရာမှာ အစားထိုးနိုင်မယ့် သူကိုလိုက်ရှာနေရာမှာ မိုနာကိုတိုက်စစ်မှူးကိုတွေ့ခဲ့တာပါ။ မန်ယူက ကြေးကြီးပေးကမ်းလှမ်းခဲ့ပေမယ့် မိုနာကိုကတော့ လက်ခံခြင်းမရှိသေးပါဘူး။ သို့ပေမယ့် နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုအရ အပြောင်းအရွှေ့ဖြစ်သွားနိုင်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ပွဲတိုင်းအနိုင်ကစားပေးနိုင်မယ့် ဒီဘရိုင်း

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းကို မန်စီးတီးက ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ ဒီဘရိုင်းကို ခေါ်ယူဖို့ အသင်းခေါင်းဆောင် ကွန်ပနီက တိုက်တွန်းခဲ့တာပါ။ ဒါကြောင့်လည်း ဒီဘရိုင်းကို စာချုပ်အပြီး ကွန်ပနီက ချီးကျူးပြောဆိုခဲ့ပါတယ်။ ပရီမီယာလိဂ်အဓိကပြိုင်ဘက်တွေအနေနဲ့ သတိထားကြဖို့လိုပြီလို့ ကွန်ပနီက သတိပေးပြောဆိုလိုက်ပါတယ်။ မန်စီးတီးအသင်းဟာ ဒီနှစ်ရာသီအစကတည်းက မြိုင်မြိုင်ဆိုင်ဆိုင်ပွဲထွက်လာခဲ့တာပါ။ လက်ရှိအချိန်မှာ ပရီမီယာလိဂ် လေးပွဲကစား လေးပွဲစလုံးအနိုင်ရရှိထားတာပါ။ အဓိကပြိုင်ဘက်ဖြစ်တဲ့ ချယ်လ်ဆီးအသင်းကိုပင် ဂိုးပြတ်နဲ့ အနိုင်ကစားခဲ့တာပါ။ ဒီလိုအောင်မြင်မှုတွေရနေပေမယ့် နည်းပြပယ်ရီဂရင်းနီက ကစားသမားကောင်းတွေ ဆက်လက်ခေါ်ယူအားဖြည့်နေဆဲပါ။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ဒီဘရိုင်းကို မန်စီးတီးက ပေါင် ၅၂ သန်းနဲ့ ခေါ်ယူခဲ့တာပါ။ ဒီဘရိုင်းဟာ ချယ်လ်ဆီးမှာ ကိုးပွဲကစားပြီး ထွက်သွားကတည်းက ဝုဖ်ဘတ်အသင်းနဲ့ ခြေစွမ်းပြကစားနေတာပါ။ သူဟာ ထူးခြားတဲ့ကွင်းလယ်ကစားသမားတစ်ဦးလို့ အသင်းခေါင်းဆောင် ကွန်ပနီက ဆိုပါတယ်။ မန်စီးတီးအသင်းဟာလက်ရှိအခြေအနေထက် ပိုကောင်းလာမယ်ဆိုတာ သံသယမဖြစ်ဘူးလို့ ကွန်ပနီက ဆိုပါတယ်။



# နေပြည်တော်-ပုဂံ(RBE)အမြန်ရထား ပခုက္ကူမြို့အထိ ပြေးဆွဲမည်

**ပခုက္ကူ စက်တင်ဘာ ၁**

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်မှ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံသို့ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည့် နေပြည်တော်-ပုဂံ(RBE)အမြန်ရထားကို စက်တင်ဘာ ၁ ရက်မှစ၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အထိ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်-ပခုက္ကူ အမှတ်(၁၀၇)အဆန်ရထားသည် နေပြည်တော်ဘူတာကြီးမှ နံနက် ၅ နာရီမှ ထွက်ခွာ၍ ပခုက္ကူဘူတာသို့ ညနေ ၄ နာရီခန့် ဆိုက်ရောက်မည်ဖြစ်ပြီး ပခုက္ကူ-နေပြည်တော် အမှတ်(၁၀၈)အစုန်ရထားသည် ပခုက္ကူဘူတာမှ နံနက် ၆ နာရီ ၁၅ မိနစ်မှထွက်ခွာ၍ နေပြည်တော်ဘူတာသို့ ညနေ ၅ နာရီ ၄၀ မိနစ်ခန့်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားပုဂံဘူတာမှ ဒုတိယရုံပိုင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပခုက္ကူမြို့မှ ရန်ကုန်မြို့သို့ နေ့စဉ်တိုက်ရိုက်အမြန်ရထားရှိသော်လည်း နေပြည်တော်နှင့် တိုက်ရိုက်ရထားပြေးဆွဲမှုမှာ ယခင်က မရှိခဲ့ဘဲယခု နေပြည်တော်သို့ တိုက်ရိုက်ရထား တိုးချဲ့ပြေးဆွဲပေးခြင်းဖြစ်သဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ၏ သွားလာရေးအတွက် ပိုမိုအဆင်ပြေလာတော့မည်ဖြစ်ကြောင်း သိရသည်။

(၁၁၇)

# နဝမအကြိမ်မြောက် မန္တလေးအိုးပင်း စစ်တုရင်ပြိုင်ပွဲဆုပေးပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲ သက်တမ်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲနှင့် နဝမအကြိမ်မြောက် မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ဝင်းလှိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲ သက်တမ်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲနှင့် နဝမအကြိမ်မြောက် မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရနှင့် အတော်ဆုံးဆုရအားကစားသမားများ၊ Chess ပထမ (ချမ်းအေးသာစံ)၊ ဒုတိယ(ပြင်ဦးလွင်)၊ တတိယ (အောင်မြေသာစံ)၊ ရိုးရာစစ်တုရင် ပထမ (အောင်မြေသာစံ)၊ ဒုတိယ (မဟာအောင်မြေ)၊ တတိယ(ချမ်းအေးသာစံ)၊ အမျိုးသမီးပထမ(မဟာအောင်မြေ)၊ ဒုတိယ(စဉ့်ကူးမြို့နယ်)၊ တတိယ(အောင်မြေမြို့နယ်) အသင်းတို့ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အားကစားနှင့်ကာယပညာသိပ္ပံ မန္တလေးကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး စစ်တုရင် ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ် ငွေသားဆု၊ တံခွန်စိုက်ဆုတို့ကို ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ အောင်မြေသာစံမြို့နယ် စစ်တုရင်အသင်းကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပထမစွယ်စုံတံခွန်စိုက်ဒိုင်းဆု၊ ငွေသားဆုတို့ကို ပေးအပ်သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်များမှအသင်းပေါင်း ၂၁ သင်းနှင့် သက်တမ်းအလိုက် လူငယ်ကစားသမားပေါင်း ၁၅၀ စုစုပေါင်းအားကစားမောင်မယ် ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားကျင်းပ

**ငါန်းဇွန် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားကို မြို့အတွင်းရှိ ဓမ္မစကူးလ်များမှ အကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ငါန်းဇွန်မြို့ရှိ ဓမ္မစကူးလ် ကျောင်းများမှ ကျောင်းသားကျောင်းသူများ စုပေါင်း၍ သဲဖြူဓမ္မစကူးလ်မှ မြို့တွင်းသို့ စီတန်းလှည့်လည်ပြီး ရှင်ပင်မိုးကောင်းမြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ အာရုဏ်ခံတန်ဆောင်းများ၌ အခမ်းအနား ကျင်းပခဲ့ခြင်းဖြစ်သည်။



အခမ်းအနားတွင် ဂန္ထဝါစကဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဗဟိုရ် သံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တနရပတိထံ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက မေတ္တာအခါတော်နေ့ နိုင်ငံတော်ဘာသာနေ့နှင့် စပ်လျဉ်း၍ ဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် ငါန်းဇွန်မြို့ သဲဖြူပရိယတ္တိစာသင်တိုက် ဓမ္မစကူးလ်မှ သတ္တမတန်းကျောင်းသူ မတင်မို့မို့သိမ့်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ ရွှေစေတီဓမ္မစကူးလ်မှမထူးစန္ဒာဦးက ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကိုလည်းကောင်း၊ ရွှေလင်ပန်းဓမ္မစကူးလ်မှ မခင်ဆုဝေက မေတ္တာစွမ်းအား အကျိုးများခြင်းအကြောင်းကိုလည်းကောင်း၊ တမာပင်ကျေးရွာဓမ္မစကူးလ်မှ မခိုင်လွင်အေးက မေတ္တာသက်လုံ အကြောင်းကိုလည်းကောင်း ဆွေးနွေးသည်။ ထို့နောက် ဓမ္မစကူးလ်ကျောင်းများမှ ပဓာနနာယကဆရာတော်ကြီးများ၊ ဓမ္မစကူးလ် အကျိုးတော်ဆောင်များ၊ ဆရာဆရာမများ နှင့် ကျောင်းသားကျောင်းသူများက မေတ္တာသုတ်ပါဠိတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းမှ အထူးကုဆရာဝန်များ သံဖြူဇရပ်မြို့၌ ဆေးဝါးအခမဲ့ကုသပေး

**သံဖြူဇရပ် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းမှ အထွေထွေရောဂါနှင့် ခွဲစိတ်အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာမြသိန်းဟန်ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ပြည်သူများအား သံဖြူဇရပ်မြို့ ဇီဝိတဒါန ဆေးအလှူတော်ရုံ၌ ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်က ဆေးဝါးအခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ဆေးဝါးကုသပေးရာတွင် အထွေထွေရောဂါနှင့် ခွဲစိတ်ရောဂါများ၊ သားဖွားမီးယပ်ရောဂါများ၊ ကလေးသူငယ်ရောဂါများ၊ သွားနှင့် ခံတွင်းရောဂါများ၊ မျက်စိရောဂါများ ခံစားနေရသည့် ဝေဒနာရှင်ဦးရေ ၁၆၀၀ ကို ဆေးဝါးကုသပေးခဲ့ပြီး လူနာများအတွက် ဆေးဝါးနှင့် ပံ့ပိုးပစ္စည်းများကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်သန်းဦးနှင့် အလှူရှင်များက လှူဒါန်းခဲ့ကာ ဇီဝိတဒါန ဆေးအလှူတော်ရုံ ကြီးကြပ်မှုကော်မတီနှင့် လုပ်အားပေးအဖွဲ့များ၊ ကျုံကဒတ်ကျေးရွာမှ ပါရမီပျိုးခင်းသွေးလှူရှင်အဖွဲ့များကလည်း လုပ်အားဒါနများဖြင့် ကူညီခဲ့ကြောင်း သိရသည်။

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာသို့ ဇီဝိတဒါနဆေးအလှူတော်ရုံ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပိယနှင့် ဆေးအလှူတော်ရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစံငြိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး လူနာများအား အားပေးခဲ့သည်။ ထို့နောက် ဇီဝိတဒါနဆေးအလှူတော်ရုံ ငွေပဒေသာပင်အတွက် အလှူငွေများကို ဒုတိယဝန်ကြီးမိသားစုနှင့် အလှူရှင်များက ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **ကျော်ဝင်း (ပြန်/ဆက်)**

# ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဓမ္မကျောင်းတော် ဖွင့်ပွဲကျင်းပ

**နတ်မောက် စက်တင်ဘာ ၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးဗဟိုအဖွဲ့ခွဲ(၁)က ကြီးကြပ်၍ နတ်မောက်မြို့ တမာပင်ဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်အောင်မြင်မကျီးတောဘုန်းတော်ကြီးကျောင်းတိုက်နှင့် စည်သာစန်းတောဘုန်းတော်ကြီးကျောင်းတိုက်များ၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဓမ္မကျောင်းတော်များကို ဩဂုတ်၃၀ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းများဖွင့်ပွဲသို့ တောင်တွင်းကြီးမြို့ ဘုံကျော်ကျောင်းဆရာတော် ဦးဝိလာသ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးဝါယမနှင့် ဆရာတော်များ တက်ရောက်ဖွင့်လှစ်ပေးကြပြီး ဩဝါဒစကားများ မိန့်ကြားသည်။ ထို့နောက် အလှူရှင်များက ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဓမ္မကျောင်း သုံးကျောင်းသို့ စာအုပ်များ၊ အခြေခံဖတ်စာအုပ်များ၊ ဦးချနည်းဗွီနိုင်းများနှင့် ဆရာကိုင်စာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။ ကျောင်းများဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဓမ္မကျောင်းတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

နတ်မောက်မြို့ရှိ တမာပင်ဘုန်းတော်ကြီးကျောင်းတိုက် ယဉ်ကျေးလိမ္မာကျောင်း၌ ကျောင်းသားကျောင်းသူ ၃၁၅ ဦး၊ ရန်အောင်မြင်ကျေးရွာ မကျီးတောဘုန်းတော်ကြီးကျောင်းတိုက်၌ ကျောင်းသားကျောင်းသူ ၁၅၀ နှင့် စည်သာကျေးရွာ စန်းတောဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၅၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**လှဝင်း (ပြန်/ဆက်)**

## သတင်းတို

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလားရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ရာ မြို့မ(၁)အသင်းနှင့် ရွှေတည်အာရှအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြို့မ(၁)အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်တွင် ရိုးများတူးဖော်ပေးမှုကြောင့် ရေနက်ကွင်း စိုက်ဧက ၂၇၈ ကေအသစ်ပေါ်ထွက်

**ကျောက်ဆည် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့နယ်သည် ဆည်ရေဖြင့် စပါးသီးနှံအများဆုံးစိုက်ပျိုးသော မြို့နယ်ဖြစ်ပြီးယခုအခါစိုက်ပျိုးရေးအတွက် ဖောက်လုပ်ထားသောရိုးများ၊ မြောင်းများသည် နှစ်ကာလကြာလာသည့်အတွက် သဲ၊ နုန်းများ တင်ကျန်ရစ်ပြီး မိုးရာသီတွင် ရေလျှံမှုများဖြစ်ပေါ်ကာ စပါးစိုက်ခင်းများဆုံးရှုံးလျက်ရှိသည်။ ထို့ကြောင့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရ(သာမန်)ရန်ပုံငွေဖြင့် မြင်းကဘတ်ရိုး၊ ယင်းငိုရိုး၊ ကျွဲဆွဲလွှဲရိုး၊ အာကာရှင်မရိုး၊ နဂါးပတ်ရိုးတို့ကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို မျိုးကျော်လင်း၊ ၂၁၂ Golden Tree ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြင်းကဘတ်ရိုးအရှည်ပေ ၂၇၅၀၀ ရှိပြီး မြေကြီးကျင်း ၈၈၁၀ တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၁၂၀၀ ရှိသည့်အနက် ရေမြုပ်ဧက ၃၀၀ ကိုကာကွယ်ပေးနိုင်ခဲ့ပြီး အရှည်ပေ ၂၀၂၀၀ရှိ ယင်းငိုရိုးအား မြေကြီးကျင်း ၁၄၇၈၄ တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၂၂၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၁၄၂၈ကေကိုကာကွယ်ပေးနိုင်ခဲ့သည်။ ထို့အပြင်အရှည်ပေ ၁၅၀၀၀ ရှိသည့်ကျွဲဆွဲလွှဲရိုးအား မြေကြီးကျင်း ၅၇၅၇ တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၃၀၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၁၅၀ နှင့်ရေနက်ကွင်း စိုက်ဧကအသစ် ၁၀၀ ပေါ်ထွက်လာခဲ့သည်။ အရှည်ပေ ၁၄၅၀၀ ရှိသည့်အာကာရှင်မရိုးအား မြေကြီးကျင်း ၁၃၂၉၇ တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၁၀၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၁၅၀ နှင့် ရေနက်ကွင်းစိုက်ဧကအသစ် ၁၀၄ ဧကပေါ်ထွက်လာပြီး အရှည်ပေ ၃၅၀၀၀ ရှိ နဂါးပတ်ရိုးအား မြေကြီးကျင်း ၁၀၆၂၇ တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၂၅၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၂၀၀ ကိုကာကွယ်ပေးနိုင်သည့်အပြင် ရေနက်ကွင်းစိုက်ဧကအသစ် ၇၈ ဧကသို့ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လွှဲရိုးများ ပြန်လည်တူးဖော်ပေးမှုကြောင့် သက်ဆိုင်ရာရိုးရေသောက်တောင်သူများ ရေကိုလွယ်ကူစွာသုံးစွဲနိုင်ပြီး ရေနက်ကွင်းစိုက်ဧကအသစ်များ တိုးပွားလာမှုကြောင့် များစွာအဆင်ပြေမည်ဖြစ်ပြီး ယခင်မိုးစပါးတစ်သီးသာ စိုက်နိုင်ခဲ့ရာ ယခုအခါ သုံးသီးသို့ တိုးချဲ့စိုက်ပျိုးသွားနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၄၁၀)



# မြန်မာ့ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပရန် ညှိနှိုင်းစည်းဝေး

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုပြပွဲ Mandalay Investment Fair အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက်က မန္တလေးမြို့ ရတနာပုံစူပါစင်တာရှိ MRCCI အသင်းရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက မန္တလေးတိုင်းဒေသကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် Mandalay Investment Fair ပြပွဲကို မန္တလေးမြို့၌ ကျင်းပခြင်းကိုကြိုဆိုကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပသည့်ပြပွဲကို မန္တလေးမြို့၌ လာရောက်ကျင်းပသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ အဆိုပါပြပွဲ ကျင်းပခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြင့်တင်နိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် မျှော်လင့်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရည်ရွယ်ကျင်းပသည့် Mandalay Investment Fair ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းအမှာစကားပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Mandalay Investment Fair ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ အကြံပေး Mr.Toru Homma တို့က အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် MMRD မှ သုတေသနမန်နေဂျာ ဦးအာကာစိုးက Mandalay Investment Opportunity Survey မှ လေ့လာတွေ့ရှိချက်များအကြောင်းကို တင်ပြပြီး MMRD မှ စီမံကိန်းမန်နေဂျာ ဦးအောင်မင်းက Mandalay Investment Fair ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍများမှ လုပ်ငန်းရှင်များက ဖြည့်စွက်ဆွေးနွေးကြသည်။ ထို့နောက် ပြပွဲကျင်းပရေးနှင့်ပတ်သက်၍ အစည်းအဝေးတက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် ပတ်သက်၍ MMRD မှ စီမံကိန်းမန်နေဂျာက ပြန်လည်စုစည်း ဆွေးနွေးကာ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



## အထူးရဲများအား ဆင့်ပွားသင်တန်းပေးမည့် နည်းပြသင်တန်းဆင်း

**ရွှေဘို စက်တင်ဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် လုံခြုံရေးလိုအပ်ချက်ကို အပြည့်အဝဆောင်ရွက်ပေးနိုင်ရန် အထူးရဲ(Special Police)များကို ပြည်ထဲရေးဝန်ကြီးဌာနက ဥပဒေနှင့်အညီ ခန့်အပ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ အထူးရဲများကို ဆင့်ပွားသင်တန်းပေးမည့် တပ်ဖွဲ့ဝင်(အရာရှိ)နည်းပြသင်တန်းဆင်းပွဲကို ရွှေဘိုမြို့ရဲစခန်း သင်တန်းခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမြင့်စိုးက အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ရာ သင်တန်းသား ၇၂ ဦး ကိုယ်စား သင်တန်းသားခေါင်းဆောင် ရဲအုပ်မြင့်ကျော်က လက်ခံယူခဲ့သည်။ **စိုးသီဟ (ပြန် /ဆက်)**

## ဗန်းမော်မြို့၌ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်လှစ်

**ဗန်းမော် စက်တင်ဘာ ၁**

ကချင်ပြည်နယ် ဗန်းမော်မြို့ကျေးလက်ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက လက်ပန်တန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေတို့က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူးက ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါကျေးလက်ဆေးပေးခန်းသည် (၃ ×၂)ပင်၊ နှစ်ထပ်ပျဉ်ကာသွပ်မိုးအဆောက်အအုံဖြစ်သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးမြင့်က ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဆေးပေးခန်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းလှူဒါန်းပေးခဲ့သော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

## မုံရွာမြို့နယ်၌ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာ၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုက်နယ်ဆေးရုံ(သာစည်ရွာ)ဖွင့်ပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆေးရုံဖွင့်ပွဲတွင် တိုက်နယ်ဆေးရုံကို သာစည်ကျေးရွာ အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိက၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် အလှူရှင်ဦးမောင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အောင်ချမ်းသာကျောင်းတိုက်ဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ တိုက်နယ်ဆေးရုံဆောက်လုပ်ရေးကော်မတီက ဆေးရုံတည်ဆောက်မှုဆိုင်ရာ စာရွက်စာတမ်းများကို တိုက်နယ်ဆေးရုံဆရာဝန်တစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းအတွက် မြို့နယ်ဦးစီးမှူးက ဌာနဝန်ထမ်းများကို ဩဂုတ်လတတိယပတ်က စီမံခန့်ခွဲမှု/ငွေစာရင်းရေးသွင်းမှုသင်တန်း ဖွင့်လှစ်ပို့ချဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

## စားသုံးသူကျန်းမာရေးအတွက် အာဟာရတန်ဖိုးရှိသော ကညွတ်စိုက်ပျိုးသူများ ဝင်ငွေကောင်းလျက်ရှိ

**မင်းဘူး စက်တင်ဘာ ၁**

ကညွတ်သည် ကျန်းမာရေးအတွက် အာဟာရတန်ဖိုးရှိသည့် အစားအစာတစ်မျိုးဖြစ်ကြောင်း စားသုံးသူများအနေဖြင့် သိရှိလာသောကြောင့် ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်းနှင့် ဝယ်လိုအားတက်လာခြင်းကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းအုပ်စု ရေမျက်ကျေးရွာမှ ကညွတ်စိုက်ပျိုးသူများ အဆင်ပြေပြီး ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

"စစိုက်ပြီး ခြောက်လလောက်ကြာရင် ကညွတ်အစို့တွေ နှုတ်ပြီးရောင်းလို့ရပြီ။ တစ်ဧကစိုက်ခင်းထဲမှာ တစ်ရက် ၁၀ ပိဿာကျော် ထွက်ပါတယ်။ အပင်ပြုစုတဲ့အပေါ် မူတည်ပြီးတော့ စိုက်တဲ့သူတွေ အထွက်နှုန်းတော့ ကွာနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက တစ်ပိဿာ ၅၀၀၀ ကျပ်နဲ့အထက် ရောင်းရပါတယ်။ ကျွန်တော်တို့အတွက် အကျိုးအမြတ်လည်း ကောင်းနေတာဆိုတော့ ဒီနှစ်ထဲမှာ တစ်ပိဿာ လေးထောင်ကျပ်ဝန်းကျင်နဲ့ ရောင်းနေပါတယ်။ ရေသွင်းစရိတ်၊ ပေါင်းထိုးစရိတ်နှုတ်ပြီး တစ်လခြောက်သိန်းကျော်မြတ်ဖို့သေချာတဲ့ စိုက်ပျိုးရေးလုပ်ငန်းပေါ့ဗျာ။ ဈေးနှုန်းသတ်မှတ်လက်ခံပေးတဲ့ အဝယ်ဒိုင်တွေလည်းရှိမယ်၊ အိမ်တိုင်းအိမ်တိုင်းရဲ့ မီးဖိုချောင်မှာ နေ့စဉ်စားသုံးတဲ့ သီးနှံတစ်ခုလည်းဖြစ်လာမယ်ဆိုရင် စိုက်ပျိုးတဲ့သူတွေ ပိုများလာမယ်ထင်ပါတယ်။ စိုက်ခဲ့သမျှတွေထဲမှာတော့ အကျိုးအမြတ်အများဆုံး သီးနှံပဲ"ဟု ရေမျက်ကျေးရွာမှ ကညွတ်စိုက်ပျိုးသူ ဦးဝင်းသောင်းမှ ပြောသည်။

ကညွတ်ကို စားသုံးခြင်းဖြင့် ကျောက်ကပ်အားကောင်းမွန်ပြီး ကျောက်တည်ခြင်းမှကာကွယ်နိုင်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း၊ သွေးအတွင်း သကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ အာရုံကြောအားနည်းသည့်ရောဂါကို ကာကွယ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စားသုံးပါက အာရုံကြောကြောင့်ဖြစ်သောရောဂါများအား ၇၀ ရာခိုင်နှုန်း ကာကွယ်ပေးခြင်း၊ အသားအရေကောင်းမွန်ပြီး အရေပြားရောဂါများကို ကာကွယ်ပေးခြင်း၊ အရက်နှင့် ဘီယာသောက်သူများအတွက် အသည်းအဆိပ်ကို ဖယ်ရှားပေးနိုင်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိနိုင်ကြောင်း စိုက်ပျိုးရေးဆိုင်ရာစစ်တမ်းများအရ သိရသည်။

"အမယ်သစ် သီးနှံဆိုတော့ စွန့်ဦးတီထွင်ရသလို စတင်စိုက်ပျိုးသူတွေအတွက် စွန့်စားရတာတွေ ရှိခဲ့ပါတယ်။ ဈေးကွက်မှာ ဖောက်သည်ယူပေးတဲ့သူတွေကို ရောင်းသူဘယ်တော့မှ မရှုံးရဘူးဆိုတဲ့ အပ်ကုန်စနစ်(ရောင်း၍မကုန်လျှင် ပြန်သိမ်းပေးသည့်စနစ်)ကျင့်သုံးပြီး ဈေးကွက်ဖော်ဆောင်နေပါတယ်။ ကျန်းမာရေးအတွက် အလွန်အထောက်အကူပြုနိုင်တာကြောင့် ပြည်သူတွေကြားထဲမှာ ဈေးနှုန်းချပြီး ကုန်စိမ်းဈေးကွက်တစ်ခု ဖော်ဆောင်နိုင်ရင် စိုက်ပျိုးသူရော၊ စားသုံးသူအတွက်ပါ အရမ်းအကျိုးရှိတဲ့ သီးနှံဖြစ်ပါတယ်"ဟု မကွေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်က ပြောကြားသည်။



ကညွတ်ကို စားသူများလာခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများအနေဖြင့်လည်း ကညွတ်စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ပြည်သူများထံဖြန့်ဝေခြင်း၊ ထိုင်ဝမ်စပ်မျိုးထုပ်များကို ဝယ်ယူ၍ ပျိုးပင်များစိုက်ပျိုးကာ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း၊ စိုက်ပျိုးလိုသူများအတွက် စိုက်နည်းပညာများ ကွင်းထဲအရောက် ကူညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကညွတ်သည် အလေးချိန် ၁၀၀ ဂရမ်တွင် ကိုလက်စထရော လုံးဝမပါဝင်ဘဲ စွမ်းအင် ၂၀ ကီလိုကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ် ၂ ဒသမ ၁ ဂရမ်၊ သကြားဓာတ် ၁ ဒသမ ၉ ဂရမ်၊ အမျှင်ဓာတ်၂ ဒသမ ၁ဂရမ်၊ အသားဓာတ် ၂ ဒသမ ၂ ဂရမ်၊ ဗီတာမင်စီ ၉ ရာခိုင်နှုန်း ပါဝင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသည့် အစားအစာတစ်မျိုးဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာတွင် ယခုနှစ် စက်တင်ဘာလအတွင်း ဓာတ်အားခွဲရုံ အပြီးတည်ဆောက်မည်

**ဘုတလင် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာတွင် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်၍ 33/11KV 5MVA ဓာတ်အားခွဲရုံကို တည်ဆောက်လျက်ရှိရာ ယခုနှစ် စက်တင်ဘာလအတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခု တည်ဆောက်နေတဲ့ ဓာတ်အားခွဲရုံကို ဒီနှစ်အောက်တိုဘာလအတွင်း အပြီးတည်ဆောက်သွားမှာဖြစ်သလို ဒီကနေတစ်ဆင့် ကနီမြို့နယ်အတွင်း ကျေးရွာများသို့ ပြန်လည်ဖြန့်ဖြူးသွားမယ့် 11KV ဓာတ်အားလိုင်း ၂၃ မိုင်နဲ့ ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာ များသို့ ဖြန့်ဖြူးမယ့် 11KV ဓာတ် အားလိုင်း ၁၃ မိုင် သွယ်တန်းမှု တို့ကိုလည်း အောက်တိုဘာလ ပထမပတ်အတွင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဘုတလင်မြို့နယ် လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးနေဝင်းလှိုင်က ပြောကြားသည်။

အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက ကနီမြို့နယ်အတွင်းမှ ကျေးရွာ ၂၀ နှင့် ဘုတလင်မြို့နယ်အတွင်းမှ ကျေးရွာ ၂၅ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး အဆိုပါကျေးရွာတို့တွင် လျှပ်စစ်စွမ်းအားဖြင့် လူမှုစီးပွားဘဝ အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဖြိုး(ဘုတလင်)**



# ရေကျချိန်တွင် ဖြစ်တတ်သော ကျွဲ၊ နွား ခွာနာလျှာနာရောဂါ

**ထွန်းလှိုင်(မြိုင်)**

ယခုအခါ မြန်မာနိုင်ငံတွင် နေရာတော်တော်များများ ရေကြီးရေလျှံမှု ဖြစ်ခဲ့သည်။ ပြည်သူများရော ကျွဲ၊ နွား တိရစ္ဆာန်များပါ ရေလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ကျွဲ၊ နွားများမှာ အမိုးအကာမရှိ ကုန်းမြင့်ပိုင်းကျသောနေရာတွင် ရွှေ့ပြောင်းထားသော်လည်း မြေကြီးမှာ စိုစွတ်နေ၍ ခွာများနူးပြီး ရိုးရိုးခွာနာ ဖြစ်ရုံမက ကူးစက်ရောဂါ ခွာနာလျှာနာပါ ဖြစ်နိုင်ပါသည်။ သို့အတွက်ကြောင့် ရေကျချိန်တွင် ဖြစ်ပေါ်လေ့ရှိသော ခွာနာလျှာနာရောဂါကို အချိန်မီ ကာကွယ်ကုသဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေးသားတင်ပြလိုပါသည်။

ခွာနာလျှာနာရောဂါသည် FMD ဗိုင်းရပ်စ်ပိုး အနည်းဆုံး (၇)မျိုးရှိပြီး A.O.C ( SAT) 1.2.3 နှင့် Asia I တို့ ဖြစ်ကြသည်။ တစ်ကမ္ဘာလုံး ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် O.I.A နှင့် Asia I တို့ဖြစ်ပွားသည်။ တစ်ကောင်မှ တစ်ကောင်ကူးစက်နိုင်ပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် ခွာကွဲတိရစ္ဆာန်များ ဖြစ်ပွားသည်။ အရွယ်မျိုးစုံဖြစ်ပွားသည်။

ခွာနာလျှာနာရောဂါသည် ရာသီဥတု အကူးအပြောင်း (နွေရာသီမှ မိုးရာသီ)၊ (မိုးရာသီမှဆောင်းရာသီ) စသည်များနှင့် စိုစွတ်သည့် ဥတု(မိုးဥတု) တို့တွင် အဖြစ်များသည်။ ဤရောဂါသည် နွားကြီးများ မသေဆုံးသော်လည်း နို့စို့နွားငယ်များ သေဆုံးနိုင်သည်။ နွားများ လုပ်ငန်းခွင်ပျက်ခြင်း၊ နို့ထွက်နှုန်းကျခြင်း၊ သားလျှောခြင်းဖြစ်စေနိုင်သည်။

ရောဂါဖြစ် တိရစ္ဆာန်များမှ တံတွေး၊ နှာရည်၊ ဆီး၊ ဝမ်း၊သွေး၊ နို့ရည်၊ အနာဖေး၊ အနာသားနံ့ရည်၊ ရောဂါပိုးပါသော အစားအစာ၊ သောက်ရေများမှ ကူးစက်နိုင်သည်။ ရောဂါပိုးဝင်ပြီး ၂၄-၄၈ နာရီအတွင်း အဖျားဝင်၍ အပူချိန် ၁၀၄ မှ ၁၀၆ ဒီဂရီ ဖာရင်ဟိုက်အထိ မြင့်တက်လာပြီး အစာမစားဘဲ မှိုင်ခြင်း၊ သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း၊ လျှာ၊ အာခေါင်၊ သွားဖုံး၊ခံတွင်းများတွင် အရည်ကြည်အဖုလေးများဖြစ်ခြင်း၊ ခွာကြား၊ ခွာပန်းကုံးများတွင် အရည်ကြည်အဖုနှင့် အနာဖြစ်ခြင်း၊ အစာစားပျက်၍ ကိုယ်အလေးချိန်ကျခြင်း၊ တစ်ကိုယ်လုံးတုန်ခြင်း၊ ခွာနာခြင်း၊ ခွာကျွတ်ခြင်း၊ ခွာရှည်ထွက်ခြင်းများ ဖြတ်တတ်သည်။ အဓိကလက္ခဏာမှာ ပါးစပ်၊ ခံတွင်း၊လျှာ၊ ခွာကြား၊ခွာပန်းကုံး၊နို့အုံတို့တွင် အနာများ ဖြစ်ခြင်းတွေ့ရသည်။ လမ်းကောင်းစွာမလျှောက်နိုင်ဘဲ ခြေနာခြင်း၊ နို့ပေးနှုန်းကျခြင်း၊ သာမန်အားဖြင့် နှစ်ပတ် သုံးပတ်အထိ ရောဂါခံစားနိုင်ပါသည်။ နွားငယ်များတွင် အစာမစားနိုင်သဖြင့် ပိန်ချုံးသေဆုံးသည် အထိ ဖြစ်နိုင်သည်။

**ရောဂါကာကွယ်ကုသခြင်း**

၁။ ခွာနာ၊ လျှာနာ ဖြစ်သောနွားကို သိလျှင်သိချင်း သီးခြားခွဲထား၍ ရောဂါ မကူးစက်နိုင်ရန် ကျန်းမာသော နွားများနှင့်ဝေးသည့်နေရာတွင် ထားရှိရမည်။ လွှတ်ကျောင်းခြင်းမပြုရပါ။ သီးခြားအစာခွက်၊ ရေခွက်တို့ဖြင့် ကျွေးမွေးပါ။

၂။ ရောဂါဖြစ်သောခြံ၊ ရောဂါဖြစ်သောနေရာများတွင် ထုံးဖြူးပါ။ တိရစ္ဆာန်မှ ထွက်သော အညစ်အကြေးများကို ထုံးဖြူး၍ ကျင်းတူးမြှုပ်နှံပါ။

၃။ ရောဂါဖြစ်သောနွားကို ကျွေးမွေးပြုစုရာတွင် လူပိုရှိလျှင် သီးခြားကျွေးမွေးပါ။ (သို့မဟုတ်) ကျန်းမာသော နွားများ ကျွေးပြီးမှ နောက်ဆုံးသီးခြား အစာကျွေးပါ။ ပြီးလျှင် ခြေလက်ကို ဆပ်ပြာနှင့် ဆေးကြောပါ(သို့မဟုတ်) ဆပ်ပြာသုံး၍ ရေချိုးပါ။

၄။ ရောဂါဖြစ်သော နွား၏လျှာကို ကျောက်ချဉ် နှစ်ကျပ်သားနှင့် ရေငှက်ပျောဖူး တစ်ပုလင်းဖျော်၍ တစ်ရက်လျှင် လေးငါးကြိမ်ဆေးကြောပါ (သို့မဟုတ်) လက်ဖက်ခြောက်ဖန်ရည်၊ ဆားရည်များဖြင့်လည်း ဆေးကြောနိုင်သည်။ လျှာအနာဖက် အကွက်များရှိပါက ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ပျားရည်နှင့် သင့်ရုံဖျော်၍ လျှာကို လိမ်းပေးပါ။

၅။ ရောဂါဖြစ်သောနွား၏ ခွာနာကို လက်ဖက်ခြောက်အဖန်ရည်၊ တမာရွက်၊ တမာခေါက်ပြုတ်ရည်များဖြင့် ဖန်ဆေး၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပါ။ ရေနံချေးနှင့် ဆေးရွက်ကြီးဖျော်၍လည်း လိမ်းနိုင်သည်။ ဒုတ္တာမှုန့်အနည်းငယ်၊ ဆာဖာအနည်းငယ်ကို ရေနံချေးနှင့်ဖျော်၍လည်း လိမ်းနိုင်သည်။ နောက်ဆက်တွဲရောဂါများ မဖြစ်နိုင်ရန် ပဋိဇီဝဆေးများ၊ အားဆေးများ ထိုးနှံပေးနိုင်သည်။

၆။ အခြားနွားများ ရောဂါမဖြစ်ပွားရန် ကြိုတင်၍ ခွာနာလျှာနာကာကွယ်ဆေး၊ ပထမအကြိမ် သုံး စီစီ ထိုးနှံပေးပြီး နှစ်ပတ်မှ လေးပတ်အကြာတွင် ဒုတိယအကြိမ် ထိုးနှံရန်နှင့် ခြောက်လတစ်ကြိမ် ထိုးနှံပါ။ နွားငယ်များ လေးလအရွယ်မှစ၍ ထိုးနှံနိုင်သည်။

၇။ ခွာနာလျှာနာရောဂါသည် ကူးစက်မြန်ရောဂါဖြစ်သဖြင့် ခွာခွဲသတ္တဝါများ ဖြစ်သည့် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်များတွင် အလွယ်တကူ ကူးစက်နိုင်ခြင်း၊ ရောဂါဝင်ရောက်ပါက တိုက်ရိုက်ထိခိုက်မှုဖြစ်သည့်အပြင် လယ်ယာလုပ်ငန်းခွင်အတွက် သွယ်ဝိုက်သောနည်းဖြင့်လည်း ထိခိုက်မှုရှိခြင်း တို့ကြောင့် လူတစ်ဦးချင်းအတွက် သာမက တိုင်းပြည်တစ်ခုလုံး၏ စီးပွားရေးအရ အရေးကြီးသည့် ရောဂါတစ်ခုဖြစ်ကြောင်း သတိပြုရပါမည်။

၈။ ခွာနာလျှာနာရောဂါဖြစ်လျှင် ဆေးဝါးမကုသဘဲထားပါက နာတာရှည် ရောဂါဖြစ်ပြီး နွားများ အမွှေးကြမ်းခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ သက်လုံမကောင်းခြင်း၊ အမောမခံနိုင်ခြင်း၊ ခြေမခိုင်ခြင်း၊ သားဆက်ဝေးခြင်းများ ဖြစ်နိုင်သောကြောင့် လယ်သမားများအနေဖြင့် အထူးဂရုစိုက်သင့်ကြောင်း တင်ပြအပ်ပါသည်။

# အရန်သားဖွားဆရာမများအား (kit) ပုံးပေးအပ်ပွဲ ကျင်းပ

**မော်လိုက် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ခဲ့သော အရန်သားဖွား ဆရာမများအား (kit)ပုံးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကိုယ်စား မော်လိုက်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်ကျော်က သင်တန်းသူများအား မိမိသည် နိုင်ငံတော်အစိုးရမှ စေတနာအပြည့်အဝဖြင့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန် ယခုကဲ့သို့ အရန်သားဖွား ဆရာမသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေး အထောက်အကူပစ္စည်း (kit)ပုံးများ ထောက်ပံ့ပေးခြင်းကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် မိမိကျေးရွာ ပြည်သူများအပေါ်တွင် စေတနာ၊ မေတ္တာနှင့် သည်းခံစိတ်ကလေးများ မွေးပြီး ကျန်းမာပျော်ရွှင်သော မိသားစု ကမ္ဘာလေးဖြစ်လာစေရန် အစွမ်းကုန် ကူညီစောင့်ရှောက်ကြရန်စသည်ဖြင့် ပြောကြားခဲ့သည်။

**မော်လိုက်သားလေး**



# အထူးရဲနည်းပြ (အရာရှိ) ဆင့်ပွား သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအတွင်းရှိ မဲရုံအသီးသီးတွင် လုံခြုံရေး တာဝန်ဆောင်ရွက်ရန် ခန့်အပ်မည့် အထူးရဲများကိုသင်တန်းပို့ချပေးရန် အထူးရဲနည်းပြ(အရာရှိ)ဆင့်ပွားသင်တန်းအမှတ်စဉ်(၂/၂၀၁၅)ဆင်းပွဲကို ဩဂုတ်လ စတုတ္ထပတ်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

သင်တန်းကို ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ကာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့များမှ သင်တန်းနည်းပြတာဝန်ဆောင်ရွက်မည့် ရဲအရာရှိ ၅၀ ကို အထူးရဲတပ်ဖွဲ့ဝင်များအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ကြေညာစာတမ်းများစသည့် သိမှတ်ဖွယ်ရာများကို ပြန်လည်သင်ကြားပေးနိုင်ရေး ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

## နောက်ဖေးလမ်းကြား ရှင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် သိမ်ကြီးလမ်း (အထက်)နှင့် တန်ဆောင်းကြီးလမ်း (အထက် ) တွင် တည်ရှိသော နောက်ဖေးလမ်းကြားကို ဗိုလ်သူရလမ်းမဘက်မှ လမ်းကြားမြေ ဧရိယာ၏ တစ်ဝက်ခန့်ပိတ်၍ ရေမြောင်းနှုတ်ခမ်းမှ အုတ်တက်ပြီး နှစ်ရှည်ပင်များ စိုက်ပျိုးထားသည်။ သဘာဝဘေးအန္တရာယ်နှင့်မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အရေးပေါ်ထွက်ပေါက်လမ်းပိတ်၍ ရပ်ကွက်နေပြည်သူများ၊ ဘေးအန္တရာယ်ကြုံတွေ့နိုင်သောကြောင့် အများပိုင်နောက်ဖေးလမ်းကြားကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူ**

## စည်းကမ်းမဲ့ရေဆိုးများသွန်ပစ်နေ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်စံပြကျေးရွာအုပ်စု ကျောင်းနောက်ရပ် မြသိန်းတန်ကွက်သစ်တွင် လိုင်စင်မဲ့ ငါးမုန့်ခြောက်လုပ်ကိုင်လျက်ရှိရာ ထိုသို့လုပ်ကိုင်ရာတွင် အသုံးပြုသော အနီရောင်၊ အဝါရောင် ဓာတုဆေးဝါးနှင့် ကော်မုန့်ရည်၊ ငါးပိရည်ကျိုတို့မှ စွန့်ပစ်ရေဆိုးများကို ၎င်း၏ အိမ်ရှေ့ရေမြောင်းအတွင်းသို့ နေ့စဉ်သွန်ချနေပါသည်။ ထိုရေဆိုးများ သွန်ချမှုကြောင့် ရပ်ကွက်အတွင်း လမ်းကြားများ ပျက်စီးနေသည့်အတွက် အရေးပေါ်မီးသတ်ကားများ ဝင်ရောက်ရန် ခက်ခဲသည့်အပြင် ၎င်းရေဆိုးအနံ့များကြောင့် ရပ်ကွက်နေသူများ ကျန်းမာရေးထိခိုက်ရခြင်းနှင့် ရပ်ကွက်သာယာလှပမှုကို ပျက်စီးစေသောကြောင့် အဆိုပါ လုပ်ငန်းကို အမြန်ဆုံးတားမြစ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ- ရပ်ကွက်သားများ**

## ရေမြောင်းပိတ်ဆို့၍ အနံ့ဆိုးများထွက်ပေါ်

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ဗညားဒလလမ်းနှင့် အောင်တေဇလမ်းနောက်ဖေးလမ်းကြား ဗညားဒလလမ်းအိမ်အမှတ် ၄၂၈ ၏ မိလ္လာကန်မှ အညစ်အကြေးများမှာ လျှံထွက်နေပြီး နောက်ဖေးမြောင်းပိတ်ဆို့ကာ အနံ့ဆိုးများထွက်နေပါ၍ အောက်ထပ်အခန်းများနှင့် ပတ်ဝန်းကျင်အိမ်ခန်းများမှာ ယင်းအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

## သံပန်း၊ သံတံခါးလုပ်ငန်းမှ အသံများကြောင့် ပတ်ဝန်းကျင်ဆူညံ

မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်အတွင်းရှိ သံပန်း၊ သံတံခါးလုပ်ငန်းနှင့် အခြားသော သံပန်း၊ သံတံခါးအလုပ်ရုံများကို ပေ ၁၀၀ ခန့် ကျယ်သော အလုပ်ရုံ၌ လုပ်ကိုင်လျက်ရှိရာ သံချောင်း၊ သံပြားသယ်ယူပစ်ချသံများ၊ ထုရိုက်သံ၊ ဆူညံသံနှင့် အနံ့ဆိုးသော မှုတ်ဆေးများကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သော သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့သူများ၊ စားသောက်ကုန်ရောင်းဝယ်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် မူဆယ်မြို့မဈေးကြီးနှင့် ဘာသာရေးဘုရားကျောင်းနှင့်လည်း နီးကပ်သဖြင့် မီးဘေးအန္တရာယ်များလည်း စိုးရိမ်ဖွယ်ဖြစ်ပါသည်။ မူဆယ်မြို့တွင် မြို့ပြင်စက်မှုဇုန်နေရာတွင် စက်ရုံ၊ အလုပ်ရုံ လုပ်ကိုင်ရန် ညွှန်ကြားထားသော်လည်း ယခုကဲ့သို့ မြို့အင်္ဂါရပ်နှင့် မညီဘဲ ပြည်သူလူထု၏ အကျိုးကိုမငဲ့ကွက်ဘဲ လုပ်ကိုင်နေသော သံပန်း၊ သံတံခါး အလုပ်ရုံကို ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။ **မူဆယ်သား**

# မန်စီမြို့၌ တရားမဝင် ကျွန်းသစ်ခွဲသားဆိုက်စုံ အချောင်း ၁၀၇၀ (၁၅ ဒသမ ၈၃၉ တန်) ဖမ်းဆီးရမိ

**မန်စီ စက်တင်ဘာ ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ မောရဝတီရပ်ကွက် အေးသာယာရွာသစ်ကုန်းတွင် တရားမဝင် ကျွန်းသစ်ခွဲသားဆိုက်စုံ အချောင်း ၁၀၇၀ (၁၅ ဒသမ ၈၃၉ တန်) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက်က ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်အောင်နှင့်အဖွဲ့သည် သတင်းအရ မန်စီမြို့၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ မောရဝတီရပ်ကွက် အိမ်ရှင်ဦးဖိုးဆော့ နေအိမ်ခြံဝင်းအတွင်း၌ စုပုံထားသော တရားမဝင်ကျွန်းသစ်ခွဲသားဆိုက်စုံ ၃၆၆တုံး(၅ ဒသမ ၆၄၇ တန်)၊ အိမ်ရှင်ဦးဝါကျယ်တူး နေအိမ်ခြံဝင်းအတွင်း၌ စုပုံထားသော တရားမဝင်ကျွန်းသစ်ခွဲသားဆိုက်စုံ ၂၁၂ တုံး(၃ ဒသမ ၀၂၆တန်)၊ အိမ်ရှင်ဦးနော်ရန် နေအိမ်ခြံဝင်းအတွင်း၌ စုပုံထားသော တရားမဝင်ကျွန်းသစ်ခွဲသားဆိုက်စုံ ၄၉၂တုံး(၇ ဒသမ ၁၆၆ တန်) စုစုပေါင်း ကျွန်းခွဲသားဆိုက်စုံ အချောင်း ၁၀၇၀ (၁၅ ဒသမ ၈၃၉ တန်) ဒေသပေါက် ဈေးနှုန်း ငွေကျပ် ၉၅၀၃၄၀၀ တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသစ်များကို ဩဂုတ် ၂၈ ရက် ညနေ ၇ နာရီ ၄၅ မိနစ်က မန်စီမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကျော်ထိုက်ဝင်းထံသို့ လွှဲပြောင်းဆောင်ရွက်ခဲ့ပြီး ဥပဒေအရ အရေးယူပေးရန် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစိုးမြင့်သန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် မန်စီမြို့မရဲစခန်းက ဦးဖိုးဆော့ (၅၇နှစ်)၊ ဦးဝါကျယ်တူး (၅၃ နှစ်)နှင့် ဦးနော်ရန် (၆၆ နှစ်)တို့ကို ဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**


Forever Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်။
အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်။
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
5% to 25% off
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်
4-9-2015 မှ 4-10-2015 နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
6-9-2015 : နံနက် (၉ : ၃၀) အစမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဖွေးဖွေး၊ ဝိုင်းစုခိုင်သိန်း၊ ယွန်းယွန်း
6-9-2015 & 7-9-2015 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
*Rဇာနည်၊ ဘန်နီဖြိုး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း *
(G-05A) မြေညီထပ်၊ Myanmar Plaza(HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။


Latest Designs For Special Grand Opening Sales

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**မိုးကုတ်ရတနာနယ်မြေ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုး**
**လျှောက်လွှာများ တင်သွင်းရန်**
**ကြေညာချက်(၉/၂၀၁၅)**
**၁၃၇၇ ခုနှစ် ဒုတိယဝါဆိုပြည့်ကျော် ၆ ရက်**
**(၂၀၁၅ ခုနှစ် ဩဂုတ်လ ၆ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ကြေညာချက်(၆/၂၀၁၁)ဖြင့် ကြေညာခေါ်ယူပြီး လုပ်ကိုင်ခွင့်ချထားပေးခဲ့ပါသည်။

၂။ လုပ်ကိုင်ခွင့်ချထားပေးခဲ့သော တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များအနက်မှ ၂၀၁၅ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ၊ ဧပြီလများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်လုပ်ကွက်များအတွက် သက်တမ်းတိုးလျှောက်ထားခြင်းနှင့်မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၅)နှင့်အညီ ခွင့်ပြုမိန့်ကတ်ပြန်လည်ထုတ်ပေးခြင်းတို့ကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၅ခုနှစ် စက်တင်ဘာ၊အောက်တိုဘာလနှင့် ၂၀၁၆ခုနှစ် ဇန်နဝါရီ၊ဧပြီလများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များကို သက်တမ်းတိုးလျှောက်ထားနိုင်ရန်အတွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်းနှင့်လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်း။**
ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်မှစ၍ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်) တွင်ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးလျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများတင်သွင်းခြင်း။**
သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသူများသည်ဖော်ထုတ်လုပ်ကွက် လျှောက်လွှာပုံစံ (မကလ-၅)တွင် ဖြည့်စွက်ရမည့်အချက်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ရက်မှ စက်တင်ဘာလ ၃၀ရက်အထိ ရုံးဖွင့်ရက်များတွင် ၈း၀၀နာရီမှ၁၇း၀၀နာရီအထိ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် တင်သွင်းရန်ဖြစ်ပါသည်။

၄။ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များ သက်တမ်းတိုးရန်အတွက် ကြေညာခေါ်ယူမည့် လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ မန္တလေးမြို့၊ မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့်ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် နယ်အသင်းခွဲများတွင်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ website ဖြစ်သည့် www.mining.gov.mm တွင်လည်းကောင်း ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## အကြောင်းကြားပေးပါရန်

ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးအောင်သန်း၏သား ဦးတင်ရွှေ PKU-၀၆၃၇၈၁၏ ဒုတိယတန်းရေယာဉ်အုပ်လက်မှတ် ဆဒ-၁၅၄/၀၇နှင့် လုပ်သက်မှတ်တမ်း မန်း၂၀၁၂/၆၂၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးတင်ရွှေ**
**ဖုန်း-၀၉-၃၃၁၄၈၀၃၇**

---

**ဦးခင်မောင်အေး**
**ရွှေတောင်နဂါးကုမ္ပဏီလီမိတက်၊ (ကျောက်ပန်းတောင်းမြို့နယ်)နှင့်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် (၂၄/၂၆)တွင် တည်ရှိသော MHTT Co., Ltd. မှ ဦးခင်မောင်အေးထံသို့ ယုံကြည်မှုဖြင့် SG/9017 Brand New Howo Dump Truck (1-Unit) အမျိုးအစား မြေသယ်ယာဉ်အား စရန်ငွေ တစ်ပြားတစ်ချပ်မှ ရယူခြင်းမရှိဘဲ ယုံကြည်စွာ ရောင်းချပေးအပ်ခဲ့သည့်အပြင် MHTT ကုမ္ပဏီပိုင် CHANGLIN Brand 25 Ton Excavator C-117 စက်ယန္တရားအား ငှားရမ်းခစရန်ငွေတစ်ပြားတစ်ချပ်မှ ရယူထားခြင်းမရှိဘဲ ယုံကြည်မှုဖြင့်ငှားရမ်းပေးခဲ့ခြင်းအပေါ် ဦးခင်မောင်အေးမှ စုစုပေါင်း ငွေကျပ် ၁၃၁၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင့်သုံးရာတစ်ဆယ်တိတိ)အား MHTT ကုမ္ပဏီသို့ပေးအပ်ရှင်းလင်းရန်ရှိနေခြင်းကို ယနေ့တိုင်တစ်ပြား တစ်ချပ်မှ လာရောက်ရှင်းလင်းခြင်းမရှိဘဲ ယုံကြည်မှုအပေါ် အလွဲသုံးစားပြုလုပ်ရှောင်လွဲနေပါသည်။

ထို့ကြောင့် ဦးခင်မောင်အေးအပေါ် ယုံကြည်မှုဖြင့်ငှားရမ်းပေးခဲ့သည့် စက်ယန္တရားငှားရမ်းခငွေများနှင့် ရောင်းချပေးအပ်ခဲ့သည့် စက်ယန္တရားတန်ဖိုးအပါအဝင် စုစုပေါင်းငွေကျပ်သိန်း(၁၃၁၀)တိတိအား ယနေ့မှ စ၍ MHTT Co., Ltd. သို့ လူကိုယ်တိုင် လာရောက်ပေးအပ်ရှင်းလင်းပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သရဖီဝင်း(MD)** | **ဒေါ်ခင်မာလွင် (LL.B, D.B.L)** |
| **၁၂/တမန(နိုင်)၀၀၁၆၂၇** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)** |
| **MHTT Co., Ltd** | **ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၈၅၁၈၉၆၈၉** |

---

## နေ့စားလပေး(မူလတန်းပြ)ဆရာ/ဆရာမခန့်ထားရေး

၁။ ၁၉-၈-၂၀၁၅ရက်နှင့် ၂၀-၈-၂၀၁၅ရက်တွင် မြန်မာ့အလင်းသတင်းစာမှ နေ့စားလပေး (မူလတန်းပြ)ဆရာ/ဆရာမများ ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီး ဖြစ်ပါသည်။
၂။ Ph.D, M.Res, M.Sc, M.A ဘွဲ့ရရှိသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရန် မလိုကြောင်းနှင့် ၃-၁၀-၂၀၁၅ရက်တွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၌ လူတွေ့နှုတ်ဖြေစစ်ဆေးသွားမည်ဖြစ်ပါသည်။
၃။ ၂၈-၉-၂၀၁၅ ရက်တွင် စာဖြေသူများ၏ ခုံအမှတ်စာရင်းအား သက်ဆိုင်ရာမြို့နယ်များတွင် ထုတ်ပြန်ထားမည်ဖြစ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၅၀၃၅ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုရတီလင်း ၁၃/တတန(နိုင်)၂၇၅၂၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၃၆**

ဦးနေမျိုးထိုက် **နှင့်** ဦးဝင်းမော်
**တရားလို** **တရားပြိုင်**

ဦးဝင်းမော် ၉/ခမစ(နိုင်)၁၂၅၃၂၅ (ဘ) ဦးစိုးမြင့် သမ္မတောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနေမျိုးထိုက်က “မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့အား လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု (သို့မဟုတ်)မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့အား လက်ရောက်လွှဲပြောင်းမပေးအပ်နိုင်ပါက ကတိပဋိညာဉ်အတိုင်း ရောင်းကြေးစရန်ငွေ၏ နှစ်ဆဖြစ်သည့် ငွေကျပ် ၁၁၆ သိန်းနှင့် နစ်နာကြေးငွေကျပ် ၁၀သိန်းအပါအဝင် စုစုပေါင်းငွေကျပ် (၁၂၆)သိန်းတို့အား ရလိုကြောင်း” လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားသူကြီး**

---

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၆၉**

ဦးအောင်ကိုကို **နှင့်** ဒေါ်ညွန့်ကြည်(ခ)ဒေါ်ညွန့်ညွန့်ရည်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ညွန့်ကြည်(ခ) ဒေါ်ညွန့်ညွန့်ရည် မြို့မပန်းချီရပ်၊ အိုးတော်ရပ်ကွက်၊ (ဦးချစ်ဟန်-ဒေါ်ညွန့်ညွန့်ရည်)ချည်နှင့် ဆိုးဆေးရောင်းဝယ်ရေး၊ မင်္ဂလာလမ်း၊ မင်္ဂလာတိုက်အရှေ့ဘက်၊ အမရပူရမြို့ ယခင်နေရပ်လိပ်စာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၀၅တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ကိုကိုက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ရက် (၁၃၇၇ ခုနှစ် ဝါခေါင်ပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ချိုချို)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရွှေဘိုခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

အမှတ် ၇၂၇၊ ထောက်ပံ့နှင့် **နှင့်** ဦးသောင်းဟန်
ပို့ဆောင်ရေးတပ်ရင်း
(၎င်းကိုယ်စား တပ်ရင်းမှူး
ဒုတိယဗိုလ်မှူးကြီးမျိုးအောင်)
**တရားလို** **တရားပြိုင်**

ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်နေ ဦးသောင်းဟန်(ဘ)ဦးမောင်ကို၊ သိဒ္ဓိရှင်ဆန်စက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁-၁-၂၀၁၅ ရက်စွဲပါ ကတိစာချုပ်များအရ ပေးသွင်းရန် ကျန်ရှိနေသော စပါးများ၊ သို့မဟုတ် ၎င်းတို့၏ တန်ဖိုးဖြစ်သော ငွေကျပ် ၂၈၁၇၀၀၀၀၀ နှင့် နစ်နာကြေးကျပ်သိန်း ၁၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၁ ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်လင်းလင်း)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အမရပူရမြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဦးဌေးမြင့် **နှင့်** ဦးညီညီဝင်း ပါ(၃)
**တရားလို** **တရားပြိုင်များ**

အမှတ်(၃) တရားပြိုင် ဦးဇော်ရှင်း၊ ဒေါနခြံရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဒိုင်နာကားတန်ဖိုးငွေ(၅၁၀၀၀၀၀/-)ကျပ်နှင့် နစ်နာကြေးငွေ(၂၀၂၅၀၀၀/-)ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်လွင်)**
**မြို့နယ်တရားသူကြီး**
**အမရပူရမြို့နယ်တရားရုံး**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြင်ဦးလွင်ခရိုင်၊ အောင်ချမ်းသာရွာတောင်၊ ကွင်းအမှတ် ၆၅၄-က၊ တောင်ဇလပ်ခြံအတွင်းရှိ ဦးပိုင်(၄/၁) ထိပ်အကွက်(၃)၊ ဧရိယာအလျားပေ၁၀၀၊ အနံပေ၅၀ အကျယ်ရှိသော မြေကွက်သည် ဒေါ်တင်တင်နု(ခ) ဒေါ်တဲလ်နွမ်းကိမ် အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်စောယုမေ ၁၂/မရက(နိုင်)၀၃၂၄၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ပြောဆိုလိုသူရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၀ ရက်အတွင်း အထောက်အထား၊ စာရွက်စာတမ်း၊ စာချုပ်တို့နှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်ခင်မေကျော်**
**အထက်တန်းရှေ့နေ(စဉ်-၃၇၀၀၂)**
**ဖုန်း-၀၉-၄၀၁၆၀၀၂၃၆၊ ၀၉-၂၀၂၅၃၁၉**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မအေးအေးဆင့်၊ မအေးအေးမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဆွေ ၅/တဆန(နိုင်)၁၁၉၆၃၁ ဖြစ်ကြောင်း။

**ဦးမင်းဆွေ**

## အမည်ပြောင်း

ဦးငွေမျိုးထွန်း ၅/စကန(နိုင်)၂၀၄၁၀၁ ၏သမီး စစ်ကိုင်းမြို့၊ အလက(ခွဲ)ရွာထောင် စတုတ္ထတန်းမှ မပပဝင်းအား မမေမွန်ကျော် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မမေမွန်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၅၇၇၂ Honda C 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၅/မရန(နိုင်)၀၅၆၉၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**


## မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(ရန်ကုန် – ဂယာ – ရန်ကုန် တိုက်ရိုက်ခရီးစဉ်)

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉) သိန်း

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း

**အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင် နဲ့သွားကြစို့**

သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ ခရီးစဉ် တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါးနှင့် Tour Leader တစ်ဦးအမြဲပါရှိပါမည်။ (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အထူးပင်အာမခံပါသည်။ ဟိုတယ် (၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ mgytravel@gmail.com

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့





## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ပဲခူးမြို့နယ်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၁၆**

| | | |
|---|---|---|
| ပဲခူးဘဏ် | **နှင့်** | ၁။ ဦးမိုးနိုင် |
| | | ၂။ ဦးသန်းမြင့်(အစ်ကို) |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

အမှတ် ၃၈၃၊ နွယ်သာကီလမ်း၊ (၇/၃)ရပ်ကွက်၊ ဥသာမြို့သစ်၊ ပဲခူးမြို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင်ပဲခူးဘဏ်က ဤရုံးသို့ သင်တို့၏ ဘဏ်အပေါင်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေးကျပ်သိန်း ၃၀၀ သတ်မှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်တို့က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## အမျိုးသိစေရန်ကြေညာခြင်း

ကျွန်ုပ်ဦးအောင်ပန်း ၁၂/အစန(နိုင်)၀၂၄၂၁၂၊ အမှတ် ၃၇၁၊ ငဝန်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် နေထိုင်သူ၏ ကိုယ်စား ၆-၈-၂၀၁၅ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါ်ယဉ်ယဉ်မိုး ၁၂/ဥကမ(နိုင်)၁၃၇၇၁၃ မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၀၉၀၇ ဖြင့် မိမိတစ်ဦးတည်းမူပိုင် သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

MUDRA GROUP CO., LTD
Construction, Earth Work & Transporting Services

သို့ဖြစ်ပါ၍ ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါလုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိမည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုပြုလုပ်သွားမည့်အပြင် တုပပြုလုပ်ထားသည့်လုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အောင်ပန်း**
**Managing Director**
**MUDRA GROUP CO.,LTD**
**Construction, Earth Work & Transporting Services**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ပဲခူးမြို့နယ်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၄၂**

| | | |
|---|---|---|
| ပဲခူးဘဏ် | **နှင့်** | ၁။ ဦးဝင်းသိန်း |
| | | ၂။ ဒေါ်တင်ထွေး |
| **လျှောက်သူ** | | **လျှောက်ထားခံရသူများ** |

အမှတ် ၁၇၄၃၊ မဟာစေတီ(၁)လမ်း၊ မဇင်းရပ်ကွက် ပဲခူးမြို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင်ပဲခူးဘဏ်က ဤရုံးသို့ သင်တို့၏ ဘဏ်အပေါင်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေးကျပ်သိန်း(၂၅၀) သတ်မှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ်ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ပဲခူးမြို့နယ်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၄၄**

| | | |
|---|---|---|
| ပဲခူးဘဏ် | **နှင့်** | ၁။ ဒေါ်သောင်းရီ |
| | | ၂။ ဦးအေးသိန်း |
| **လျှောက်သူ** | | **လျှောက်ထားခံရသူများ** |

အမှတ် (၁၆၇၂)၊ မာဃလမ်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင် ပဲခူးဘဏ်က ဤရုံးသို့ သင်တို့၏ဘဏ်အပေါင်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀ သတ်မှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ လှိုင်နယ်မြေ၊ အေးသာယာရပ်၊ အမှတ် ၁၃၁ နေ ဖခင်ဦးဝင်းနိုင်ဦး ၁၀/ပမန(နိုင်)၀၆၂၅၂၇၊ မိခင်ဒေါ်ကြည်ကြည်နိုင် ၁၀/ပမန(နိုင်)၀၆၂၅၂၆ တို့၏သား မောင်ထွန်းမြင့်အောင် ၁၀/မလမ(နိုင်)၂၃၀၉၆၆ သည် မိဘများဆိုဆုံးမစကားနားမထောင်ခြင်း၊ အကြိမ်ကြိမ် မိဘစိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း။

**(ဖခင်) ဦးဝင်းနိုင်ဦး - (မိခင်) ဒေါ်ကြည်ကြည်နိုင်**

## မဖြစ်နိုင်သောဈေးဖြင့် မြေရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ အောင်ဇေယျာလမ်း။ ၄၀ ပေ × ၆၀ ပေ၊ ဈေးနှုန်း-(၁၉၅၀)သိန်း၊ ပွဲစားမလို။

**ဖုန်း-၀၉-၉၇၁၆၃၁၆၀၆**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ပဲခူးမြို့နယ်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် -၆၀**

| | | |
|---|---|---|
| ပဲခူးဘဏ် | **နှင့်** | ၁။ ဦးရာကွတ် |
| | | ၂။ ဒေါ်မြင့်မြင့်လှ |
| **လျှောက်သူ** | | **လျှောက်ထားခံရသူများ** |

အမှတ် (၄၅၇)၊ ဒိုဘီဖြတ်လမ်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင် ပဲခူးဘဏ်က ဤရုံးသို့ သင်တို့၏ ဘဏ်အပေါင်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေးကျပ်သိန်း (၈၅၀) သတ်မှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ပဲခူးမြို့နယ်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၇၆**

| | | |
|---|---|---|
| ပဲခူးဘဏ် | **နှင့်** | ၁။ ဦးမြင့်ဦး |
| | | ၂။ ဒေါ်တင်တင်နွဲ့ (ခ) ဒေါ်တင်နွဲ့ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

အမှတ် ၇၉၊ (၁/၆)ရပ်၊ ဥသာမြို့သစ်၊ ပဲခူးမြို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင် ပဲခူးဘဏ်က ဤရုံးသို့ သင်တို့၏ ဘဏ်အပေါင်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေးကျပ်သိန်း(၂၄၀) သတ်မှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၄ ရက်) တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ်ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၅၃၇၈ MAM Wagon Mark II, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှောက်ရွှေ ၉/မရမ(နိုင်)၀၇၈၇၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အရှေ့သာစည်ရပ်၊ မြေကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ်(၃၃၂)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ ဦးအာယုဂရန်အမည်ပေါက်မြေကွက်နှင့် အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ်(၃၃၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ ဗိုလ်မှူးသာထွန်းဇံ ဂရန်အမည်ပေါက် မြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မရွှေစင်အောင်နှင့် ကိုကျော်ဇေအောင်တို့က အဆင့်ဆင့်လွှဲပြောင်းခြင်းဖြင့်လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ မရွှေစင်အောင်နှင့် ကိုကျော်ဇေအောင်အမည်သို့ ဗန်းမော်မြို့ စာချုပ်စာတမ်းရုံး၌ အမည်ပြောင်း လျှောက်ထားမည် ဖြစ်၍ ကန့်ကွက်လိုသူများသည် အထောက်အထားအပြည့်အစုံနှင့်တကွ ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ ကျော်လွန်ပါက အမည်ပြောင်း လျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးသိန်းလွင်** B.A (Law), LL.B
**တရားလွှတ်တော်ရှေ့နေ(စဥ်-၂၃၀၇/၈၂)**
**ညပ(၂၀၅)၊ ညောင်ပင်ရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၃၁၂၅၅၀၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အမှတ် ၉၊ ရှုခင်းသာလမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၉၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ နှစ် ၆၀ ဂရန်မြေသည် ဦးဗညားသိမ်း(ခ)မင်းဗညားကျော် ၁၂/တမန(နိုင်)၀၁၆၇၀၆ +၁ အမည်ပေါက်ဖြစ်ပါသည်။ မြေအမည်ပေါက်များထံမှ ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအရပ်ရပ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှဝေ(စဥ်-၇၁၂၄)** | **ဒေါ်ဖြိုးဖြိုးမြင့် (စဥ်-၂၉၈၁၂)** |
| **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဥ်-၈၇၉၁)** | **ဒေါ်ဝေဖြိုးအောင်(စဥ်-၄၄၀၀၃)** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |

**အမှတ် ၅၇၊ ဒုတိယထပ်၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊တိုက်အမှတ်(၈၀၅)၊ အကျယ်အဝန်း (၁၅ ပေ× ပေ ၅၀)ခန့်ရှိ မြေညီထပ်တိုက်ခန်း (တိုက်၏ မျက်နှာချင်းဆိုင်မှကြည့်လျှင် ဘယ်ဘက်ခြမ်း) ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်နိုင်နိုင်အေး ၁၂/ဗဟန(နိုင်) ၀၄၃၃၀၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်အေးမြင့် (စဥ်-၇၁၅၈)**
**LL.B, LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

## ဗိုလ်မှူးကြီးသောင်းဒန်(ငြိမ်း) အသက်(၉၀)

### ကြည်း/၆၀၈၄ ဗိုလ်သင်တန်း အပတ်စဉ်(၅)

### စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူး(ငြိမ်း)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၁၀)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၁နေ (ဦးသိန်းဖေ-ဒေါ်ထားရင်)တို့၏သား၊ ဒေါ်ငွေးရီ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးရဲမင်းဦး(ငြိမ်း)၊ ဦးကျော်လင်းထူး၊ ဦးအောင်မင်း-ဒေါ်သိမ့်သီရိ၊ ဦးကျော်သက်ဦး(ရွှေသံလွင်ကုမ္ပဏီ)-ဒေါ်သီတာအောင်၊ ဒေါ်အိအိခင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းခန့်ဘုန်း၊ မဆုပြည့်ရတနာတို့၏အဘိုးသည် ၃၁-၈-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၆-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကြီးမြင့် (မြိတ်)

### ဒု-ဌာနမှူး (ငြိမ်း)၊ လမ်းတံတားအင်ဂျင်နီယာဌာန

### ရန်ကုန်မြို့တော်စည်ပင်

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း၊ အမှတ် ၂၄(ပ)ထပ်နေ (ဦးပေါ်ထင်-ဒေါ်ရှန်ကြည်)တို့၏ သား၊ (ဦးဘိုးဝင်း-ဒေါ်အေးတင်)တို့၏ သားသမက်၊ မြိတ်မြို့နေ (ဦးဘင်ချွမ်)-ဒေါ်ကင်ရီတို့၏ မောင်၊ (ဦးခင်အောင်)-ဒေါ်မြကြည်၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးငွေအောင်၊ ငြိမ်း)-ဒေါ်အင်ကြူ၊ ဦးမြင့်နိုင်-(ဒေါ်မြင့်ကြူ)တို့၏အစ်ကို၊ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဗိုလ်မှူးကြီးမြတ်ခိုင်(တပ်မတော်ဆေးသုတေသနတပ်)-ဒေါက်တာ စန်းစန်းအေး၊ (မောင်တင်ခိုင်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မသင်းစုစုစံ (Grade-VI-A, TTC)၏ အဘိုးသည် ၃၁-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၆-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်လွှာ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

### နိုင်သိန်းဆွေ(ခ)ဦးစံသိန်း(မော်လမြိုင်)

### (မင်းသိန်းဆွေ-ဆန်စက်နှင့်သစ်စက်အပိုပစ္စည်းရောင်းဝယ်ရေး)

### အသက်(၇၀)

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အမှတ် ၆/၄၅နေ (ဦးကွန်ဒွေ-ဒေါ်သန်းမေ)တို့၏သား၊ (ဦးဘသန်း-ဒေါ်လုံးခင်)တို့၏သားသမက်၊ မိညွှန့်ညွှန့်သိန်း၏ခင်ပွန်း၊ နိုင်ပန်းငွေ(ခ)ဦးမင်းလွင်-မိအေးရင်၊ နိုင်ကွန်ဘ-မိအေးမြင့်တို့၏ညီ/မောင်၊ နိုင်ချစ်သိန်း-မိလှမြင့်၊ နိုင်အောင်ဝင်း၊ မိအေးငြိမ်းတို့၏အစ်ကို၊ ဦးချစ်မြ-ဒေါ်တင်တင်မြင့်၊ ဦးမင်းသန်းထိုက်-ဒေါ်အေးအေးမြင့်တို့၏ညီ/မောင်၊ ဒေါက်တာဦးခင်ကျော်-ဒေါ်အေးအေးသန်း၊ ဦးတင်ဝေ-ဒေါ်ကေသီပန်တို့၏အစ်ကို၊ (မိကွန်းနန်းစံ)၊ မိကွန်းမင်းစံ၊ ကိုညဏ်ငွေးလင်း၊ မိကွန်းအိစံ၊ ဒေါက်တာနိုင်လင်းအောင်-ဒေါက်တာကွန်းကောစံ၊ မင်းဗညားအောင်စံတို့၏ဖခင်၊ မမျိုးမြတ်ဦး၊ မောင်မင်းသု၊ မောင်ဖြိုးမောက်တို့၏ အဘိုးသည် ၂၉-၈-၂၀၁၅ရက်(စနေနေ့)နံနက်၄း၀၂နာရီတွင် ခုတင်၅၀၀ဆံ့ အထူးကုဆေးရုံကြီးရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၉၆၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးဝေ ၅/ဒပယ(နိုင်)၀၂၄၄၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ရွှေဘိုမြို့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တပုညမထေရ်

### သက်တော်(၅၃)နှစ် သိက္ခာတော်(၃၄)ဝါ

ဖျာပုံမြို့နယ်၊ သမိန်ထောကုန်းတန်းကျေးရွာ၊ ကုန်းတန်းတိုက်ကျောင်းကြီး၏ ဆဋ္ဌမမြောက် ဦးစီးပဓာန နာယကဆရာတော်သည် ၁၃၇၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ရက် (၁၄-၈-၂၀၁၅)ရက် (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်အား (၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁-၁၂-၂၀၁၃ ရက် ၁၀၊ ၁၁၊ ၁၂/၉-၂၀၁၅) အန္တိမအဂ္ဂိစျာပနသာခုကိစ္စ ကျင်းပပြီး ၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက် (စနေနေ့)တွင် အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေး တပည့် ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ကုန်းတန်းတိုက်ကျောင်းကြီး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတိတ်ဆူး (ဘိုကလေး)

### အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃) ရပ်ကွက်၊ အမှတ် ၄၉၊ လေးလွှာ(ဝဲ)၊ (၇)လမ်းနှင့် ဘိုကလေးမြို့၊ (၅)ရပ်ကွက်၊ ဧရာမင်းလမ်း၊ အမှတ် ၁၁နေ ဦးရဲမြင့်-ဒေါ်ကောက်ပို့၊ ဦးလှကြည်၊ ဒေါ်ခင်အုန်းကြည်၊ ဦးလှမြိုင်-ဒေါ်သင်းသင်းဝင်း၊ ဦးလှဝင်း-ဒေါ်သန်းသန်းအိ၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ခင်လှမြင့်၊ ဦးရဲအောင်-ဒေါ်နန်းတင်တင်လေးတို့၏ဖခင်၊ မောင်ရဲနောင်၊ မပွင့်ဖြူဖြူသင်း၊ မမဒ္ဒီဝင်းအိအိငြိမ်း၊ မခင်နန္ဒာအောင်၊ မောင်မြတ်မင်းမောင်တို့၏ဘိုးဘိုးသည် ၃၁-၈-၂၀၁၅ ရက်(တနင်္လာနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်အေးမြင့် (သဲကုန်း)

### အသက် (၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နေ (ဦးလှိုင်-ဒေါ်သန်းရွှေ)တို့၏ သမီး၊ (ဦးခိုင်-ဒေါ်သန်းမေ)တို့၏ တူမ၊ ထုံးဘိုမြို့နေ (ဦးအေးမောင်-ဒေါ်ခင်ငြိမ်း)တို့၏ ချွေးမ၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ စေတနာမွန်လမ်း၊ အမှတ် ၁၂နေ (ဦးမောင်မောင်၊ ပြည်နယ်ဆိပ်ကမ်းအရာရှိ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဘုန်းမြင့်-ဒေါက်တာ ခင်နွယ်မြင့်၊ ဦးတင်မောင်လတ် (ဒါရိုက်တာ၊ နဝရတ်ချမ်းသာ ကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမြိုင် (ဒု-ညွှန်ချုပ်၊ ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)၊ ဦးသန်းစိုး(E/O St JOHN Co.,Ltd)-ဒေါ်ရီရီမြင့်၊ ဒေါက်တာ ငွေးလွင် (လ/ထပါမောက္ခ Melaka Manipal Medical College၊ မလေးရှား)-ဒေါ်မြင့်မြင့်စီ၊ ဦးသော်ဇင်နွယ်-ဒေါ်ခင်ချိုမြင့်၊ ဦးကိုကိုမောင် (E/O BELLSHIP Co.,Ltd)-ဒေါ်စပယ်ကြိုင်၊ ကပ္ပတိန်ညီညီမောင် (M.V ကျိုင်းတုံ-မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်မို့မို့ကြည်တို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၈-၂၀၁၅ရက် နံနက် ၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## (၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

### ကိုမိုးကျော်မောင် (ရန်ကင်း)

### (၂-၉-၂၀၀၅)မှ (၂-၉-၂၀၁၅)

**သားရေ-**

ရက်လကြာညောင်း နှစ်တွေပြောင်းလည်း သား၏ရုပ်သွင်ကြေးမုံပြင်လို ထင်တရေးရေး မြင်ယောင်သေးတယ်··· မနေ့ကပမာ ရင်ဝယ်ခံစားမေတ္တာများဖြင့် မိဘနှစ်ဖြာမွေးမာတာမှာ မမြဲသောအသိ ရင်ထဲရှိလည်းမချိ နှလုံးကြိမ်မီးအုံးသို့ ယူကျုံးမရလွမ်းသသနှင့် တမ်းတနေရဆဲပါ သားရယ်။

သားအတွက် ရည်စူးလှူပြီး လှူဆဲ လှူနေသမျှ··· အမျှ အမျှ အမျှ သာဓုခေါ်ပါသားရယ်။

| | |
|---|---|
| **ဖေဖေ** | **- ဦးလေးမောင်** |
| **မေမေ** | **- ဒေါ်စောသွင်** |
| **မမ** | **- ချိုလေးသွင်** |
| **ညီမလေး** | **- အေးသန္တာမောင်** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6174 SKAT LF J304 8G/Dump Truck (4× 2) Lယာဉ်လက်ဝယ်ရှိသူ NAY JUNE ONE Star Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ မင်းကြီးညိုရပ်ကွက်ရှိ မြေတိုင်းအကွက်အမှတ် (၄-မင်းကြီးညိုမြောက်)အကွက်၊ ဦးပိုင်အမှတ် (ခ/၁၉၂)၊ ဧရိယာ၀ဒသမ ၁၁၀ ဧကရှိမြေအား လူနေဂရန် အသစ်ရရှိရန် ဒေါ်အေးအေးမော်က လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်မိတ္တူထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**သွေးသည် အသက်**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းလွင် (Sr,Executive Director အာရှတော်ဝင်ဆေးရုံ တိုးနယားပွဲရုံ ဘုရင့်နောင်)၏ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီ အသက် (၆၄)နှစ် ပုသိမ်မြို့သည် ၂၉-၈-၂၀၁၅ ရက် နံနက် ၈း၀၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အာရှတော်ဝင်ဆေးရုံ**
**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်**
**ဝန်ထမ်းမိသားစု**

**ဦးသိန်းဝင်း အသက်(၆၆)နှစ်**
**အထက(၃)တာမွေ**
**ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် ၉၄၊ မြေညီ/ခေါင်းရင်းနေ (ဦးမြမောင်-ဒေါ်ကြူကြူ)တို့၏သား၊ (ဦးစံ - ဒေါ်ကြင်အေး)တို့၏ သားသမက်၊ ဦးမင်း-ဒေါ်အိအိသဲ၊ ဦးဇော်ဇော်(မင်္ဂလာဈေး) - မမေအင်ကြင်းခိုင်၊ ကိုသီဟပြည့်စုံဝင်း(Z.T.P-Maritime Service Co., Ltd.)၊ မအိရွှေစင်ဝင်း (Grade-11, B အထက-၄၊တာမွေ)၊ ဦးအောင်ဇော်မိုး(Opration Manager of Z.T.P Maritime Service Co., Ltd)-မဝင်းမမစံ၊ ဦးကျော်စိုး(အကယ်ဒမီ ပိုစတာဖြန့်ချိရေး)-မသုသုစံတို့၏ ဦးလေး၊ (ဒေါ်မီမီခိုင်)၏ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁-၉-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**မရွှန်းလဲ့မှူးကျော်**
**G.IX-C အထက(၂)ဗဟန်း**
**အသက်(၁၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး ဂမုန်းပွင့်ကွန်ဒို (5.C) နေ ဒေါက်တာကျော်စိုးလင်း-(ဒေါက်တာခိုင်ကြွယ်စိုး)တို့၏သမီး၊ မချိုးဇေကရီကျော်၏ညီမသည် ၁-၉-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်၊ Sr.Executive Director အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီ(ပုသိမ်မြို့)သည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| ဆရာဦးကိုကိုလေး-ဒေါ်စန်းစန်းနီ | ဦးသန်းဆွေ |
| ဒေါက်တာခင်မောင်ဆွေ-ဒေါ်မြင့်မြင့်ခိုင် | ဦးစိန်မြင့် |
| ဦးတင့်ရှိန်-ဒေါ်သန်းလေးဝေ | ဦးသန်းလှိုင် |
| ဦးကျော်ဝင်းအောင် | ဦးစိုးစိုးဝင်း |
| ဦးကျော်မြင့် | ဒေါ်ခင်စန်းဝင်း |
| ဦးဝင်းမြင့် | ဒေါ်စန်းစန်းဝင်း |
| ဦးသန်းထွန်း | ဒေါ်စန်းစန်းဝေ |
| ဦးမြင့်ကြိုင် | ဒေါ်စန်းစန်းအေး |
| ဦးကံထွန်း | ဒေါ်မိမိခိုင် |
| ဦးကျားဖ | ဒေါ်ဥမ္မာဝေ |
| | ဒေါ်စန်းရီ |

၁၉၇၃-၁၉၇၇ ပုသိမ်ကောလိပ်(သချာၤ) ဆရာများနှင့် သူငယ်ချင်းများ

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မြင့်မြင့်ရီ (ပုသိမ်မြို့)**
**အသက်(၆၄)နှစ်**

ပုသိမ်မြို့နေ (ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏သမီး၊ အမှတ် ၄၀၊ ၄၀လမ်း၊ အလုံမြို့နယ် ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ ဦးမြင့်လွင်(တိုးနယားဆားစက်)၊ ဒေါ်ပေ့ပေ့(ဒါရိုက်တာ၊ အာရှတော်ဝင်ဆေးရုံ)၏အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာခိုင်ဆုမွန်(ခေတ္တ-UK)၊ မခိုင်ယုလွင်(ခေတ္တ-USA)တို့၏ ချစ်လှစွာသောမိခင်၊ တူမနှစ်ယောက်တို့၏ချစ်လှစွာသောအဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်) (Sr. Executive Director အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ရက် နံနက် ၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသိန်းဟန်-ဒေါက်တာသန်းသန်းနု
Royal Materials Co.,Ltd.

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်ရွှေ**
**အသက်(၈၂)နှစ်**

ဦးလှရွှေ၊ ဒေါ်ရီရီလွင်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်ရွှေသည် ၂၄-၈- ၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)မှ
သူငယ်ချင်းများနှင့်မိသားစုများ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မာမာညို B.Com (AA) C.P.A**
**စာရင်းစစ်မှူး(ငြိမ်း)**
**အသက်(၆၂)နှစ်**

ဗိုလ်ကြီးသန်းငွေး(ငြိမ်း) (စက်မှုဝန်ကြီးဌာန)၏ဇနီး ဒေါ်မာမာညိုသည် ၂၈-၈-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချစ်သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ။**

Eco.(71-75) ကျောင်းသူ/သားများ

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း) (ကြည်း-၂၂၃၃၃)**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၀)၊ စည်သူတပ်ခွဲ**
**အသက်(၅၄)နှစ်**

နေပြည်တော်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာနေ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း)သည် ၃၀-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၀)၊ စည်သူတပ်ခွဲ
ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ

# မြစ်ရေကြီးမှု သတိပေးချက်

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်၌ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

**ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးကြီးသောင်းဒန် (ငြိမ်း)**
**(ကြည်း-၆၀၈၄)**
**မော်လမြိုင်အသင်း(ရန်ကုန်)၊ နာယကကြီး**
**အသက်(၉၀)**

ဒေါ်ငွေးရီ မော်လမြိုင်အသင်း(ရန်ကုန်) ဒုဥက္ကဋ္ဌ၏ခင်ပွန်း ဗိုလ်မှူးကြီးသောင်းဒန်(ငြိမ်း)သည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့)တွင် သုဝဏ္ဏမြို့၊ (၃၀) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၁၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နာယကများ၊ အလုပ်အမှုဆောင်များ
အသင်းသား/သူများ
မော်လမြိုင်အသင်း(ရန်ကုန်)

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးခင်မောင်စန်း**
**အသက်(၆၇)နှစ်**

ကိုတင့်လွင်ဦး-မခိုင်ဝင့်မွန်တို့၏ကျေးဇူးရှင်ဖခင် ဦးခင်မောင်စန်း အသက်(၆၇)နှစ်သည် ၃၁-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာထွန်းမင်းလတ်၊ ဒေါက်တာဝင်းမင်းစိုး
နှင့်ဝန်ထမ်းများ၊
ကြယ်နီလာကုမ္ပဏီများအုပ်စု

**ဦးသိန်းစံ(ဟသ်ာတ) အသက်(၆၅)နှစ်**

(ဦးစံအေး-ဒေါ်အုန်းကြည်)တို့၏သား၊ ဦးအောင်ဝင်း-(ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ (ဦးတင်အုန်း)-ဒေါ်ကြည်ကြည်စံတို့၏မောင်၊ [ဦးငွေစံ(အကျဉ်းဦးစီး၊ ညွန်မှူး)]-ဒေါ်သန်းသန်းဆွေတို့၏ညီ၊ [ဦးလှိုင်ဝင်း(ဒင်္ဂါးဆေးဆိုင်)]၊ ဒေါ်ရီရီစံ၊ (ဦးတင်ဦး)-ဒေါ်ဘေဘီစံတို့၏မောင်၊ ဦးသောင်းစံ(အင်္ဂလန်-ခေတ္တ)-ဒေါ်မိမိတို့၏အစ်ကို၊ ဦးဝင်းဇော်(စသုံးလုံး၊ အငြိမ်းစား)-[ဒေါ်သင်းသင်းစံ(အငြိမ်းစားဆရာမ)]၊ ဦးညိမ်းစံ-ဒေါ်မြင့်မြင့်စန်းတို့၏အစ်ကို၊ ဦးသန်းထွဋ်ဦး-ဒေါ်သဥ္ဇာသိန်းစံ၊ ဦးဇာနည်သိန်းစံ၊ ဒေါ်မာလာဦး၏ဖခင်၊ မစန္ဒာသန်းထွဋ်၊ မထက်သဥ္ဇာထွဋ်၊မောင်ပြည့်စုံဖြိုးတို့၏အဘိုးသည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့) ည ၇း၅၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဒဂုံမြို့နယ်၊ တော်ဝင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ တိုက် ၅၊ အခန်း ၃၂နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**မရွှန်းလဲ့မှူးကျော်**
**G.IX-C၊ အထက(၂)ဗဟန်း**
**အသက်(၁၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး ဂမုန်းပွင့်ကွန်ဒိုနေ ဒေါက်တာကျော်စိုးလင်း(အတွင်းရေးမှူး၊ ကြံခင်းမြို့နယ်အသင်း၊ ရန်ကုန်)-(ဒေါက်တာခိုင်ကြွယ်စိုး)တို့၏သမီး၊ မချိုးဇေကရီကျော်၏ညီမ မရွှန်းလဲ့မှူးကျော်သည် ၁-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးအောင်ကိုး (ရွှေကျင်မြို့)**
**ဆည်မြောင်းဦးစီးမှူး(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရွှေကျင်မြို့၊ ရှမ်းကုန်းရပ်နေ(ဦးသိန်းမောင်-ဒေါ်မြခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ နတ်မောက် ၂လမ်း၊ အမှတ် ၁၅၄၇/ကနေ ဒေါ်သောင်းခင်၏ချစ်လှစွာသောခင်ပွန်း၊ ဒုရဲအုပ်ဝင်းကို(အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်မာလာထွန်း၊ ဦးကျော်မင်းစိန်၊ ဦးသန်းထွန်းနိုင် - ဒေါ်ဥမ္မာအောင်၊ ဦးညီညီလတ် - ဒေါ်မေသန္တာအောင်၊ ကိုချစ်ကိုကို - မမေသစ္စာတို့၏ ဖခင်၊ ဒေါ်ညွှန့်ညွှန့်စိန်၊ ဦးတင်ငွေး၊ ဒေါ်သိန်းသောင်း၊ ဒေါ်ငွေးကြည်၊ ဒေါ်ခင်ထွေးတို့၏အစ်ကို၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁-၉-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၈း၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၅ရက်(တနင်္လာနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်ရီ (သုံးဆယ်)**
**အသက်(၇၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ပန်းဆွဲလမ်းနေ (ဦးမြမောင် - ဒေါ်သန်း)တို့၏ သမီး၊ (ဦးစော-ဒေါ်ငွေယုံ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း ၃လမ်း၊ အမှတ် ၄၃နေ (ဦးမြင့်ထွေး)၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်ကေသီ၊ ဦးလှဟန်၊ ဦးထွန်းမြတ်ဦး-ဒေါ်မြကျင်၊ ဦးစိန်လှအောင်-ဒေါ်အေးအေးမော်၊ (ဒုရဲအုပ်သန်းဆွေ)-ဒေါ်ယဉ်ယဉ်ထွေး (မစဘ၊ အင်းစိန်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဒေါ်ရီ (သုံးဆယ်)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြို့မရပ်ကွက်၊ ဗဟန်း ၃လမ်း၊ အမှတ် ၄၃နေ (ဦးမြင့်ထွေး)၏ဇနီး၊ (ဦးအောင်ခင်)-ဒေါ်သိန်းနွဲ့တို့၏ ညီမ၊ (ဦးသောင်းထွန်း-ဒေါ်လှတင်)၊ (ဦးထွန်းစိန်) - ဒေါ်ငွေးကြည်တို့၏ အစ်မ၊ မအေးသီတာ၊ မခင်သီတာ၊ မောင်အောင်မြတ်ငြိမ်း-မသော်တာစန်း၊ မစုမြတ်မြတ်အောင်၊ မအေးသန္တာဟန်၊ မစိုးစန္ဒာမြင့်(မစဘ၊တိုင်းရုံး)၊ မခွာညိုသွယ်၊ မောင်အောင်မင်းသူ၊ မောင်အောင်ကျော်စွာ၊ မောင်လှမော်တို့၏ အဘွား၊ မယွန်းမြတ်မြတ်သော်၏ ဘွားဘွားကြီးသည် ၃၁-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**မခိုင်ပွင့်ဖြူ(ခ)မခိုင်**
**အသက်(၂၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ် ၆၃နေ (ဦးဖိုးချစ်-ဒေါ်ကြည်)၊ ဦးအုန်းငွေ-ဒေါ်ကျင်ရှိန်တို့၏မြေး၊ ဦးကျော်ရွှေ-ဒေါ်လှလှမြင့် (အလင်းသစ် အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)တို့၏သမီး၊ မမိုးပွင့်ဖြူ၏ညီမ၊ဗိုလ်ကြီးထက်ကို-မအေးပွင့်ဖြူတို့၏အစ်မသည် ၃၁-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၉- ၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးထွန်းရီ(ခ)ဦးသာခွေး (ပုသိမ်)**
**အသက်(၉၁)နှစ်**

ပုသိမ်မြို့၊ ရကအ(၄)နယ်မြေ၊ ဥမ္မာဒန္တီလမ်း၊ အမှတ် ၈၅နေ (ဦးဖိုးယုံ-ဒေါ်စောသာ)တို့၏သား၊ ဒေါ်ရီ၏ခင်ပွန်း၊ ဦးထွန်းထွန်း(MD. ROYALAYAR Co., Ltd.) - ဒေါ်အေးအေးသိန်း(အမက-၂၆၊ ပုသိမ်)တို့၏ဖခင်၊ ဗိုလ်ကြီးကောင်းဆက်သာ-မသက်မှူးအိမ်၊ မောင်ကောင်းဆက်သော်၊ မဆုရွှေရည်လင်းတို့၏အဘိုးသည် ၁-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးဆွေဝင်း**
**ဒုတိယခရိုင်တရားသူကြီး(ငြိမ်း)(အောင်ဆန်း-၇)**
**အသက်(၇၄)နှစ်**

အောင်ဆန်း(၇)၊ တရားရေးအရာရှိသင်တန်းဆင်း၊ သူငယ်ချင်း ဦးဆွေဝင်းသည် ၁၀-၅-၂၀၁၅ရက်တွင် မိုးညှင်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အောင်ဆန်း(၇)၊ တရားရေးအရာရှိ
သင်တန်းဆင်းသူငယ်ချင်းများ

**ဝမ်းနည်းကြေကွဲခြင်း**
**ရဲအုပ်စံမောင် (ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၂၅နေ ဒေါ်ငွေးငွေးရီ(အထက်တန်းရှေ့နေ)၏ခင်ပွန်း သူငယ်ချင်း ဦးစံမောင်သည် ၂၉-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း
(၉/၈၄)သင်တန်းဆင်းသူငယ်ချင်းများ

**ဝမ်းနည်းကြေကွဲခြင်း**
**နိုင်သိန်းဆွေ(ခ)ဦးစံသိန်း (မော်လမြိုင်)**
**အသက်(၇၀)**

နိုင်သိန်းဆွေ(ခ)ဦးစံသိန်း(မော်လမြိုင်) အသက်(၇၀)သည် ၂၉-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးလှငွေနှင့်ဒေါ်ဝင်းမြင့်လွင်
ရိုလုံရွှေဆိုင်
ယုဇနပလာဇာ၊ ရန်ကုန်မြို့

**အထူးဝမ်းနည်းကြေကွဲခြင်း**

အောင်ဆန်း(၁၀)မှ ဦးမိုးမြင့်ဖေ(ပ/၂၉၀၂)(ကသ-၅၈) အသက်(၆၈)နှစ်သည် ၃၀-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အောင်ဆန်း(၁၀)မှ
သူငယ်ချင်းများ

**ဦးအောင်ခိုင်**
**ဌာနခွဲမှူး(ပုံနှိပ်)၊ P.P.E**
**G.T.C ပုံနှိပ်စက်ရုံ**
**အသက်(၆၀)**

ရမည်းသင်းမြို့နေ (ဦးခိုင်)-ဒေါ်ကြည်တို့၏သား၊ ကျောက်ပြားစက်လမ်း၊ အမှတ် ၃၅၁နေ (ဆရာကြီး ဦးကျော်ခင်-ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဦးလှခိုင်-ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဝေဝေခိုင်တို့၏မောင်၊ဒေါ်သက်သက်ခိုင်၊ ဦးမိုးခိုင်-ဒေါ်လေးလေးမာတို့၏အစ်ကို၊ မောင်ဖွဲ့နောင်ကျော်(အထက-၁၊ မရမ်းကုန်း)၊ မခိုင်ဇာနည်ကျော်(အထက-၁၊ မရမ်းကုန်း)တို့၏ဖခင်၊ ဒေါ်ခင်မြင့်မြင့်ကျော်၏ခင်ပွန်းသည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့)ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဂျီတီစီပုံနှိပ်စက်ရုံ
စက်ရုံမှူးနှင့်ဝန်ထမ်းများ

**ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း)**
**ကြည်း-၂၂၃၃၃၊ စည်သူ(၈၀)**
**ဦးစီးအရာရှိ(စီမံ)(ESE)(ငြိမ်း)**
**အသက်(၅၄)နှစ်**

မွန်ပြည်နယ်၊ပေါင်မြို့နေ ဦးစိုးညွှန့်-(ဒေါ်ပိန်သေး)တို့၏သား၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးသာထွန်းအောင် - ဒေါ်မြသန္တာ)တို့၏ သားသမက်၊ နေပြည်တော်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ ဇနကလမ်း၊တိုက် ၈၂၇/၃၁နေ ဦးစည်သူစိုး-မမျိုးချစ်စုကျော်၊ ကျောက်ဖြူမြို့နေ ဦးမျိုးနိုင်အောင်ကျော်(မြို့နယ်လျှပ်စစ်ရုံး)တို့၏ဖခင်၊ ဒေါ်ခင်စန်းဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၈-၂၀၁၅ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၅ ရက်တွင် နေပြည်တော်(ခုတင်-၁၀၀၀) အအေးတိုက်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**ဦးဝင်းကျော်**
**ဥက္ကဋ္ဌ-မြန်မာနိုင်ငံငါးလုပ်ငန်း**
**အဖွဲ့ချုပ်၊ တွံတေးမြို့**
**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ရွှေစံတော်ဘုရားလမ်း၊ (ချမ်းမြေ့ရတနာ မင်္ဂလာခန်းမ)နေ (ဦးဘခွေး-ဒေါ်ငွေမြိုင်)တို့၏သား၊ (ဦးမောင်စိုး-ဒေါ်တင်မေ)တို့၏သားသမက်၊ မခင်စန်းသီ၏ဖခင်၊ဒေါ်ခင်မြ(အထက-၂၊တွံတေး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၃၁-၈-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် တွံတေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၅ရက်(သောကြာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

**နေပြည်တော်　　စက်တင်ဘာ　　၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင် အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နှင့် ၃ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယက်နမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　　စက်တင်ဘာ　　၂**

၂၀၁၅ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ နှစ် (၇၀) ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　　စက်တင်ဘာ　　၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ နှစ် (၇၀) ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲအဖြစ် မြန်မာ-နယူးဇီလန် လက်ရွေးစင်အသင်းတို့ ခြေစမ်းကစားမည်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ရန်ကုန်　　စက်တင်ဘာ　　၁**

မြန်မာနိုင်ငံရေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေး အထူးရန်ပုံငွေပွဲအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် နယူးဇီလန် လက်ရွေးစင် အမျိုးသားအသင်းတို့ လာမည့် စက်တင်ဘာ ၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းကြီး၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ နိုင်ငံကိုယ်စားပြု ချစ်ကြည်ရေးအသင်းကြီး နှစ်သင်း မယှဉ်ပြိုင်မီ မြန်မာ့လက်ရွေးစင် ဟောင်းဘောလုံးသမားများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် နာမည်ကျော် အဆိုတော်အနုပညာရှင်များ နှစ်ဖက်ခွဲကစားမည့် အထူးခြေစမ်းပွဲကိုလည်း ယင်းနေ့ ညနေ ၃ နာရီခွဲမှ ၄ နာရီ မိနစ် ၂၀အထိ ချစ်ကြည်ရေးခြေစမ်း ကစားကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်

*စာမျက်နှာ ၇ ကော်လံ ၁* ✺



မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြည်ပသို့ မထွက်ခွာမီ လေ့ကျင့်နေစဉ်။

# ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ရေးအတွက် နားလည်မှုစာချွန်လွှာ မကြာမီလက်မှတ်ထိုးမည်

**ရန်ကုန်　　စက်တင်ဘာ　　၁**

ရန်ကုန်မြို့ပတ်ရထားလိုင်း အဆင့်မြှင့်တင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ကန်ဒေါ်လာ ၂၀၇ သန်း တန်ကြေးရှိ ချေးငွေအတွက် နားလည်မှုစာချွန်လွှာတစ်ခုကို မကြာမီ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း မြန်မာ့မီးရထားဌာန၏ အကြီးတန်း အထွေထွေမန်နေဂျာ(စစ်ဆေးရေး) ဦးဘမြင့်က ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❁

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များ တိုက်ရိုက် ထုတ်လွှင့်မည်

**နေပြည်တော်　စက်တင်ဘာ　၁**

လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၅ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ် ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့သည် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ဗီယက်နမ်အသင်းနှင့် လာအိုအသင်းတို့သည် ညနေ၆ နာရီခွဲတွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ၎င်းပွဲစဉ်များကို MRTV Entertainment Channel မှ တိုက်ရိုက် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

